www.burmeseclassic.com


www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်**
၅၀၀၀၄၈၀၆၀၁
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၅၀၀၁၅၇၀၆၀၂

●

**မျက်နှာဖုံးပန်းချီ**
ရန်နိုင်ဦး

●

**အတွင်းစာစီ**
မြစ်ခွဲဇစင်းကွန်ပျူတာ

●

**ထုတ်ဝေသူ**
ဦးအေးသိန်း (အိပ်မက်နန်းစာပေ)
တိုက် ၂၅၊ အခန်း ၃၀၄၊ ၅ လမ်း(ဘီ)၊
ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။

●

**ပုံနှိပ်သူ**
ဒေါ်မြမြကြွေ(၀၃၃၇၉)၊ ပင်မြင့်မာလာပုံနှိပ်တိုက်၊
အမှတ် ၂၄၊ တာဝတိံသာလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

●

**ပုံနှိပ်ခြင်း** - ပထမအကြိမ်
**ထုတ်ဝေခြင်း** - မေ၊ ၂၀၀၆

●

**အုပ်ရေ** - ၅၀၀
**တန်ဖိုး** -

www.burmeseclassic.com

www.burmeseclassic.com

# ကိုပိုက်

## မူဆိုးတာမျှနှင့် ရှန်လီတူတ်တို့

www.burmeseclassic.com

www.burmeseclassic.com

မွေးမေ၊ မွေးဖေ၊

ဦးရသော့၊

ပြီးတော့.....

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်သည့်

ဆရာသော်တာဆွေအား

ဤစာအုပ်ဖြင့် ဂါရဝပြုပါသည်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ဗြုန်းစားကြီး ရှာချလာသောမိုးကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် အရွက်ဖားဖား အုံ့အုံ့ဆိုင်းဆိုင်း ကျွန်းပင်တို့ရှိရာ အပြေးအလွှားသွားလိုက်ကြသည်။ မုဆိုးကြီးတာပု ကျွန်တော်တို့နှင့် ပါမလာသည်ကို နောင်မှ သိရ၏။ အတော်လှမ်းလှမ်းတွင် ကျန်ခဲ့သည်ပဲ။

မိုးကြီးခြင်းသာမက လေပြင်းပါလေသည်ကြောင့် နှစ်ယောက်သား မိုးစိုရွှဲလို့နေတော့၏။ မုဆိုးကြီးတာပုကိုပင် လှမ်းမမြင်ရလောက်အောင် မိုးသည် သိပ်သည်းလွန်းလှချေ၏။

'ချမ်းလိုက်တာဗျာ'

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ကျွန်းပင်ခြေရင်းတွင် ဆောင့်ကြောင့်ထိုင်ကာ ဒူးအစုံကို လက်နှစ်ဖက်ဖြင့် ပွေ့ထားချေ၏။

'လေပြင်းတိုက်တော့ ပိုဆိုးတာပေါ့ဗျာ'

ကျွန်တော်သည်လည်း သို့နှယ်ပြောပြီး လင်းမြင့်လှိုင်



www.burmeseclassic.com

www.burmeseclassic.com


နံဘေးတွင် သူ့ကဲ့သို့ထိုင်လိုက်ရင်း မုဆိုးကြီးတာပု ရောက်လာမည့်လမ်းကို မှန်း၍ကြည့်နေလိုက်၏။ အတန်ကြာသည့်တိုင် မုဆိုးကြီးတာပု အရိပ်အယောင်ပင် မမြင်လေသည်ကြောင့်-

'တာပု ကြာလိုက်တာ၊ ဘယ်လိုဖြစ်နေပါလိမ့်' လို့ ငြီးတွားသလို ပြောလိုက်၏။

'မိုး သိပ်ကြီးတော့ တာပုလည်း တစ်နေရာ ဝင်ခိုနေမပေါ့'

လင်းမြင့်လှိုင်ပြောသလို ဖြစ်နိုင်သည်ဟုတွက်ကာ ဆိတ်ဆိတ်နေလိုက်ပြန်ငြား မိုးစဲပြီးသည့်တိုင် အတန်ကြာကြာထိ ရောက်လာခြင်း မရှိချေ။

မိုးစဲသွားလေတော့ ပိုပြီးချမ်းလာ၏။ တဆတ်ဆတ်ပင် မေးရိုက်လို့ လာချေ၏။ သို့ကြောင့် ကျွန်တော်တို့သည် ဝီစကီကို ထုတ်သောက်လိုက်ကြသည်။

သည်တော့လည်း အတန်ငယ်တော့ဖြင့် အချမ်းသက်သာသွားလေသည်။

'ဟာ... တာပု ဘယ်လိုဖြစ်တာတုန်း'

ဝီစကီတစ်ပြားကုန်သည့်တိုင် မုဆိုးကြီးတာပု ရောက်မလာခြင်းကြောင့် သို့ဆိုသလို လင်းမြင့်လှိုင်က ပြောလာတော့သည်။

'အေးဗျာ... သွားလိုက်ကြည့်ကြစို့' ဆိုလျက် ကျွန်


www.burmeseclassic.com

www.burmeseclassic.com


တော်သည် ထိုနေရာလေးမှ လာခဲ့ရာလမ်းသို့ ပြန်ထွက်သွား
လိုက်၏။

ကျွန်တော့်နောက်မှာ လင်းမြင့်လှိုင် ကပ်ပါလာလေ
သည်။

ကျွန်တော်တို့ လာလမ်းအတိုင်း ပြန်လျှောက်ခဲ့လေ
သည်မှာ မိုးစရွာသည့်နေရာ၊ သုံးယောက်အတူ လျှောက်လာခဲ့
သည့် နောက်ဆုံးနေရာသို့ ပြန်ရောက်လာသည့်တိုင် မုဆိုးကြီး
တာပုကို မတွေ့ဖြစ်ရလေခြင်းကြောင့် အံ့သြကြရလေ၏။
စိုးရိမ်မိကြတော့၏။ ထိုနေရာနှင့်ခပ်လှမ်းလှမ်းတွင် လေဒဏ်
မိုးဒဏ်ကြောင့် ပြိုလဲသွားလေသည့် သစ်ဆိမ့်ပင်ကြီးရှိရာသို့
စိုးရိမ်တကြီး ပြေးလွှားသွားလိုက်ကြ၏။

ထို သစ်ဆိမ့်ပင်ကြီးအောက် မိုးခိုရင်း သစ်ပင်ပြိုလဲ၍
ပိကျနေလေသည်လား စိုးရိမ်စိတ်အထင်ဖြင့် ပြေးကြည့်ကြခြင်း
ဖြစ်၏။

ဟူး… တော်ပါသေးရဲ့။

သို့ဆိုငြား တာပုကို အရိပ်အယောင်ပင် မမြင်မိလေ
ခြင်းကြောင့် စိုးရိမ်နေဆဲပင် ရှိကြသေးတော့၏။ သို့ကြောင့်
အနားတစ်ဝိုက် အသံပေးကြပြန်၏။

'ဝူး….'

'ဝူး….'


www.burmeseclassic.com

www.burmeseclassic.com



ရှူး....

တောသည် အောက်ပေါင်းရှုပ်ခြင်းမရှိဆိုဗြား ခပ်စိပ်စိပ်ပေါက်လျက်ရှိသော သစ်ပင်ကြီးအတော်များများတွင် တွဲလွဲကျနေသော အမျိုးအမည်မသိ နွယ်ပင်နှင့် ယမထာကြိမ်ပင်တို့ကြောင့် ပျောက်ဆုံးနေသော တာပုကို မတွေ့သည့်အပြင် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည်ပင် လူချင်းကွဲရချေတော့သည်။

ဒုက္ခပါပဲ၊ ယခုလာခဲ့ကြသော ကန့်ကျုံနီချောင်းဖျားကို ကျွန်တော် ရောက်ဖူးခြင်း အလျဉ်းမရှိဟုပင် ပြောရလောက်ပင်ဖြစ်သည်ကြောင့် ရှေ့ဆက် သွားရလေမလား၊ တာပုနှင့် လင်းမြင့်လှိုင်ကိုပင် လှည့်ပတ်အော်ဟာစ်ရှာရလေမလား မဆုံးဖြတ်တတ်တော့ပြီ ဖြစ်၏။

တစ်ကိုယ်လုံးလည်း မိုးစိုစိုရွှဲနေလေခြင်းကြောင့် ခိုက်ခိုက်တုန်လှုပင် လာချေတော့၏။ အချမ်းပြေ ဝီစကီသည်ပင် ကျွန်တော့်တွင် မရှိချေ။ ထင်းခြောက်များကို စုဆောင်းမီးဖိုလျှင်လည်း မဖြစ်နိုင်ချေ။ ထင်းခြောက်များသည်ပင် မိုးရွှဲရွှဲ စိုနေလေခြင်းကြောင့် မီးစွဲလိမ့်မည် မဟုတ်။ ပို၍ဆိုးသည်ကား တိရစ္ဆာန်သွားလမ်းပင် မရှိခြင်းပင် ဖြစ်၏။ သည့်ပြင် သစ်ပင်တို့၏သဏ္ဌာန်သည် ခပ်ဆင်ဆင်တူနေကြပြန်၏။

အမှတ်တမဲ့လျှောက်ရင်း လူပျောက်ရှာရင်းတောတိုး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်မှာ ဘယ်ရောက်လို့ ရောက်မှန်းပင် မသိတော့ချေ။

'ဝူး....'

'ဝူး....'

နောက်ဆုံး ကြိုးစားကြည့်သည့်အနေဖြင့် အချက်ပေး ကြည့်လိုက်ပြန်၏။ အချည်းနှီးပင်။ လင်းမြင့်လှိုင်ကော တာပု ပါ ပျောက်နေကြချေသည်။ သူတို့နှစ်ယောက်ကော ဆုံနေကြ လေပြီလား၊ တစ်ယောက်တစ်နေရာဆီများ ရှိနေကြသည်လား။

'ဟူး...'

ကျွန်တော် သက်ပြင်းတစ်ချက် ချလိုက်လေပြီး ဖြစ် ချင်တာဖြစ်၊ ရောက်လိုရာရောက်ဆိုပြီး ရှေ့ဆက် လျှောက်သွား လိုက်တော့၏။

သို့ လျှောက်ခဲ့ရာမှ ရှေ့ခပ်လှမ်းလှမ်း နေရာလောက် ဆီမှ လူရိပ်တစ်ခုကို တွေ့လိုက်တော့၏။

သစ်ပင်ကြီးတို့ပေါ်မှ တွဲလောင်းကျ နွယ်ပင်တို့ နောက်ကွယ်ကြားတွင် ပျောက်ကွယ်သွားပြန်သဖြင့် ထိုနေရာ သို့ အပြေးကလေးသွားလိုက်တော့၏။

'ဟင်'

ရိပ်ခနဲမြင်လိုက်ရသည့်သဏ္ဌာန်မှာ လူတစ်ယောက် မဟုတ်ချေ။ ဝံကောင်ဖြစ်သည်။ အလွန်ပါးနပ်သော ဝံကောင် ဖြစ်ချေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ခြေအစုံရပ်၍ လူတစ်ယောက်ကဲ့သို့ ဂဟားတား ကားတားသွားနေခြင်း ဖြစ်၏။ သို့ကြောင့်-

'ဒိန်း...'

လက်တွင်းရှိသေနတ်ဖြင့် လှမ်းပစ်လိုက်တော့၏။

ဝံကောင်သည် စားမကောင်းဆိုပေမင့် ရှေ့ ကျွန်တော်ဘယ်သို့ စခန်းသွားရမည် မသိနိုင်ခြင်းကြောင့် သားကောင်ကိုတွေ့တုန်းတွေ့ခိုက် ပစ်ထားလိုက်ခြင်း ဖြစ်သည်။ ဝံကောင်သည် ရှေ့သို့ ဟပ်ထိုးမှောက်ခုန် လဲကျသွား၏။

ကျွန်တော်သည် ဝံကောင်လဲကျရာသို့ အေးအေးလူလူပင် လျှောက်သွားလိုက်တော့သည်။

ကျွန်တော့်ခန္ဓာထက်ကြီးသော ဝံကောင်ကို တရွတ်တိုက် ဆွဲလာခဲ့တော့၏။ ကံကောင်းသည်မှာ မြေပြင်သည် အဖုအထစ် ချိုင့်ကမူတို့ မရှိခြင်းပင်။ သို့ပေမင့် အတော်လှမ်းလှမ်းခရီးတိုင် ဆွဲလာရလေခြင်းကြောင့် လက်အံ့ပင် သေလာရတော့၏။

သို့ဖြင့် အကိုင်းအခက်အလက်တို့ ပေါပေါများများဖြာထွက်နေသည့် ပျဉ်းမရွက်ကြီးပင်တစ်ပင်အောက်တွင် ခြေပစ်လက်ပစ် ထိုင်ချ နားလိုက်ရတော့၏။

သို့ ထိုင်ချရင်း ပတ်ဝန်းကျင်တစ်ဝိုက် ဝေ့ကြည့်လိုက်၏။ ခပ်လှမ်းလှမ်းတွင် သစ်တုံးခြောက် (ပုတ်သတ်ပင်)

www.burmeseclassic.com



တစ်ပင် တွေ့လိုက်သည်ကြောင့် ဝမ်းသာမိတော့၏။ သို့ကြောင့် ဤနေရာမှာပင် စခန်းချရန် ဆုံးဖြတ်လိုက်တော့သည်။ ထင်းမီးဖိုရန် အရုံသင့် ထင်းခြောက်တုံး ရှိနေလေသည်ပဲ။ ပြီးတော့ ကျွန်တော် ထိုင်နားနေသည့် ပျဉ်းမရွက်ကြီးပင်ပေါ် ညတက်အိပ်ရန် ဆုံးဖြတ်လိုက်တော့၏။

သို့ဖြင့် ကျွန်တော်သည် ပူပင်သောကကင်းအောင်နှင့် အညောင်းအညာပြေရန်အလို့ငှာ သစ်ပင်ကို ကျောမှီ၍ မျက်လုံးအစုံမှိတ် မှိန်းနေလိုက်တော့၏။ အချိန်အနည်းငယ်မျှ သို့ နားနေလိုက်ပါလျှင် အဆင်ပြေလောက်သည်ဟု တွက်ဆမိခြင်းကြောင့် ဖြစ်၏။ သို့နားလိုက်ရ၍ အားအင်ပြည့်၊ ပူပန်မှုမရှိဖြစ်လာလေမှ ဝံကောင်ကို အသားဖျက်၊ ထင်းမီးဖိုလေမည်ပေါ့။

သို့ပေမင့် ကျွန်တော်သည် ရမ်းစင်းနေရာမှ လုံးလုံးလျားလျားကြီး အိပ်ပျော်သွားရတော့သည်။

မည်မျှကြာကြာ အိပ်ပျော်သွားလေသည် မသိ။ တစ်စုံတစ်ဦး၏ ပုတ်ခတ်လှုပ်နှိုးမှုကြောင့် လန့်နိုးလာရတော့၏။

"ဟင်..."

မြင်လိုက်ရသောလူတစ်ယောက်ကြောင့် လန့်ဖျပ်သွားမိလေတော့၏။

ဖြူဖတ်ဖြူရော် အသားရောင်ကြောင့် ဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ပြာနှမ်းနှမ်း နှုတ်ခမ်းကြောင့်လည်း မဟုတ်။

သူ့လက်တွင်း ဆုပ်ကိုင်ထားသည့် နဂါးခေါင်းပုံ ယမထောကြိမ်တုတ်ကြီးကြောင့်လည်း မဟုတ်။ ညှင်းသိုးသိုး စုတ်ဖွာဖွာဆံပင်ကြောင့်လည်း မဟုတ်။

သူ့မျက်နှာသည် လင်းခြင့်လှိုင်နှင့် တစ်ပုံစံတည်း၊ တစ်ထပ်တည်း ဖြစ်နေခြင်းကြောင့်သာမက သူ့နောက်ကွယ်တွင် ရပ်နေသည့် ပုပု ဂင်တိုတို၊ မျက်ခုံးကောင်းကောင်း၊ မျက်လုံးပြူးပြူး၊ နားကုတ်ကုတ်နှင့် လူသည်လည်း မုဆိုးကြီးစောတာပုနှင့် ချွတ်စွပ်တူနေခြင်းကြောင့် ဖြစ်ပေတော့သည်။

'ခင်ဗျား မုဆိုးလား'

'သည်ကောင်ကြီးကို ခင်ဗျားပစ်တာလား'

ဝံကောင်သေကို လှမ်းကြည့် မေးလာ၏။

'ဟုတ်တယ်'

သို့သာ ကျွန်တော်ပြောပြီး ထိုင်ရာမှထလိုက်၏။

အတော်နှင့် ထမရသဖြင့် သူတို့က လက်ကမ်း ဆွဲထူပေးချေ၏။

'ဟာ...'

သည်တစ်ကြိမ် ထိတ်လန့်ကြီးစွာနှင့် ကြက်သီးများပင် ထသွားမိတော့၏။ သူတို့လက်သည် ပူနေကြပါလား။ အသားအရေနှင့် မလိုက်ဖက်လေခြင်း။ ကျွန်တော်သည် သူတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ကို စကားမဆိုမိ မှင်တက်မိစွာ ကြည့်နေခြင်းသာ ရှိ၏။

'ကျုပ်တို့နဲ့ လိုက်ခဲ့ချေ'

သို့သာပြောပြီး လင်းမြင့်လှိုင်မျက်နှာနှင့်လူသည် သူ့သက်တွင်းရှိ ယမထာကြိမ်တုတ်ဖြင့် ကျွန်ပော့ပေါင်လယ်ကို လှမ်းရိုက်လိုက်ပြီး သူ့နောက်တွင်ရပ်နေသည့် စောတာပုမျက်နှာနှင့်လူကို မျက်ရိပ်မျက်ခြည် ပြလိုက်လေပြီး ချာခနဲ လှည့် ထွက်သွားတော့၏။

ကျွန်တော်သည်လည်း ဆေးတို့ခံရသူလို သူ့နောက် လိုက်သွားမိတော့၏။ သို့ပေမင့် ကျွန်တော်ပစ်ထားသော ဝံကောင်အသေကို လှည့်ကြည့်မိသေးတော့၏။ စောတာပုနှင့်တူသောလူသည် ဝံကောင်ကြီးကို သူ့ပခုံးထက်တွင် ထမ်းကာ ကျွန်တော့်နောက်မှ လိုက်ခဲ့ချေတော့၏။

'ဘယ်ထိ လိုက်ရမှာတုန်း'

သို့ဆိုသလိုတော့ဖြင့် မေးလိုက်မိသည်။

'ရွာကိုပေါ့'

'ဟင်... အဝေးကြီးနေမှာပေါ့'

ကျွန်တော် သိရသလောက် ဤနေရာတစ်ဝိုက်နှင့် အနီးဆုံးရွာသည် မီးတွင်းကုန်းရွာပဲ ရှိချေ၏။ သို့တော့မှ သုံးမိုင်ထက် လျော့လိမ့်မည်မဟုတ်ချေ။ သည့်အပြင် အခြားရွာ



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်ဟုလည်း မသိခဲ့။

'ဘာဝေးမှတ်လို့ကွာ'

သို့သာပြောပြီး လင်းမြင့်လှိုင်မျက်နှာနှင့် လူသည် ရှေ့က ခပ်သွက်သွက် သွားနေလေသဖြင့် ကျွန်တော်သည်လည်း ခပ်သုတ်သုတ် လျှောက်နေရတော့၏။

အလေးအပင်ထမ်းရင်း လိုက်လာရသည့် စောတာပု မျက်နှာနှင့်လူကို လှည့်ငေးမိလေတိုင်း ကျွန်တော် ထင်ထားသလို ကျွန်တော်တို့နောက် ခပ်ဝေးဝေးလောက်တွင် ပြတ်ကျန်ခဲ့ခြင်း အလျဉ်းမရှိ။ ကျွန်တော်နောက်မှ ထပ်ကြပ်မကွာ ပါလာခြင်းသည် အံ့သြဖွယ်ပင် ကောင်းသေးတော့၏။

'ဟိုရှေ့က ငါတို့ရွာပဲပေါ့'

ဟင်… ကျွန်တော် မမြင်ပါကလား။ ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ချုံနွယ်တို့သာ မြင်ရချေ၏။

'ကျွန်တော်တော့ မမြင်ဘူးဗျ'

သို့ ကျွန်တော်က ပြောလိုက်သည်တွင် ထိုလူသည် ခြေလှမ်းကို တုံ့ခနဲရပ်လိုက်ပြီး ကျွန်တော့်ဘက် လှည့်ကြည့်လာတော့၏။

ကျွန်တော့်ကို တအံ့တသြ ကြည့်နေလေပြီး-

'ခင်ဗျား အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ မျက်စိမှုန်နေပြီလား'



www.burmeseclassic.com

www.burmeseclassic.com



မေးလာချေတော့၏။

'တစ်ခုခုတော့ မှားနေပြီထင်တယ်ဗျ၊ ကျွန်တော် အဲဒီ လောက်ကြီး မျက်စိမမွဲသေးပါဘူးဗျာ'

သို့ ကျွန်တော်က ပြောလိုက်၏။

သည်တော့မှ သူသည် ကျွန်တော့်ကိုကြည့်ပြီး ဘာကို သဘောကျသွားလေသည် မသိ၊ ပြုံးပြလာလေပြီး-

'ဩော်… ဟုတ်ပါရဲ့၊ ခင်ဗျားက မရောက်ဖူးတော့ ဘယ်သိပါ့မလဲ၊ ရွာအိမ်တွေက အဲဒီရှေ့က ချုံနွယ်ပင်တွေ နောက်မှာပဲဗျ၊ သည်ချုံနွယ်ပင်တွေက ရွာခြံစည်းရိုးလို ဖြစ်နေ တာကိုး၊ ဟဲ… ဟဲ.. ဟဲ.. ဟဲ..'

သို့နှယ်ပြောပြီး လင်းမြင့်လှိုင်မျက်နှာနှင့်လူသည် ကျွန်တော့်ပေါင်ရင်းကို လက်တွင်းရှိ ယမထာကြိမ်ဖြင့် လှမ်း ရိုက်လေပြီး ချာခနဲလှည့်ထွက်သွားပြန်တော့၏။

သို့ကြောင့် ကျွန်တော်သည်လည်း ထိုသူ့နောက် လိုက် သွားရပြန်တော့၏။ သူပြောသလိုပင် ချုံနွယ်ပင်တို့ကို ကျော် လာသည်တွင် လူနေတဲလေးများကို တွေ့ရလေတော့၏။

တဲအိမ်တို့ရှေ့တွင် 'ဘူးစင်'ထိုးထားသကဲ့သို့ 'ဝါး စင်' လေးများကို တွေ့ရ၏။

အလိုလေးဗျာ၊ အံ့ဖွယ်ပါကလား။ ထိုဝါးစင်တို့တွင် ငါးခြောက်များ လှမ်းထားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အချို့သည် မခြောက်သေး၊ အစိုကြီးများ ရှိသေး၍ ယင်မည်းများ အုံခဲ၍ရှိနေချေ၏။

ရွှံ့စရာပင် ကောင်းသေးတော့၏။

'အဲဒါ 'ယင်မည်း'တွေ မဟုတ်ဘူးဗျ၊ ပျားကြီးတွေ'

'ဗျာ'

'ကြဲကြဲဖန်ဖန်၊ ငါးပုပ်ကို ပျားစွဲရတယ်လို့'

တောကြီးမျက်မည်းမှာ ဘယ်လိုကြောင့် အသား ခြောက် မရှိဘဲ ငါးခြောက်တွေ ရှိရတယ်၊ လှမ်းရတယ်လို့ဗျာ'

'တောထဲမှာ ငါး မရှိရတော့ဘူးလားဗျ'

ကျွန်တော့်နောက်တွင် ကပ်ပါလာသည့် စောတာပု မျက်နှာနှင့်လူက ပြောလာ၏။

'အဲလိုသဘောလည်း မဟုတ်ဘူးလေဗျာ၊ ခုဟာက တံငါရွာလေးကို ရောက်နေသလိုပဲ'

'ဟောဟိုက ရေတံခွန်ကြီးအောက်မယ် အိုင်ကြီးကြီး ရှိတယ်၊ အဲဒီမှာရှိတဲ့ ငါးတွေက ကျုပ်တို့ရွာအတွက် တစ် သက်စားမကုန် လှောင်ထားတဲ့ ငါးကန်ကြီးပဲ'

သို့ဆိုသလို လင်းမြင့်လှိုင်မျက်နှာနှင့်လူက မဲ့ပြုံး ပြုံး ကာ ပြောလာပြန်၏။

'သြော်...'

သို့သာ ကျွန်တော် ဆိုမိ၏။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ… လာဗျာ၊ ဒါ ကျုပ်တို့နေတဲ့ ရွာပဲ'

သူ့ထဲတွင်လည်း ငါးခြောက်လှမ်းစင် ရှိချေ၏။ တဲတိုင်းရှိနေခြင်းကြောင့် အံ့သြစရာတော့ ကောင်းသေးတော့၏။

'ဘာလဲ… တဲတိုင်းဈေးက ငါးခြောက်ပဲ လှမ်းနေကြတာလား'

ကျွန်တော်က သရော်တော်တော်လေသံဖြင့် မေးလိုက်ရာ-

'ဟုတ်တယ်လို့ပဲ ပြောရမှာပေါ့၊ ငါးက ဖမ်းရဆီးရလွယ်တယ်လေ၊ သားကောင်တွေကျလည်း ဖမ်းရဆီးရမလွယ်တဲ့အပြင် ခြေလေးချောင်းသတ္တဝါတွေ ဖြစ်နေတော့ကာ ပက်ပက်စက်စက် မစားကြဘူးလေ၊ ရံခါဆိုသလောက် စားကြရုံပါ'

'ထူးဆန်းတယ်'

သို့သာပြောပြီး ကျွန်တော်သည် တဲဝါးကြမ်းခင်းပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့၏။

'သည်ရွာ ဘယ်တုန်းက စတည်တာလဲ၊ ဘာရွာလို့ခေါ်လဲ'

ကျွန်တော့်အမေးကို မဖြေလေဘဲ လင်းမြင့်လှိုင်မျက်နှာနှင့်လူက တာပုမျက်နှာနှင့်လူကို လှမ်းကြည့်လိုက်ပြီး-



www.burmeseclassic.com

www.burmeseclassic.com



'မင်း တာဝန်ယူဖျက်ချေ၊ ပြီးတော့ အားလုံးကိုလိုက်ဝေပေး'

သို့ ပြောလိုက်သည့်သူကို ကျွန်တော် အံ့သြစွာ ကြည့်နေမိ၏။

ကျွန်တော်ပစ်ရသည့် ဝံကောင်ကို သူပစ်ရလေသည့်နှယ် စီမံခန့်ခွဲနေပါကလား။ အတော် ပိုင်စိုးပိုင်နင်း နိုင်လှသည်ပဲ။

'သည်ရွာမှာက အချိုးကျ၊ ဝေပုံကျစနစ်ပေပဲဗျ'

သို့နှယ်ပြောပြီး တစ်ဆက်တည်းဆိုသလိုပင်-

'ပျားစွဲရွာတည်တာ ကျုပ်တစ်သက်ရှိပြီ' လို့ ကျွန်တော့်အမေးကို ပြောလာချေတော့၏။

'ခင်ဗျားတစ်သက်ဆိုတော့ နှစ်ခြောက်ဆယ်လောက်တော့ ရှိကောပေါ့'

သို့ဆိုသလို ကျွန်တော်က သူ့အသက်ကို မှန်းဆပြောလိုက်၏။

သည်တွင် သူသည် ခွက်ထိုးခွက်လှန် ရယ်လိုက်ချေပြီး-

'တစ်ရာ့နှစ်ဆယ်'

'ဗျာ'

ဘာလဲ၊ မယုံဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဘာပြောရမည် မသိ။ သူ့ကိုသာ တွေတွေကြီး ကြည့်နေမိတော့၏။ သည်တော့ သူကပင် ဆက်၍-

'ကျုပ်ငယ်ငယ်က သိပ်ချူချာတာဆိုပဲဗျ၊ သည်တော့ ကျုပ်အဖေနဲ့အမေက သည်ရွာဦးစေတီမယ် နေ့စဉ်နဲ့အမျှ ဆုတောင်းကြတယ်ဆိုပဲ၊ ဘာတဲ့၊ နှစ်တစ်ရာနှစ်ဆယ်တိုင် သက်ရှည်ကျန်းမာပါစေလို့ပေါ့ဗျာ၊ ဆုတောင်းပြည့်သလား မမေးနဲ့ဗျာ၊ ခု ကျုပ် သက်တမ်း ၁၂၀ ရှိပြီလေ၊ မယုံမရှိနဲ့နော်၊ ပြီးမှ ခင်ဗျားကို ဆုတောင်းပြည့်စေတီ လိုက်ပို့ရချေဦးမယ်' လို့ ပြောလာချေတော့၏။

'မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး'

'လောကကြီးမှာ မဖြစ်နိုင်ဘူးဆိုတာ မရှိပါဘူးဗျာ၊ မဖြစ်သေးလို့သာပဲ ရှိရမယ်၊ ကဲပါလေ၊ ခင်ဗျား နားနေပါဦး၊ ကျုပ်လုပ်စရာလေးတွေ လုပ်ရပေဦးမယ်'

သို့ဆိုလျက် လင်းမြင့်လှိုင်မျက်နှာနှင့်လူသည် တဲမှ ထွက်သွားလေတော့၏။

ကျွန်တော်သည်လည်း ပင်ပန်းနေပြီဖြစ်သည်ကြောင့် တဲကြမ်းခင်းပေါ် လှဲချလိုက်တော့သည်။

'သူပြောတာ ဟုတ်နိုင်ပါ့မလား'လို့ တွေးရင်း အိပ်ပျော်သွားတော့၏။

မည်မျှကြာကြာ အိပ်ပျော်သွားလေသည် မသိ၊



www.burmeseclassic.com

www.burmeseclassic.com


'ကိုပိုက်··'

'ကိုပိုက်···'

'ကိုပိုက်···'

သို့နှယ် အသံသဲ့သဲ့ကြောင့် အိပ်ရာမှနိုးလာရ၏။

'ဘာကိစ္စလဲဗျာ၊ အိပ်ရေးဝဝ အိပ်ပါရစေဦး'

ကျွန်တော့်မျက်စိများ လေးလံနေဆဲဖြစ်၏။ အိပ်ရေးမဝသေးချေ။ သို့ကြောင့် လင်းမြင့်လှိုင်မျက်နှာနှင့် လူကို မကျေမနပ် ပြောလိုက်ရင်း လူးလွန့်ထလိုက်သည်။

'ကျွန်တော်တို့မှာ စိတ်ပူလိုက်ရတာဗျာ၊ ကိုပိုက်က သည်မယ် အေးအေးလူလူ အိပ်နေတာကိုး၊ ထ··· ထ··· သည်အချိန် အိပ်လို့မကောင်းပါဘူး'

'ဟင်··· ကိုလင်း··· ဟုတ်ပါတယ်နော်'

'ဟုတ်ပါတယ် ကိုပိုက်ရယ်၊ ရော့··· ဒီမယ် ဒါလေး သောက်လိုက်ချေဦး'

လင်းမြင့်လှိုင်ပါကလား။ သို့ဆိုလျှင်ဖြင့် ကျွန်တော် အိပ်မက်နေတာပါကလား။

ကျွန်တော်သည် မျက်လုံးအစုံကို လက်ဖမိုးဖြင့် ပွတ်သပ်လိုက်၏။ အမြင်ကြည်လာချေပြီ။

လင်းမြင့်လှိုင်ပင် မဟုတ်။ သူ့နောက်နားတွင်တော့ တာပုလည်း ပါသေးတော့၏။


www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လို… ဘယ်လို… ဒီရောက်လာကြတာလဲ'

ကျွန်တော် သတိရလိုက်ချေပြီ ဖြစ်၏။ သို့ကြောင့်လည်း ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြန်သည်။

ဝံကောင်သေကြီးလည်း ရှိနေချေ၏။

သို့ကြောင့် ကျွန်တော်သည် အိပ်မက်အကြောင်းကို ပြောပြလိုက်သည်တွင် လင်းမြင့်လှိုင်က ပြုံးစေ့စေ့ဖြင့်ကြည့်ကာ နေလေပြီး-

'ကျွန်တော့်မျက်နှာ၊ စောတာပုမျက်နှာနဲ့လူ ဘယ်လိုဗျ၊ ကိုပိုက်အိပ်မက်ကလည်း ဟင်း… ဟင်း… စိတ်စွဲလမ်းသွားတာဖြစ်မှာပါ၊ ကဲ… လာပါဗျာ၊ ဟိုရှေ့နားလေးမယ် ဝါးတဲဟောင်းတစ်လုံး ရှိတယ်၊ ခု အချိန်မရှိတော့ဘူး၊ အဲဒီဝါးတဲမယ် စခန်းချ ညအိပ်ကြတော့ပေါ့၊ ကိုပိုက် ပစ်ထားတဲ့ ဝံကောင်ကိုပဲ ညစာ သတ်မှတ်လိုက်တာပေါ့'

သို့ဖြင့် ကျွန်တော်တို့သည် ထိုဝါးတဲဟောင်းလေး ရှိရာသို့ သွားလိုက်ကာ အနည်းငယ်မျှ ပြုပြင်လိုက်ကြသည်။

ကျွန်တော်နှင့် လင်းမြင့်လှိုင်က ဝါးတဲကို ပြုပြင်နေစဉ် စောတာပုသည် ဝံကောင် အသားဖျက်နေလေတော့၏။

ကျွန်တော်တို့နှစ်ယောက် ဝါးတဲကိုပြုပြင်ပြီး၍ သစ်တုံးခြောက်များကို စုဆောင်း မီးဖိုလိုက်ပြီးချိန်တွင် စောတာပုသည်လည်း ဝံကောင်ကို အသားဖျက်ပြီးဖြစ်နေလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com


'နို… နေပါဦး၊ စောတာပုနဲ့ ဘယ်လိုပြန်ဆုံကြတာ တုန်း'

နားနေ ဝီစကီသောက်နေစဉ် ကျွန်တော်က မေးလိုက်၏။

'တာပုလေ… ချော်လဲပြီး တောင်ကြောအောက် လိမ့်ကျသွားတာ မြောင်ထဲလည်းရောက်ကော ခေါင်းနဲ့ ကျောက်တုံးရိုက်မိပြီး မေ့နေတာလေ၊ ကံကောင်းလို့ပေါ့ဗျာ၊ ကျွန်တော်နဲ့ တွေ့လိုက်လို့၊ ဟော… သူနဲ့ ပြန်တွေ့ပြန်တော့ ကိုပိုက်နဲ့ ကွဲသွားရပြန်တယ်၊ နှစ်ယောက်သား ကိုပိုက်ကို လိုက်ရှာကြပြန်တယ်၊ ဘယ်လိုမှ ရှာမရ၊ အော်မရတာနဲ့ လက်လျှော့လိုက်ကြပြီး တစ်နေရာမယ် စခန်းချမယ် စီစဉ်နေတုန်း သေနတ်သံကြားတာနဲ့ ကိုပိုက်ပဲဖြစ်မယ်ဆိုပြီး သေနတ်သံကြားလိုက်တဲ့ သည်တောင်ကြောဘက် လာကြတာပေါ့၊ တောင်စောင့်နတ်မင်းကြီး မတာပဲဗျာ၊ သည်ရောက်တော့ ကိုပိုက်က သစ်ပင်ကျောမှီပြီး အိပ်နေတာကို'

'ဝံကောင်အသားတောင် မစားချင်တော့ဘူးဗျာ'

'ဘာလို့တုန်း ကိုပိုက်ရဲ့၊ ကျွန်တော်တို့လည်း ဘာသားကောင်မှ ရမလာတာဗျာ'

'ဩော်… ဒီဝံက ကျွန်တော့်ရဲ့ ကျေးဇူးရှင်လေ၊ သူ့ကို သေစေအောင်ပစ်လိုက်တဲ့ သေနတ်သံက ကိုအောင်းတို့ကို


www.burmeseclassic.com

www.burmeseclassic.com



အချက်ပေးခေါ်သလို ဖြစ်သွားတာကိုး'

'ဪ... ဘာများလဲလို့၊ ကဲပါဗျာ၊ သည်မယ် ဒီတစ်ည စခန်းချအိပ်ကြပြီး နက်ဖြန် ခရီးဆက်ကြတာပေါ့'

လင်းမြင့်လှိုင် ပြောသလိုပင် စားသောက်ပြီး စောစောအိပ်ရာထဲ ဝင်လိုက်ကြ၏။ ပင်ပန်းနွမ်းနယ်သော်လည်း စိတ်လက်ချမ်းသာ အိပ်လိုက်ရခြင်းကြောင့် ဝါးကြမ်းခင်းပေါ် ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားတော့၏။

သို့ပေမင့် ချိုးချိုးချွတ်ချွတ်အသံကြောင့် အိပ်ရာမှ နိုးလာရ၏။ သို့ကြောင့် အသံလာရာခေါင်းရင်းဘက်သို့ လဲလျောင်းလျက်မှ ခေါင်းထောင်ကြည့်လိုက်၏။

ဟင်... လင်းမြင့်လှိုင်ပါလား၊ ထင်းမီးထိုးရန် ထင်းခြောက်တုံးများ လိုက်ရှာနေခြင်းဖြစ်မည်။ သို့ကြောင့် ဝါးကြမ်းခင်းပေါ်သို့ ခေါင်းကို ပြန်ချအိပ်လိုက်ပြန်သည်။

ချိုးချိုးချွတ်ချွတ်အသံကြားနေရသည့် ကြားမှ ပြန်အိပ်ပျော်သွားသည်။ သည်တစ်ခါတော့ဖြင့် လှုပ်ခါနှိုးခံရခြင်းကြောင့် နိုးလာရပြန်၏။ မိုးတောင်စင်စင်လင်းနေချေပြီ ဖြစ်သည်။

'ကျွန်တော်လည်း ညက ခေါင်းချလိုက်တာနဲ့ တောက်လျှောက်အိပ်ပျော်သွားတယ်ဗျာ၊ တာပုနှိုးမှ နိုးတော့တယ်၊ ကိုပိုက်လည်း ကျွန်တော့်လိုပဲထင်တယ်၊ ပင်ပန်းအော



www.burmeseclassic.com

www.burmeseclassic.com


ရယ်၊ စခန်းသာတာရယ် အရက်အရှိန်လေးရယ်ကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားကြတာ ဖြစ်မယ်'

သို့ ပြောလာသည့် လင်းမြင့်လှိုင် စေ့စေ့ကြည့်လိုက်သည်။ လင်းမြင့်လှိုင်က စေ့စေ့ပြန်ကြည့်လာ၏။

ကျွန်တော် ပြုံးလိုက်သည်။

'ဘာ ပြုံးတာလဲ'

ဝေခွဲမရဟန်ဖြင့် လင်းမြင့်လှိုင်က မေးလာတော့၏။

'ညက ကိုလင်း အတော်မူးနေပုံရတယ်၊ တစ်ရေးနိုး ထင်းခြောက်တုံးတွေလိုက်ရှာပြီး ထင်းမီးထိုးသေးတယ်မဟုတ်လား'

သို့ ကျွန်တော့်အမေးကြောင့် လင်းမြင့်လှိုင်သည် တအံ့တဩ ကြည့်လာလေပြီး-

'ကြံကြီးစည်ရာ ကိုပိုက်ရယ်၊ ကိုပိုက် အလျှော် ကျွန်တော် အိပ်ပျော်သွားတာ တာပုန်းမှ နိုးလာရတာပါ'

သို့ဆိုပါလျှင် ချီးချီးချွတ်ချွတ်အသံကြောင့် ကျွန်တော် ခေါင်းငုံ့ကြည့်လိုက်သည်တွင် တွေ့လိုက်ရသူက ဘယ်သူလဲ၊ ကျွန်တော် မြင်လိုက်သည်က လင်းမြင့်လှိုင်ပေမွဲ။ ခု လင်းမြင့် လှိုင် တစ်ညလုံး အိပ်ပျော်နေတာပါဟု ပြောလာချေသည်။ သူ မဟုတ်ပါဟု ပြောလာခြင်းပေါ့။ သို့ဆိုပါလျှင် လင်းမြင့် လှိုင်တို့နှင့် မဆုံခင်က ပျဉ်းမပင်အောက်တွင် အိပ်ပျော်သွား


www.burmeseclassic.com

www.burmeseclassic.com



ခဉ် အိပ်မက်တွင် ဆုံလိုက်ရသည့် လင်းမြင့်လှိုင်မျက်နှာနှင့် လူလေများလား။ ကျွန်တော်သည် အိပ်မက် မက်ပြန်ပြီပေါ့။ ထူးဆန်းနေသလိုပါပဲကလား။

'ကဲပါ… ကိုပိုက်ရယ်၊ မျက်နှာသစ်ချေ၊ ဝံသားလေး မြည်းပြီး မောနင်းပက်လေးပေါ့၊ တာပုတော့ အပြင်ထွက်သွား လေရဲ့'

သို့ဖြင့် ကျွန်တော်တို့သည် မီးပုံနံဘေးမှာပင် စကား ပြောရင်း သောက်စားရင်း မှဆိုးကြီးတာပု ပြန်အလာကို စောင့် နေကြတော့၏။

'တာပု ဘယ်သွားတာတုန်း'

အတော်နှင့် ပြန်ရောက်မလာသေးသဖြင့် ကျွန်တော်က မေးလိုက်သည်။

'သိပေဘူးဗျ၊ ဘာမှ ပြောမသွားဘူး'

သို့ရှိစဉ်-

'ဒိန်း…'

'ဒိန်း…'

'ဒိန်း…'

သေနတ်သံသုံးချက် ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကြားလိုက်ရ၏။ အတော်လှမ်းလှမ်းမှ ဖြစ်ချေ၏။

'သေနတ်သံသုံးချက် ဆက်တိုက်ဆိုတော့ ဦးစား



www.burmeseclassic.com

www.burmeseclassic.com



စရာပေပဲ ကိုပိုက်ရဲ့'

လင်းမြင့်လှိုင်က သေနတ်သံလာရာဆီသို့ လှမ်းငေးကြည့် ပြောလာသည်။

'အေးဗျာ… တာပု တစ်စုံတစ်ရာ အန္တရာယ်နဲ့ကြုံလို့များလား မသိ'

'လိုက်သွားကြမယ်ဗျာ'

'ခဏတော့ စောင့်ကြည့်ဦးမယ်'

သို့ဖြင့် နေရာမှာပင် ဆက်ထိုင်ရင်း သေနတ်သံလာရာဘက်ဆီ ငေးမောကြည့်နေလိုက်ကြတော့၏။

'ဟာ… ဟိုမယ် တာပု မဟုတ်လား'

ရှေ့တောင်ကြောပေါ်မှ ဝါးနက်တောကို တိုးဝှေ့ပြေးဆင်းလာသော တာပုကို မြင်လိုက်ရသည်ကြောင့် သူ့တွင် အန္တရာယ်ကြုံလာပြီကို သိလိုက်ရသဖြင့် ကပျာကသီ နေရာမှ ထလိုက်ကြ၍ သေနတ်ကိုယ်စီကို အရံသင့်ပစ်ခတ်နိုင်ရန် ကိုင်တွယ်ထားပြီ ဖြစ်တော့၏။

'တာပု ဘာဖြစ်လာတာတုန်း'

ကျွန်တော်တို့နား အမောတကော ရောက်လာသော တာပုကို မေးလိုက်သည်။ တောဆင်အုပ်နဲ့တွေ့လို့ ခြောက်လှန့်ပစ်ပြီး ပြေးလာခဲ့တာ။

'ဟင်…'



www.burmeseclassic.com

www.burmeseclassic.com



တောဆင်အုပ် ဆိုပါကလား။ သို့ဆိုလျှင်ဖြင့် မလွယ်သည့်ကိစ္စပါကလား။

'တာပုနောက် လိုက်လာသလား'

'ဟိုးရှေ့တောင်အခြေက ဝါးတောထဲမှာ တွေ့တာလေ၊ ပက်ပင်းတိုးတာပေါ့၊ နို့ကြောင့် ကြောက်လန့်တကြားဖြစ်ပြီး ခြောက်လှန့်ပစ်ပြေးခဲ့တာပဲကွ'

'နို့ဖြင့်လည်း ကျွန်တော်တို့ ဒီနေရာက သွားကြမှထင်တယ်'

သို့ လင်းမြင့်လှိုင် ပြောလာသဖြင့်-

'တာပု... ဘာမှမစားရသေးဘူး ထင်တယ်၊ စားပါဦးလား'လို့ ကျွန်တော်ကပြောပြီး တာပုပြေးလာရာ လမ်းကြောကို လှမ်းကဲ့ကြည့်နေလိုက်တော့၏။

တောဆင်အုပ်များ ရောက်လာနိုး ကြည့်နေခြင်း ဖြစ်၏။ မှဆိုးကြီးတာပု မျက်စိမျက်နှာ ပျက်နေလေ၏။

'သည်ဆင်တွေ သည်ကြောဘက် ရောက်လာမယ် မထင်ပါဘူး'

အတန်ကြာသည့်တိုင် တိတ်ငြိမ်နေလေခြင်းကြောင့် ကျွန်တော်က ပြောလိုက်ခြင်း ဖြစ်သည်။

'နို့ဖြင့်လည်း တာပု စားသောက်ပြီးလျှင် ကျွန်တော်တို့ အဲဒီဘက် ခရီးဆက်ကြမယ်'



www.burmeseclassic.com

www.burmeseclassic.com



သို့ လင်းမြင့်လှိုင် ပြောလေသည်တွင် တာပုတစ်ယောက် တုန်လှုပ်သွားတော့၏။

စောဆင်ရိုင်းအုပ်နှင့် တိုးမှာကိုတွေးလန့်နေပုံ ဖြစ်သည်။

'ဘာကြောက်စရာ ရှိတုန်းဗျာ'

သို့ ကျွန်တော်က ပြောလိုက်သည်တွင် မုဆိုးကြီးတာပုသည် မျက်လုံးကြီးပြူး၍လာလေပြီး-

'ဘယ်လိုပြောလိုက်တာလဲ ဆရာလေးရယ်၊ အုပ်နဲ့သင်းနဲ့လေ၊ သားပေါက်လေးတွေပါ ပါတယ်ဆိုတော့ ဆင်ထိန်းတွေလည်း ပါပြီလား၊ ငါတော့ ကြောက်တယ် ဆရာလေးတို့ရာ၊ အဲဒီဘက် မသွားပါနဲ့'

လို့ ခေါင်းတွင်တွင်ခါ ငြင်းလေတော့သည်။

'ခက်တာက ကျွန်တော် အဲဒီဘက် သွားချင်တယ်ဗျ၊ ဒီလိုလုပ်ဗျာ၊ ဒီကနေ အတော်ကြာကြာစောင့်ကြည့်လေဦးမယ်၊ စိတ်ချလောက်ပြီဆိုမှ သွားကြတာပေါ့'

'ဟုတ်ပြီလေ'

လင်းမြင့်လှိုင် ပြောသည်ကို ကျွန်တော်က လက်ခံလိုက်သည်ကြောင့် မုဆိုးကြီးတာပုမျက်နှာသည် သိသိသာသာကြီး မှုပျက်သွားလေတော့၏။

တာပု... ဘာလို့များ သည်လောက် ကြောက်လန့်



www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်နေပါလိမ့်။

'ဘာမှ ကြောက်မနေပါနဲ့ တာပုရာ'

သို့ ကျွန်တော် ပြောလိုက်သည်တွင်-

'အေးပါကွာ၊ ဆရာလေးတို့ သဘောပါပဲ' လို့ ပြောလာချေတော့၏။

'ကျွန်တော်တော့ ဘာသံမှမကြားမိသလိုပဲဗျ၊ အဲဒီတောင်ကြောဘက်က လေသင့်တာပဲ၊ တောဆင်အုပ်ရှိးရှိးမှန်လျှင် အသံသဲ့သဲ့တော့ ကြားရမှာပေါ့ဗျာ၊ ခုတော့ အပ်ကျသံတောင် မကြားရပေဘူးဗျ'

သို့ လင်းမြင့်လှိုင်က ပြောလိုက်သည်တွင် ဘာကြောင့်ရယ်မသိ မုဆိုးကြီးတာပုတစ်ယောက် အကြီးအကျယ် မျက်နှာပျက်သွားပြန်တော့၏။

သည့်နောက် ကျွန်တော်တို့သည် အေးအေးလူလူ နားနေလိုက်ကြပြီး နေမွန်းတည့်အောက်တွင် ထိုစခန်းမှ ထွက်ခဲ့ကြတော့သည်။

မုဆိုးကြီးတာပုတစ်ယောက် တောဆင်အုပ်ကို ကြောက်သည်လည်းဆိုသေး ကျွန်တော်တို့ရှေ့မှ ဦးဆောင်သွားနေသေးတော့၏။

အတန်ကြာကြာအချိန်တွင် အတော်ဝေးဝေး ခရီးပေါက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'တာပု တောဆင်အုပ်နဲ့တွေ့တာ ဘယ်နားမှာတုန်း'

သို့ လင်းမြင့်လှိုင် မေးလိုက်သည်ကြောင့် ရှေ့မှ ခပ်သွက်သွက် ဦးဆောင်သွားနေသော မုဆိုးကြီးတာပုသည် ရပ်လိုက်လေပြီး နောက်ပြန်လှည့်ကြည့်ကာ–

'ဟော… ဟိုရှေ့က အင်းပျက်မှာပေါ့'

ကျွန်တော်တို့ ရောက်နေသည့်နေရာနှင့် မဝေးလှသော ဖုန်းဆိုးမြေနေရာကို လှမ်းကြည့်ပြောလာတော့၏။

လင်းမြင့်လှိုင်သည် ထိုနေရာတွင် အတန်ကြာကြာ ရပ်၍ စေ့စေ့ကဲကြည့်နေပြီး–

'ဖထီးကို တောခြောက်လိုက်တာပဲ၊ တကယ်တော့ တောဆင်အုပ်ကိုတွေ့လိုက်တာ မဖြစ်နိုင်ဘူး' လို့ ပြောလာသဖြင့် ကျွန်တော် အံ့အားသင့်သွားရတော့သည်။

လင်းမြင့်လှိုင် ဘာလို့ အတတ်ပြောနိုင်ပါလိမ့်။

'ဟုတ်မှလည်း လုပ်ပါ ကိုလင်းရယ်'

'ကဲ… လာဗျာ… အဲဒီ ဖုန်းဆိုးမြေဘက် သွားကြမယ်'

'ဗျာ'

မုဆိုးကြီးတာပု အကြောက်ပြေသေးပုံ မရ။

သို့ပေမင့် မုဆိုးကြီးသည် တွန့်ဆုတ် တွန့်ဆုတ်ဖြင့် လိုက်ပါခဲ့ချေ၏။ လင်းမြင့်လှိုင်သည် ဖုန်းဆိုးမြေပြင်တစ်ဝိုက်



www.burmeseclassic.com

www.burmeseclassic.com


သေချာနှံ့စပ်စွာ ကြည့်လိုက်လေပြီးနောက်-

'ကျွန်တော် ဟိုကနေ လှမ်းကြည့်ကတည်းက သည်နားတစ်ဝိုက်ရှိတဲ့ ဝါးပင်တွေ တစ်ပင်တလေတောင်မှ ကျိုးခြင်း၊ ကွဲခြင်း၊ လဲပြိုခြင်းမရှိဆိုတာတွေ မြင်လိုက်တာနဲ့ သည်နား တောဆင်အုပ်တွေ ရောက်မလာဘူးဆိုတာ တတ်အပ်သိလိုက်ပေမင့် ပိုသေချာအောင် တောဆင်အုပ်ခြေရာများ တွေ့လေမလား လာကြည့်တာဗျာ၊ ကိုပိုက်တို့အမြင်ပဲ၊ တောဆင်အုပ် မပြောနဲ့၊ တစ်ကောင်တစ်မြီး ခြေရာတောင် မရှိဘူး၊ ဖထီ တောခြောက်ခံလိုက်ရတာပါဗျာ၊ ဟင်း... ဟင်း... ဟင်း...'

လင်းမြင့်လှိုင်က သို့ဆိုလိုက်လေမှ မုဆိုးကြီးတာပု၏ မျက်နှာသည် ပူပင်မှုလျော့သွားပုံ ဖြစ်သွားချေပြန်၏။

'ကိုပိုက်... ကျွန်တော်တို့ ဒီဖုန်းဆိုးမြေကိုဖြတ်ပြီး ဟိုးရှေ့က တောတန်းလေးဘက် သွားစို့ဗျာ'

သို့ လင်းမြင့်လှိုင်က ပြောလေသည်တွင် မုဆိုးကြီး မျက်နှာ စောစောကလို မဟုတ်တော့ပြန်ချေ။ ဘယ်လိုပါလိမ့်။

သို့ပေမင့် လင်းမြင့်လှိုင် ဦးဆောင်သွားရာနောက် ကျွန်တော်နှင့်အတူ မျက်နှာငယ်လေးဖြင့် လိုက်ပါခဲ့ချေ၏။

'ဟင်...'

ဖုန်းဆိုးမြေကို ကျော်ခဲ့ပြီ၊ တောတန်းလေးအတွင်းရှိ



www.burmeseclassic.com

www.burmeseclassic.com



လမ်းမြောင်လေးအတိုင်း တောတိုးလာခဲ့ကြရာမှ ငါးမိနစ်ခန့် ခရီးအပေါက်တွင် အံ့သြတကြီးဖြစ်သွားရသူမှာ ကျွန်တော်သာ ဖြစ်ချေတော့၏။

ပုံသဏ္ဍာန်အမျိုးမျိုးနှင့် အစီအရီပေါက်နေသော ချုံနွယ်ပင်များကို မြင်လိုက်သည်တွင် သည်နေရာ ရောက်ဖူးသလို ခံစားလိုက်ရသည်ကြောင့် -

'ခဏနေဦး ကိုလင်းရဲ့၊ ဒီနေရာ ကျွန်တော်နဲ့ ရင်းနှီးနေသလိုပဲ'လို့ ပြောလိုက်သည်၌ လင်းမြင့်လှိုင်သည် ရှေ့က သွားနေရာမှ ရပ်တန့်လိုက်လေပြီး ကျွန်တော့်ကို လှည့်ကြည့်ပြုံးပြလာတော့၏။

'တောတောင်တွေထဲမှာ သည်လို ပုံပန်းသဏ္ဍာန် အပင်ပေါက်နေပုံတွေက တူတူတွေချည်းလိုလိုပဲဗျ၊ ခပ်ဆင်ဆင်ပေါ့ဗျာ၊ ဒါ မဆန်းပါဘူး'

'ဟုတ်ဘူး ကိုလင်းရဲ့၊ မကြာသေးခင်က ရောက်ခဲ့သလိုပဲ၊ အဲ… ဟုတ်ပြီ၊ သိပြီ၊ ကျွန်တော် အိပ်မက်ထဲမှာ ရောက်ခဲ့တဲ့နေရာပေပဲဗျ'

'နို့ဖြင့် ကိုပိုက်အိပ်မက်က အဆန်းပါလား၊ ဟဲ… ဟဲ…'

လင်းမြင့်လှိုင်က သို့နှယ် လှောင်ပြောင်ပြောလာလေတော့သဖြင့် -



www.burmeseclassic.com

www.burmeseclassic.com



'ကဲဗျာ… နို့ဖြင့်လည်း အဲဒီချုံနွယ်ပင်တွေနောက် ဘက်ရောက်လျှင် လူနေအိမ်တွေ တွေ့လျှင်ဖြင့် ကိုလင်းပြောသလို ကျွန်တော့်အိပ်မက်က အင်မတန်းဆန်းကြယ်တာလို့ သတ်မှတ်ရမှာပေါ့'

'ကောင်းပြီလေ၊ ရှေ့ဆက်သွားကြတာပေါ့'

သို့ဖြင့် ကျွန်တော်တို့သည် ထိုချုံနွယ်တန်းလေးကို ခပ်သုတ်သုတ် ဖြတ်လျှောက်လိုက်ကြသည်။

'ဟင်…'

ချုံနွယ်ပင်တို့တစ်ဖက်ခြမ်းအရောက်တွင် အံ့သြတကြီး ဖြစ်သွားသော ကျွန်တော့်ကိုကြည့်၍ လင်းမြင့်လှိုင်တစ်ယောက် ပြုံးစစ လုပ်နေလေတော့၏။

ကျွန်တော် ထင်ထားသလို တဲများ ရှိမနေပါချေ။ သို့ကြောင့် လင်းမြင့်လှိုင်က ကျွန်တော့်ကို လူကြောင်တစ်ယောက်လို သဘောထားကာ ပြုံးစေ့စေ့လုပ်နေခြင်း ဖြစ်တော့သည်။

ကျွန်တော် မကျေနပ်နိုင်ပါ။ သို့ဖြင့် ချုံနွယ်ပင်တို့ကြား ဝေ့ဝိုက်အကဲခတ်ကြည့်နေလိုက်၏။

ကျွန်တော် ထင်ထားသလို တဲအိမ်များ မရှိသော်လည်း ထိုနေရာနှင့် ရင်းရင်းနှီးနှီးရှိခဲ့ဖူးသည်ဟု စိတ်တွင် ဖြစ်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com


ဟာ… ဟုတ်ပြီ၊ အမှတ်တမဲ့ ကြည့်မိခြင်းကြောင့်သာ ချုံနွယ်သစ်ပင်တို့တောဟု ထင်ရခြင်းဖြစ်၍ စေ့စေ့ကြည့်ပါက ရွာပျက်တစ်ခုလိုဖြစ်နေ၏။

'လာဗျာ ကိုလင်း'ဆိုလျက် ကျွန်တော်သည် ရှေ့မှ ဦးဆောင်လျှောက်သွားလိုက်၏။ သစ်ပင်ချုံနွယ်တို့ ဖုံးလွှမ်းနေသည်ဆိုသော်လည်း ကျွန်တော်တို့ ရောက်လာသော ခပ်ရေးရေးလမ်းကြောင်းလေးသည် ရွာလမ်းမကြီးတွင် လျှောက်နေသကဲ့သို့ ဖြစ်နေတော့၏။

'ဟာ… ဒီမယ် တဲပျက်တစ်လုံး'

ချုံနွယ်တို့ ဖုံးအုပ်ခြင်းခံရသော တဲပျက်တစ်လုံးကို တွေ့လိုက်သဖြင့် ကျွန်တော် အားရဝမ်းသာ ဖြစ်သွားတော့၏။

သို့ကြောင့် ထိုနေရာတစ်ဝိုက် ချုံပုတ်နွယ်ပင်တို့ကို အသေအချာ ကြည့်မိ၏။ ထိုချုံနွယ်ပင်တို့ ကြားကြားကြားကြား တွင် သစ်ဝါးအပိုင်းအစများ တွေ့ရလေခြင်းကြောင့်လည်းကောင်း၊ တိုင်ငုတ်များ တွေ့ရလေခြင်းကြောင့်လည်းကောင်း ရွာပျက်နေရာဟု ပြောရနိုင်လောက်ပေတော့၏။ သို့ကြောင့်-

'ဒါ ကျွန်တော် အိပ်မက်ထဲမှာ ရောက်ခဲ့တဲ့ ပျားစုံရွာပေပဲဗျ'လို့ အနိုင်အမာ ပြောလိုက်တော့၏။

သည်တွင် လင်းမြင့်လှိုင်တစ်ယောက် ငေးငေးသွားချေတော့၏။ ကျွန်တော်ပြောသည်ကို လက်ခံရုံး၊ ခေါင်းခါ


www.burmeseclassic.com

www.burmeseclassic.com


ရန်း ဖြစ်နေလေသည်။

'နေဦး ကိုလင်းရဲ့၊ ပိုသေချာအောင် သည်နားတစ်ဝိုက် မယ် စေတီပျက် အစအန ရှာတွေ့လျှင် ပိုသေချာပြီပေါ့ဗျာ'

သို့ဆိုလျက် ကျွန်တော်သည် ချုံနွယ်ပင်တို့ကို စေ့စေ့ ကြည့် ဆွဲဖယ်လို့နေတော့၏။

လင်းမြင့်လှိုင်သည်လည်း ကျွန်တော့်နွယ်ပင် ချုံပုတ် ပင်တို့ကို စေ့စေ့ကြည့်လေတော့၏။ ဆွဲဖယ်လို့ နေတော့၏။ မုဆိုးကြီးတာပုသည် ကျွန်တော်တို့နှစ်ယောက်၏ အပြုအမူကို တအံ့တဩ ကြည့်နေလေသည်။

ထူးခြားမှုတော့ဖြင့် မရှိပါချေ။

သို့ကြည့်ရင်း ရှာရင်း လျှောက်ခဲ့ရာမှ အတော်အတန် မြင့်သည့် ချုံနွယ်ပင်ကြီးတစ်ခုသို့ ရောက်သည်တွင် ကျွန်တော် သည် လက်လှမ်းမီသည့် နေရာလောက်ဆီမှ အကိုင်းအခက် တို့ကို သေနတ်ပြောင်းဖြင့် ထိုးကော်ကြည့်လိုက်သည်တွင်-

'ဖူး'

'ဟာ...'

ကျွန်တော် အတော်ကလေး ထိတ်လန့်သွားမိတော့၏။ ချုံနွယ်ပင်ကြားမှ မြွေကြီးတစ်ကောင် ဒေါသတကြီး နှာမှုတ် ထွက်လာခြင်းကြောင့် ကပျာကသီ နောက်သို့ဆုတ်ခွာ ရှောင် တိမ်းလိုက်၏။ မြွေကြီးသည် ပါးပျဉ်းခွက် နှာမှုတ်ထုတ်လေ


www.burmeseclassic.com

www.burmeseclassic.com


ခြင်းသာပြုလောမြင့် ကံကောင်းလွန်းတော့၏ဟု ဆိုရပေမည်။

'ဒိန်း'

ကျွန်တော်သည် ရုတ်တရက်မို့ မြွေကြီးကို မှင်တက်မိစွာ ကြည့်နေဆဲတွင် လင်းမြင့်လှိုင်က ရုတ်ခြည်း ပစ်လိုက်လေခြင်း ဖြစ်၏။

မြွေကြီးခေါင်း ကြေမွသွားတော့သည်။ လင်းမြင့်လှိုင်ကပင် သူ၏ သေနတ်ပြောင်းဖြင့် ထိုးကော်လိုက်၏။

မည်းမည်းပြောင်ပြောင် လုံးပတ် လက်မောင်းလုံးခန့်နှင့် အရှည်ဆယ်တောင်ထက် မလျော့လောက်သော တောကြီးမြွေဟောက်ပါကလား။

'ဟာ...'

'ဟင်...'

ထိုမြွေကြီးကို မြင်၍ အံ့သြခြင်းမဟုတ်။ ထိုချုံပုတ်နွယ်ပင်ကြီးအတွင်းမှ အုတ်ပုံကြီးကို မြင်လိုက်ရသောကြောင့် ဖြစ်တော့၏။

'ဒါ စေတီပျက် ဖြစ်မယ်ဗျ'

ကျွန်တော်သည် ချုံနွယ်ပင်ကြီးအနားသို့ ပြန်ကပ်၍ စေ့စေ့ကြည့်လိုက်သည်။ မြေစိုင်မြေခဲနှင့် ရောယှက်နေသည့် အုတ်ချပ်တို့ကို တွေ့ရ၏။

'ဟုတ်တာပေါ့ ကိုလင်းရယ်၊ ဒါ စေတီပျက်ပဲ၊ ဖြစ်


www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်'

'နို့ဖြင့် ကိုပိုက်ကိုလာခေါ်တဲ့ လူနှစ်ယောက်ဆိုတာ သည်ရွာသားတွေဆိုတာ သေချာပြီပေါ့၊ ဒါ… ဘာတဲ့၊ အဲ… ပျားစွဲရွာ ဟုတ်လား'

'နေဦး ကိုလင်းရဲ့၊ နောက်တစ်ခု ခိုင်လုံတဲ့ သက်သေ တစ်ခု ရှာဦးမယ်'

'ဘာလဲ ကိုပိုက်'

'ရေအိုင်ကြီး'

'ဟာင်'

'ဟုတ်လား၊ ပျားစွဲရွာ ရွာသားတွေအတွက် စားမကုန် တဲ့ ငါးတွေရှိတဲ့ကန်ကြီးလေ၊ ရေတံခွန်အောက်မှာလို့ ပြော တယ်'

သို့ပြောရင်း ကျွန်တော်သည် အဝေးသို့ လှမ်းကြည့် နေလိုက်၏။

ရေတံခွန်နှင့်တူသည်ကို မတွေ့။

'ရေအိုင်ကြီးကို ရှာစရာမလိုတော့ပါဘူးဗျာ၊ သည် လောက်ဆိုလျှင်ပဲ သက်သေလုံလောက်ပါပြီ'

လင်းမြင့်လှိုင်က သို့နှယ်ပြောပြီး မြွေသေကြီးကို ကောက်ယူလိုက်လေကာ-

'ဒီမြွေကြီးကို ကျွန်တော်တို့ မစားသင့်ဘူးထင်တယ်



www.burmeseclassic.com

www.burmeseclassic.com


ဗျ'လို့ ပြောလာ၏။

'မစားသင့်တဲ့အပြင် မစားဝံ့ပါဘူးဗျာ'

'သည်စေတီအစောင့် မြွေကြီးဖြစ်နိုင်တယ်'

'မသိလို့ မှားယွင်းပစ်မိတာပဲဗျာ၊ ကျကျနန မြေမြှုပ် ပေးလိုက်တာပေါ့'

ဆိုပြီး ကျွန်တော်တို့သည် ထိုမြွေသေကြီးကို စေတီ ပျက်နေရာ အောက်ခြေမှာပင် ကျကျနန မြေမြှုပ်ပေးလိုက်ကြ သည်။

'ကိုလင်း ကျွန်တော်တော့ ဒီလိုလုပ်ချင်တယ်ဗျာ'

'ပြောကြည့်လေ'

'ဟိုရှေ့က ကမူလေးပေါ်မယ် ညအိပ်စခန်းချကြမယ် ဗျာ'

လင်းမြင့်လှိုင်က ကမူလေးရှိရာသို့ လှမ်းကြည့်လိုက် လေပြီး-

'ကမူတွေဘာတွေက မြေအောက်မှာမြုပ်နေတဲ့ စေတီ ပျက်တွေ၊ ဘုရားပုထိုးတွေ ဖြစ်နိုင်တယ်ဗျ၊ ဒီလိုလုပ်၊ တဲအိမ် တန်းရှိတဲ့နေရာမှာလည်း စခန်းချကြမယ်ဗျာ၊ ဘယ်လိုလဲ၊ ရဲလား'

'ဘာမရဲစရာအကြောင်း ရှိလဲဗျာ၊ ဟဲ... ဒီ... ကျွန်တော့်ကို လာခေါ်ဖူးတဲ့လူနှစ်ယောက်နဲ့ တွေ့အောင်းတွေ့ -


www.burmeseclassic.com

www.burmeseclassic.com



နိုင်တာပဲ၊ ကျွန်တော် လက်ခံတယ်ဗျာ၊ ဘယ်လိုလဲ ဖထီ'

လင်းမြင့်လှိုင်ကိုပြော၍ မုဆိုးကြီးတာပုကိုပါ တစ်ဆက်တည်း ပြောမေးလိုက်၏။

'ဆရာလေးတို့ နေမယ်ဆိုမှတော့ ငါလည်း ဘယ်သွားနေရမှာတုန်း၊ ဆရာလေးတို့နဲ့ပဲ နေရတော့မပေါ့'

'နေပါဦး၊ စားဖို့ကိစ္စ'

'အချိန်တွေ ရှိတာပဲ၊ ညအိပ်စခန်းတဲလေး အလျင်ဆောက်လိုက်ကြတာပေါ့'

သို့ဖြင့် ကျွန်တော်တို့သည် တဲအိမ်တန်းလေးရှိရာသို့ ပြန်သွားကြလေပြီး အနီးပတ်ဝန်းကျင်ရှိ ဝါးတို့ကို ခုတ်ထစ်၍ တစ်ဖက်ရပ်တဲလေး ထိုးလိုက်ကြ၏။

တဲလေးထိုးပြီးသည်တွင် တဲတစ်ဝိုက်ပတ်လည်ရှိ မြက်ရိုင်းနှင့် ဆူးချုံပင်ငယ်တွေကို ရှင်းလိုက်ကြသည်။

သည်တော့ နေချင့်စဖွယ် စခန်းသာလေး ဖြစ်သွားတော့သည်။ ကျွန်တော်တို့သည် စခန်းတဲနောက်ဘက် တောတန်းလေးအတွင်း အမဲရှာရန် ထွက်ခဲ့ကြသည်။

ကြခတ်ဝါးရုံတောဟု ပြောရပေမည်။

မုဆိုးကြီးတာပုသည် စခန်းစောင့်အဖြစ် ကျန်ရစ်ခဲ့၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဝါးတောအတွင်း လျှောက်ခဲ့ကြရာမှ ဇင်ပြွန်းပင်ကြီးအောက်တွင် လွန်စွာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မှောင်စလည်းပျိုးလာချေပြီ ဖြစ်၏။

ကျွန်တော်သည် မြွေသားတို့ကို မီးကင်နေရင်း မီးပုံနံဘေးတွင်ပင် ထိုင်၍နေလိုက်၏။

လင်းမြင့်လှိုင်သည် စခန်းတဲပေါ်တက် လဲလျောင်းနေတော့၏။ အတန်ကြာတွင် မုဆိုးကြီးတာပု ပြန်ရောက်လာတော့သည်။ သူ့လက်ထဲတွင် ငါးလဝါများ ပါလာ၏။

'ဖထီ… ဘယ်ကငါးတွေ ရလာတာတုန်း'

ကျွန်တော်က တအံ့တသြဖြင့် မေးလိုက်၏။

'ဂျီတစ်ကောင် ဟိုးရှေ့နားက မြောင်ထဲ ဝင်သွားတာတွေ့လို့ လိုက်သွားတာ၊ ဂျီကောင်ကို မတွေ့တော့ဘဲ ကျောက်ရေအိုင်ကြီးတစ်ခုကို သွားတွေ့တယ်ကွာ၊ ဒီငါးတွေ အဲဒီကျောက်ရေအိုင်ထဲမယ် အများကြီးပဲကွ၊ တမင်ကလာ မွေးထားသလိုပဲ'

သို့ မုဆိုးကြီးတာပုက ပြောလာသဖြင့် ပျားစွဲရှာရောက်ခဲ့သည်ဟု အိပ်မက်ခဲ့စဉ်က သူတို့ပြောသော ရေအိုင်ကြီးကို သတိရလိုက်တော့သဖြင့်-

'နက်ဖြန်ကျ အဲဒီကျောက်ရေအိုင်ရှိတဲ့နေရာ လိုက်ပြစမ်းပါဗျာ' လို့ ပြောလိုက်၏။

မုဆိုးကြီးတာပုသည် သူ ဖမ်းယူရရှိလာသော ငါးလဝါများကို ဗိုက်ခွဲ၊ အူနှုတ်၊ တံစို့ထိုးလေပြီးနောက် မီး



www.burmeseclassic.com

www.burmeseclassic.com



ကင်နေလေတော့၏။

လင်းမြင့်လှိုင်တစ်ယောက်တော့ဖြင့် အိပ်ပျော်လေပြီ ထင့်။ သူ့ထံမှ မည်သည့်အသံမျှ မကြားရချေ။

'ဆရာလင်း အိပ်နေတာလား'

'ထင်တာပဲ'

'အို... ဒီအချိန်ကြီး အိပ်လို့မကောင်းဘူး၊ သွားနှိုးဦးမှ' ဆိုလျက် မုဆိုးကြီးတာပုသည် စခန်းတဲရှိရာသို့ ထသွားလေတော့၏။

အတန်ကြာတွင် မုဆိုးကြီးတာပု ကျွန်တော့်နား ပြန်ရောက်လာ၏။ သူနှင့်အတူ လင်းမြင့်လှိုင် ပါလာ၏။

'ရှေ့ဗျာ ကိုပိုက်'

သို့ဆိုလျက် ဝီစကီပြားလေးကို ကမ်းပေးလာသည်။ သို့ဖြင့် ကျွန်တော်တို့သည် မီးပုံနားမှာပင် ဝိုင်းဖွဲ့၍ သောက်စားလိုက်ကြတော့၏။ လင်းမြင့်လှိုင်သည် ငါးကင်ကိုသာ စားလေ၏။

မုဆိုးကြီးတာပု ငါးတွေဖမ်းလာသဖြင့် တော်သေးတော့၏။ သို့မဟုတ်ပါမူ လင်းမြင့်လှိုင်အတွက် စားစရာရှိမည် မဟုတ်။

'ဟိုမှာ... ဟိုမှာ...'

သို့ စကားတပြောပြော စားသောက်နေရာမှ လင်းမြင့်



www.burmeseclassic.com

www.burmeseclassic.com



မြေပြင်နှင့်ကပ်လျက် နေရာလောက်ဆီမှ ရဲရဲနီနေသည့် မျက်လုံးတစ်စုံပါကလား။ မျက်လုံးတစ်လုံးနှင့်တစ်လုံး အကွာအဝေးကို ကြည့်ပြောရလေလျှင် လုံးပတ် ပေနှစ်ဆယ်ခန့် ရှိသည့် မြွေကြီး ဖြစ်နိုင်သည်။

'နည်းတဲ့ကောင်ကြီး မဟုတ်ဘူး'

သို့ဆိုလျက် လင်းမြင့်လှိုင်သည် သူ့လက်တွင်းရှိ သေနတ်ဖြင့် လှမ်းပစ်လိုက်သည်။

'ဒိန်း...'

'ရှီလ်...'

'ရှီလ်...'

အလိုလေးဗျာ၊ တဲမျက်နှာစာ၏ ညာဘက်ခြမ်းမှ မြွေ မျက်လုံးကို မြင်လိုက်ခြင်းကြောင့် ပစ်လိုက်သည့်အခါ ဘယ် ဘက်ခြမ်းအမှောင်ထုတွင်းမှ သို့ဆိုသလို မြွေတွန့်သံနှင့် မျက် ဝန်းတစ်စုံကို မြင်ရပြန်၏။ အရွယ်အစားတူတူလောက်ပင် ရှိခြိမ့်မည်။

'ဒိန်း' ၊

ကျွန်တော်က ပစ်လိုက်သည်။

'ရှီးစ်...'

'ဒိန်း..'

ရှေ့ဘက်မှ အသံနှင့် မျက်ဝန်းတစ်စုံပေါ်လာပြန်



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်ပြန်သည်တွင် အနောက်ဘက်ခြမ်းမှ မျောက်ဝန်းတစ်စုံနှင့် မြွေတွန်သံ ကြားရပြန်သည်။ သို့ကြောင့် အနောက်ဘက်သို့ ပစ်လိုက်ပြန်သည်။

တစ်ခုတော့ ရှိသည်။ ပျောက်သွားသော မျောက်ဝန်း သည် ပြန်ပေါ်လာခြင်း မရှိ၊ တွန်သံသည်လည်း ရပ်တော့ ပြီ။

'ဘယ်လိုဖြစ်ရတာလဲ ကိုလင်းရယ်'

'တောခြောက်ခံနေရတာ ဖြစ်မပေါ့'

'ဒါ ရှာပျက်ကြီးလေ'

'နို့ဖြင့်လည်း မကောင်းဆိုးဝါးတွေ ခြောက်လှန့်လာ တာ ဖြစ်မပေါ့'

သည့်နောက် အတန်ကြာသည့်တိုင် တစ်တောလုံး ထိတ်လန့်ငြိမ်သက်သွားလေ၏။

'အိပ်ယာဝင်ကြမယ်ဗျာ'

သို့ဆိုလျက် ကျွန်တော်သည် တဲပေါ်တက် လှဲချလိုက် တော့၏။ လင်းမြင့်လှိုင်နှင့် တာပု ထင်းမီးပုံနားတွင် ကျန်ခဲ့၏။

ကျွန်တော်သည် အိပ်ချင်လွန်း၍ တဲပေါ်တက် လှဲ လိုက်သော်လည်း အိပ်မက်ထဲက လူနှစ်ယောက်အကြောင်းကို စဉ်းစားနေမိသည်ကြောင့် အတော်နှင့် အိပ်မပျော်ခဲ့ချေ။

ဟင်း... ဟင်း... ဟင်း... ဟင်း...



www.burmeseclassic.com

www.burmeseclassic.com



ကြားရလေမလား နားစွင့်ထားလိုက်၏။

ဘာသံမျှ မကြားရ။

တိတ်ဆိတ်လို့နေ၏။ ကျွန်တော်ပင် စိတ်ထင်လို့များလား၊ အိပ်မက်က လန့်နိုးလာရလေခြင်းများလား မသိချေ။

လေပြည်လေးတစ်ချက် တိုက်ခတ်လာသည်တွင် အအေးခနဲ ဖြစ်သွားရသည်ကြောင့် ထင်းမီးပုံရှိရာသို့ ထသွားလိုက်သည်။ ထင်းထပ်ထိုး၊ မီးမွှေးရန် ဖြစ်၏။

'ဝေါ… ရော… ဗျော… ရော…'

ထင်းမီးပုံနှင့်ခပ်လှမ်းလှမ်းရှိ သစ်တစ်ပင်အောက်ခြေမှ ပုံရိပ်သဏ္ဌာန်တစ်ခု ရုတ်ခြည်း ထပြေးသွားလေခြင်းကြောင့် လိပ်ပြာလွင့်မတတ် ထိတ်လန့်သွားရတော့၏။

'ဟာ…'

'ဟာ…'

'ဟာ…'

ထိုနေရာနှင့်လှမ်းလှမ်း အမှောင်ရိပ်အတွင်းမှ ပုံရိပ်သဏ္ဌာန်မှာ ပြေးလွှားသွားနေသည်ကို မြင်နေရလေခြင်းကြောင့် အံ့သြခြင်းနှင့်အတူ ကြောက်လန့်လို့ပင် လာမိချေတော့၏။

ဝိညာဉ်တွေများလား။

ရှာပုံကြီးဆိုသည့်အသိကြောင့် စိတ်ချောက်ချားနေခြင်းလေလားတော့ မသိပါချေ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် သေနတ်ကို တင်းတင်းဆုပ်ကိုင်၍ တွေဝေရပ်ကြည့်နေမိ၏။

'ကိုပိုက် လှူသံတွေ ကြားမိလား'

နားနားကပ် ကြားလိုက်သည့်အသံကြောင့် ရုတ်တရက်မို့ ထိတ်လန့်သွားရပြန်၏။ လင်းမြင့်လှိုင် ကျွန်တော် နားရောက်လာမေးသံ ဖြစ်၏။

'လန့်လိုက်တာဗျာ၊ ကိုလင်း ကြားလို့လား'

'အင်း… လှူသံတွေ ဆူဆူညံညံကြားလို့ ထကြည့်တာ'

'ကျွန်တော်လည်း ကိုလင်းလို လှူသံ ဆူဆူညံညံကြားလို့ နိုးလာရတာပဲ၊ ခုထိတော့ ဘာသံမှ မကြားမိသေးဘူး'

'ကိုပိုက် ဘာကောင်ကို မျှောင်းနေတာလဲ'

လင်းမြင့်လှိုင်က ကျွန်တော်လက်တွင်းမှ သေနတ်ကို ကြည့်ပြီး မေးလေ၏။

'လူရိပ်တွေကို တွေ့လို့'

'ဘယ်မှာတုန်း'

'ခု မရှိတော့ဘူး'

'ဆာတယ်ဗျာ' ဆိုလျက် လင်းမြင့်လှိုင်သည် မီးပုံနားတွင် ထိုင်ချလိုက်လေပြီး ငါးတံစို့ထိုးမီးကင်ကို အပူထပ်မွေကာ စားနေလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com


ညကလူနှစ်ယောက်ခြေရာအပြင် မုဆိုးကြီးတာပု၏ ခြေရာလည်း ပါချေ၏။ သို့ဆိုပါလျှင် မုဆိုးကြီးသည် ညက ပြေးသွားသူ လူနှစ်ယောက်နောက် လိုက်သွားခြင်းဖြစ်မည်။

'ဖထီးကော့ ညကလူနှစ်ယောက်နောက် လိုက်သွားပြီဗျ'

'သားကောင်မဟုတ် ဘာမဟုတ်ဗျာ၊ ဘယ်လိုကြောင့် ညက အဲဒီလူနှစ်ယောက်ကို ပစ်လိုက်တာလဲ မသိဘူး၊ တော မှောက်ပြီး ပစ်မိတယ်ပဲထားဦး၊ ခု ဘာလို့ အဲဒီလူနှစ်ယောက် နောက် လိုက်သွားရပြန်တာတုန်း'

သို့ ကျွန်တော်က လင်းမြင့်လှိုင်ကို ညည်းတွားသလိုလိုနှင့် မေးလိုက်သည်။

'သူနဲ့တွေ့မှ သိရတော့မပေါ့ဗျာ'

သို့ လင်းမြင့်လှိုင် ပြောလာခြင်းသည် သူတို့နောက် လိုက်သွားရန် ဆိုလိုခြင်း ဖြစ်တော့၏။

သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် မုဆိုးကြီးတို့ခြေရာနောက် လိုက်သွားကြတော့၏။

ချုံနွယ်ပင်တို့ တောတိုးလျှောက်ခဲ့ကြရာမှ ဝါးသုန်းတောတစ်ခုသို့ ရောက်လာကြ၏။

ဝါးသုန်းတောအတွင်း ပုန်းမရွက်ကြီးပင်နှင့် ဇော်ပွင့်နွန်းပင်တို့ကျိုကြား ပေါက်ရောက်လျက်ရှိလေ၏။


www.burmeseclassic.com

www.burmeseclassic.com



ထိုဝါးသုန်းတောကို ကျော်လာသည်တွင် မြက်ရိုင်းနှင့် ချုံပုတ်ပင်များ ပေါက်လျက်ရှိသည့် မြေပြန့်ကျယ်ကြီးတစ်ခုသို့ ရောက်လာကြပြန်၏။

'ခြေရာတွေလည်း မတွေ့တော့ဘူး'

သို့ ကျွန်တော်က ပြောလိုက်၏။

'ကိစ္စမရှိဘူး၊ ဟိုးရှေ့က တောင်ကြောလေးပေါ် သွားကြမယ်'

မြေပြန့်ကျယ်ကြီးအဆုံးတွင် တောင်ကြောလေးတစ်ခု ရှိချေ၏။ စိမ်းစိမ်းစိုစို သစ်ပင်ကြီးငယ်တို့ ပေါက်လျက်ရှိသော နေရာသို့သွားရန် လင်းမြင့်လှိုင်က ပြောလာခြင်း ဖြစ်၏။

သည်သို့ဖြင့် ကျွန်တော်တို့သည် ထိုတောင်ကြောအခြေသို့ ရောက်သည်တွင်-

'ဟာ'

'ဟင်'

ခွေခေါက်လဲနေသော လူတစ်ယောက်ကို တွေ့လိုက်ကြသည်ကြောင့် ထိတ်လန့်သွားရ၏။

ထင်ထားလေသည့်အတိုင်း ထိုလူ အသက်မရှိချေတော့ပြီ။ ထိုသူ၏ ရင်အုံသည် ပွင့်ထွက်နေပြီး အသားတို့ဖွာလျက် သွေးတို့ ချင်းချင်းနီရဲ စိုရွှဲလို့ရှိချေ၏။

'အသတ်ခံရတာဗျ'



www.burmeseclassic.com

www.burmeseclassic.com



'ဖထီ သူတို့နောက် အလောတကြီး လိုက်သွားတာ အသေသတ်ချင်လို့ပဲဗျ၊ ဘယ်လိုကြောင့်ပါလိမ့်'

'ဖြစ်နိုင်ပါ့မလား ကိုလင်းရဲ့၊ ဖထီက ဒီလူတွေနဲ့ ဘယ်လိုလုပ် ရန်ငြိုးရှိရမှာတုန်း၊ ကျွန်တော်တို့လိုပဲ ညကမှ လှမ်းတွေ့လိုက်တာလေ၊ အကြောင်းကြောင်းကြောင့် ဒေါသ ဖြစ်လိုက်ဘယ်ဆိုရင်တောင်မှ ညက ပြီးလောက်တဲ့ ကိစ္စပေ ပဲဗျ၊ ခုဟာက စဉ်းစားစရာပေပဲ၊ ဒီလူတွေနဲ့ ဖထီ အရင် ကတည်းက ပတ်သက်မှုရှိနေလို့ ဖြစ်မပေါ့'

'ကဲ… ကိုပိုက်ရေ၊ ကျွန်တော်တို့တော့ ဒီနေရာမှာ တင် စခန်းသိမ်းလို့ မဖြစ်ချေတော့ဘူး၊ ဖထီးနောက်လိုက် တွေ့အောင်လိုက်ရှာပြီး အကျိုးအကြောင်း စုံစမ်းရတော့မှာပဲ'

'အေးဗျ၊ ဖထီအတွက်လည်း စိုးရိမ်ရသေးသဗျ'

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဘယ်သူရယ် မသိ သော လူသေအလောင်းကို မြုပ်နှံလိုက်ကြပြီးနောက် တောင် ကြောလေးပေါ်သို့ တက်လိုက်ကြတော့၏။

တောင်ကြောလေးပေါ်သို့ ရောက်သည်တွင် လာလမ်း သို့ ပြန်ကြည့်လိုက်၏။

'ဟင်…'

ပျားစွဲရွာဟောင်းနေရာကို ကွက်ကွက်ကွင်းကွင်း မြင် ရပါကလား။ စေတီပျက်၊ ချုံနွယ်ပင်ကြီးကိုလည်း မြင်ရ

www.burmeseclassic.com



၏... ထိုနေရာလေးတွင် လှုပ်လှုပ်ရှားရှား သဏ္ဌာန်တစ်ခုကို တွေ့လိုက်လေသည့်ကြောင့် အသေအချာ ကြည့်လိုက်၏။

'ကြည့်ရတာ ဖထီတာပု ဖြစ်မယ်ဗျ'

'ကိုလင်းပြောတာ ဖြစ်နိုင်တယ်ဗျ'

သို့ဆိုလျက် ထိုရွာပျက်နေရာတစ်ဝိုက် သေသေချာချာ စိုက်ကြည့်နေလိုက်၏။

ကျွန်တော့်စိတ်ထင် လူတွေ ဥဒဟို သွားလာနေသလို ထင်မိ၏။ သို့ကြောင့် လင်းမြင့်လှိုင်ကို သို့ ကျွန်တော် စိတ် ထင်မိကြောင်း မြင်နေမိသလိုဖြစ်ကြောင်း ပြောလိုက်သည် တွင်-

'ကျွန်တော်လည်း အဲလိုပဲ မြင်မိသလို ထင်နေသဗျ' လို့ပြောလာလေခြင်းကြောင့် ကျွန်တော်တို့နှစ်ယောက်သည် လာလမ်းအတိုင်း ပျားစွဲရွာဟောင်းရှိရာသို့ ဖြစ်ခဲ့ကြတော့၏။

ရွာပျက်သို့ ပြန်ရောက်သည့်တွင် ယခင်အတိုင်း တိတ် ဆိတ်ငြိမ်သက်လို့ ရှိချေ၏။ အဝေးတောင်ကြောလေးပေါ်မှ လှမ်းကြည့်စဉ် ရွာပျက်တစ်နေရာတွင် ဥဒဟိုသွားနေသည့် လူများသဏ္ဌာန် တွေ့နေရသဖြင့် စေတီပျက်နားတွင်လည်း လူတစ်ယောက် (တာပုဟု ယူဆရသူ)ကို တွေ့လိုက်လေ၏။ သို့ကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် စေတီပျက်ရှိရာ သို့ ခပ်သုတ်သုတ်သွားလိုက်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com


'ဟာ…'

စေတီပျက်နေရာတစ်ဝိုက်တွင်မတော့ လူတစ်ယောက်ခြေရာကို တွေ့လေသည်ကြောင့် အသေအချာ ကြည့်လိုက်ကြ၏။

'ဖထီးတာပုခြေရာပဲ ဖြစ်လိမ့်မဗျ'

ခြေရာမှာ ဗျက်ကျယ်ကျယ်၊ ဖနှောင့်တိုတို ဖြစ်သည်ကြောင့် ကျွန်တော်က သို့သုံးသပ်လိုက်ခြင်း ဖြစ်၏။

'သည်ခြေရာရှင်က သည်နေရာကနေ တစ်စုံတစ်ဦးကို စောင့်နေပြီး စိတ်မရှည် ထွက်သွားတဲ့ပုံဗျ'

မြေပြင်မှခြေရာများကိုကြည့်၍ ရှင်းပြနေသည့် လင်းမြင့်လှိုင်ကို ကျွန်တော် အထင်တကြီး ဖြစ်မိ၏။

စေတီပျက်နားတွင်ရှိ ခြေရာသည် တစ်နေရာတည်း၌ တစ်ဦးတည်းခြေရာက အသွားအပြန်လိုဖြစ်နေခြင်းကို ကြည့်၍ ပြောလာခြင်း ဖြစ်၏။ လင်းမြင့်လှိုင်ပြောသည်ကို လက်မခံနိုင်စရာအကြောင်း မရှိချေ။

'ကဲ… ကိုပိုက်ရေ… ခဏလောက် နားနေကြပြီး သည်ခြေရာရှင်နောက်ကို လိုက်သွားတာပေါ့၊ သူသွားမယ့်နေရာက ဟိုရှေ့မှာရှိတဲ့ ရေတံခွန်နားသွားတာပဲ ဖြစ်မယ်'

'နို့ဖြင့် ဘာလို့ နားနေဦးမှာတုန်း၊ အချိန်မီ လိုက်ကြတာပေါ့'


www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က လိုက်မမီမှာ စိုးရိမ်စိတ်ဖြင့် ပြောလိုက်၏။

'မမီစရာအကြောင်း မရှိပါဘူး၊ သူ အဲဒီရေတံခွန်နားမယ် စခန်းချ ညအိပ်မှာပါဗျ'

သို့ ရဲရဲပြောလာခြင်းမှာ သူ့တွင် နိုင်လုံသောအကြောင်းအရာကောင်းကောင်း ရှိနေ၍ဖြစ်မည်ကို သိလေခြင်းကြောင့် ကျွန်တော် စောဒကမတက်မိတော့ချေ။

သို့ ပြောပြီးသည်နှင့် လင်းမြင့်လှိုင်သည် စေတီပျက်နှင့်ကပ်လျက်နီးနီးရှိ မလွှပင်ကြီးအောက်တွင် ထိုင်လိုက်တော့၏။

သည်နောက် ပုလင်းပြားလေးကိုထုတ်စာ မော့သောက်လိုက်ပြီး ကျွန်တော့်ကို ပေးလာ၏။

ကျွန်တော်သည် ရပ်လျက်အနေအထားမှပင် လှမ်းယူလိုက်ကာ မော့သောက်လိုက်ပြန်၏။

ပြီးနောက် လင်းမြင့်လှိုင်နံဘေးတွင် ကပ်ထိုင်လိုက်တော့မည်အလုပ်တွင် ခုပ်လှမ်းလှမ်း ချုံပုတ်နွယ်ပင်ကိုင်းလက်တစ်ခုပေါ်မှ ငှက်တစ်ကောင် တောင်ပံခတ် ရုန်းကန်နေပုံကြောင့် အသေအချာ ကြည့်လိုက်၏။

'ဟာ'

မြွေကောင်က သူ့ခြေကို ဆွဲငုံထားနေပါကလား။



www.burmeseclassic.com

www.burmeseclassic.com



ငှက်လေးလည်း အသက်ဘေးမှ လွတ်မြောက်ရန် ရုန်းကန်နေရ၏။

ထိုမြွေကောင်ကို ကျွန်တော် သုတ်သင်ရန် လက်တွင်း ရှိသေနတ်ဖြင့် လှမ်းချိန်လိုက်သည်တွင်-

'မလုပ်ပါနဲ့ ကိုပိုက်၊ ဒါ သဘာဝပဲလေ၊ ကျွန်တော် မြင်တာ ကြာပြီ၊ အဲဒီမြွေကောင်က အဲဒီချုံပုတ်ပင်ပေါ်မှာ ရှိနေတော့ ငှက်က နောက်မှလာနားတာ၊ မြွေက ငှက်သိုက်ကို သွားဆွဲလျှင်ဖြင့် တစ်မျိုးပေါ့၊ ခုဟာက မြွေရှိရာကို ငှက်က ရောက်လာတာလေ၊ သူ့ကံကုန်ချင်လို့ပေါ့ဗျာ' လို့ ပြောလာသဖြင့် ကျွန်တော်သည် လင်းမြင့်လှိုင်နားတွင် ကပ်ထိုင်လိုက်တော့၏။

ငှက်ကလေးသည်လည်း ရုန်းကန်ခြင်း မရှိတော့ချေ။ မြွေကောင်၏ပါးစပ်တွင်း တစ်စစ နစ်ဝင်သွားတော့၏။

ငှက်ကို မြွေမျိုခြင်း သည်တစ်ကြိမ်သာ တပ်အပ်မြင်မိခြင်း ဖြစ်၏။

အတန်ကြာတွင် မြွေကောင်သည် "ချုံပုတ်နွယ်ပင် ကိုင်းတက်မှ မြေပြင်သို့ တွယ်ဆင်းလျှောတိုက် ထွက်သွားချေတော့၏။ သို့ထွက်သွားသည်ဆိုရာ၌ စေတီပျက်ရှိရာ ချုံပုတ်ပင်ကြီးတွင်းသို့ ဖြစ်တော့သည်။

ကျွန်တော့်စိတ်ထင် ထိုစေတီပျက်ရှိနေရာတွင် မြွေ



www.burmeseclassic.com

www.burmeseclassic.com



သို့ကိုက်ရှိပေလိမ့်မည်။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် မလွှပင်ကြီးအောက်တွင် နားနေရင်း ဝီစကီသောက်လိုက်ကြရာမှ တစ်ပြားကုန်လျှင် တွင် ထိုနေရာလေးမှ ထွက်ခဲ့ကြတော့သည်။

အတော်အတန် တောတိုးလျှောက်ခဲ့ကြရာမှ ကျောက်ရေအိုင်တစ်ခုသို့ ရောက်ခဲ့ကြတော့၏။

ကျောက်ရေအိုင်အတွင်း များပြားလှသော ငါးများကိုတွေ့ရလေခြင်းကြောင့် အံ့သြခြင်းနှင့်အတူ ပျားစွဲရှာသားတို့အားထားရာ ငါးလှိုင်လှိုင်ရသည်ဆိုသည့် ရေအိုင်ဖြစ်လေမလားစဉ်းစားမိလိုက်၏။

'လိုလိုမယ်မယ် ငါးဖမ်းသွားမလား'

'ကောင်းသားပဲ ကိုပိုက်'

သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် မျှင်ဝါးတစ်ချောင်းစီ ခုတ်ယူလိုက်ကြတာ အဖျားကိုကား စိပ်ခွဲ ချွန်လိုက်ကြပြီး ရေအိုင်တွင်းမှငါးများကို မှိန်းဖြင့်ထိုးသလို ထိုးကောက်ယူလိုက်ကြ၏။

စားလောက်အောင် ရလိုက်သည်တွင် ထိုနေရာလေးမှ ထွက်ခဲ့ကြတော့၏။ သို့ထွက်ခဲ့သည်ဆိုရာ၌ ထိုအိုင်လေး၏ အထက်သို့ မြောင်အတိုင်း လျှောက်ခဲ့ကြခြင်း ဖြစ်တော့၏။

မြောင်တွင် ရေကျန်အနည်းငယ်တော့ ရှိသေး၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ရင်စို့အမြင့်ရှိ ကျောက်ခုတင်လေးနှင့် တိုးခဲ့ကြတော့၏။

နောက်ပြန်လှည့်၍လည်း မဖြစ်တော့ပြီ။ တစ်ဖက်နံရံတို့သည်လည်း မတ်စောက်မြင့်မားလေခြင်းကြောင့် ထိုကျောက်ခုတင်လေးကိုပင် ကုတ်ကပ်တွယ်တက်ခဲ့ကြတော့၏။

အလိုလေးဗျာ… ရှေ့တွင် ကျောက်ခုတင်တစ်ခု ခံနေပြန်၏။ လူလက်တစ်ဖောင်ခန့် မြင့်ပေ၏။

'ဆက်တက်ကြမယ်ဗျာ'

သို့ ပြောပြီး လင်းမြင့်လှိုင်က ဦးဆောင်တက်သွားပြန်၏။ မြင့်ပေသော်လည်း ကျောက်တုံးများသည် အဆင့်ဆင့်လှေကားသဖွယ် ရှိနေခြင်းအပြင် ခြေသလုံးခန့်ရှိ သစ်ပင်ငယ်များလည်း မြေသားနံရံတစ်ဝိုက် ကပ်ပေါက်နေကြခြင်းကြောင့် အမှီပြု လွယ်လင့်တကူ တက်နိုင်ခဲ့ကြ၏။

ကျောက်ခုတင်ပေါ် ခြေချလိုက်မိသည်နှင့် တောင်ကြောမကို လှမ်းမြင်ရ၏။ တောင်ကြောမပေါ် လွယ်လင့်တကူ တက်နိုင်ချေ ရှိသည်နှင့် မြေသားနံရံကို ကုတ်တွယ် တက်လိုက်ကြပြန်သည်။

'ဟာ'

'ဟင်'

မမျှော်လင့်ဘဲ ချုံနွယ်တို့ဖုံးနေသော လေယာဉ်ပျက်



www.burmeseclassic.com

www.burmeseclassic.com



တစ်စီးကို တွေ့လိုက်ကြသည်ကြောင့် အံ့သြတကြီး ဖြစ်မိကြတော့၏။

အရွယ်အစားမှာ ကုန်တင်လေယာဉ်ငယ်လေးအရွယ် ဖြစ်ချေ၏။

ထိုလေယာဉ်ပျက်၏အောက်ခြေတွင် မြက်ရိုင်းပင်တို့ ရှိချေ၏။ မြက်ရိုင်းပင်တို့ကြားတွင် ထိကရုန်းပင် သန်သန်မာမာတွေလည်း ရှိသည်ကြောင့် အသေအချာ သတိထားလိုက်မိသည်မှာ ထိုလေယာဉ်ပျက်နားသို့ ကျွန်တော်တို့အပြင် မကြာလိုက်သောအချိန်လေးက လူတစ်ယောက် သို့မဟုတ် သတ္တဝါတစ်ကောင် ရောက်ခဲ့မှန်း သို့မဟုတ် ရှိနေမှန်း သိရလေ၏။ ဘယ့်ကြောင့်ကွက်မှု ထိကရုန်းပင်များ အိပ်နေသောကြောင့် ဖြစ်ပေသည်။

'ချောက်'

'ချောက်'

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် မတိုင်ပင်ဘဲလျက် သေနတ်ကို မောင်းတင်လိုက်ကြ၏။

အမှတ်တမဲ့ လေယာဉ်ပျက်ထံ ချဉ်းကပ်သွားပါလျှင် အန္တရာယ်တစ်ခုခု ကြုံကောင်းကြုံနိုင်သည် ဖြစ်၍ပင်။

'နေဦး ကိုပိုက်'

လေယာဉ်ပျက်ထံသို့ ရှေ့မှ ဦးဆောင်သွားနေသော



www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်သည် ရပ်တန့်လိုက်လေပြီး ကျွန်တော့်ကို လက်ပြပဟန့်တားလာသဖြင့် ကျွန်တော်သည် ခြေလှမ်းကိုရပ်ပြီး လင်းမြင့်လှိုင် ဘာလုပ်လေမည်ကို ကြည့်နေလိုက်၏။

လင်းမြင့်လှိုင်သည် မြေပြင်မှ ကျောက်ခဲတစ်လုံးကို ကောက်ယူလိုက်ချေပြီး-

'အန္တရာယ်ကောင်ထွက်လာလျှင် လက်မနှေးစေနဲ့ဗျ' ဆိုလျက် သူ ကောက်ယူလိုက်သည့်ခဲလုံးကို လေယာဉ်ပျက်ထံသို့ လွှဲပစ်လိုက်လေတော့၏။

'ဒုံး'

'ဟာ'

'ဟာ'

လေယာဉ်ကိုယ်ထည်ကို ထိသွားပုံရ၏။

သို့အသံနှင့်တပြိုင်နက်ဆိုသလို မည်းမည်းသတ္တဝါကောင်တစ်ကောင် ကျွန်တော်တို့ရှိရာသို့ ဦးတည် တရွတ်ထိုးပြေးလာချေတော့၏။

သူ့ပြေးလမ်းပေါ်တွင် ကျွန်တော်တို့ ရှိနေလေသည်ပဲ၊

'ဒိန်း'

'ဒိန်း'

ဘာကောင်မှန်းမသိ၊ အန္တရာယ်ပြုရန် ပြေးလာခြင်းကြောင့် ကပျာကသီ ပစ်လိုက်ကြခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ပစ်မှတ်မလွဲဟုထင်သည်။

မည်းမည်းသဏ္ဍာန်ကောင်ကြီး မြေပြင်သို့ လဲကျသွား တော့၏။

'ဟာ…'

'အို…'

ဝံကောင်ကြီးပါလား၊ ဝံကောင်ကြီး လေယာဉ်ပျက်တွင် ရှိနေလေ၏။

လင်းမြင့်လှိုင်ကို ကြိတ်၍ချီးကျူးမိသေးတော့၏။

သို့မဟုတ်ပါက ဝံကောင်နှင့် ထိပ်တိုက် နီးနီးကပ်ကပ် တွေ့ရပါလျှင် ကျွန်တော်တို့ ရှုံးနိမ့်သူဖြစ်မှာ သေချာ၏။ ဝံကောင်ကြီးသည် နည်းနည်းနောနောကောင်ကြီး မဟုတ်။ လူဝံဟုပင်ပြောရလောက်ပေ၏။

ကျွန်တော်တို့သည် ဝံကောင်ကြီးကိုကျော်ခွ၍ လေယာဉ်ပျက်ရှိရာသို့ ရဲရဲတင်းတင်း လျှောက်သွားလိုက်တော့သည်။

လေယာဉ်ပျက်တို့နှင့်အနီးတစ်ဝိုက်တွင် မည်သည့် သတ္တဝါကောင်မှ ရှိတော့မည် မဟုတ်ချေ။

လေယာဉ်ပျက်ကြီးအတွင်းဘာမှမရှိပါချေ။ လေယာဉ် ခမ်းဗိုက်အတွင်း ဟောင်းလောင်းပေါက် ဖြစ်လေ၏။ သို့ေ မင့် လေယာဉ်ပျက်ကိုယ်ထည်အတွင်း ပုဆိုးဟောင်းတစ်ထည်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဖယောင်းတိုင်အတိုတစ်ချောင်း တွေ့သည်ကြောင့် အံ့သြမိသေးတော့၏။

သည်လေယာဉ်ပျက်ရှိရာသို့ လူတစ်ယောက်ထက်မက ရောက်ခဲ့ပြီးလေသည်မှာ သေချာပေပြီ။

ဟင်… ပုဆိုးဟောင်းတွင် ခြောက်သွေ့နေသော သွေးကွက်ကြီး ရှိနေ၏။

'သည်နေရာကို လူတစ်စုရောက်လာတာ ကြာသေးပုံမရဘူးဗျ၊ လွှန်ခဲ့တဲ့ လေးငါးရက်လောက် တစ်ပတ်လောက်က ဖြစ်လိမ့်မယ်'

'နေဦး ကိုလင်း၊ အပုပ်နံ့ ရသလိုပဲ'

'အေးဗျ'

ရူးရူးရှရှ အပုပ်နံ့တော့ဖြင့် မဟုတ်။ အူတူတူအနံ့ဖြစ်၏။ လေယာဉ်ကိုယ်ထည်အတွင်းမတော့ ရှင်းလို့နေ၏။ သို့ကြောင့် ကိုယ်ထည်အတွင်းမှ ပြန်ထွက်လာကြကာ အပြင်တွင် လိုက်လံရှာလိုက်ကြ၏။

ကြာကြာ မရှာလိုက်ကြရချေ။ လေယာဉ်အမြီးပိုင်းနှင့် မဝေးလောက်သောနေရာတွင် လူသေတစ်ယောက်ကို တွေ့လိုက်ကြရ၏။

'ဖြစ်မှဖြစ်ရလေ ဖထီရယ်'

ကျွန်တော်တို့တွေ့လိုသော ဖထီတာပုကို တွေ့လေ



www.burmeseclassic.com

www.burmeseclassic.com



ပြီပဲ၊ ကြည့်စမ်း၊ ရက်ရက်စက်စက် အသတ်ခံလိုက်ရလေခြင်း ပါကလား။

'မျက်နှာပုံဖမ်းမရလောက်အောင် တစ်မျက်နှာလုံး ဒဏ်ရာဒဏ်ချက်တွေနှင့်ပါကလား'

'ကျွန်တော်တို့ ပစ်သတ်လိုက်တဲ့ ဝံကောင်ကြီးလက်ချက်များလား'

သို့ ကျွန်တော်က ညည်းတွားသလို...မေးလိုက်၏။

လင်းမြင့်လှိုင်က ခေါင်းကို ခါယမ်းလိုက်လေပြီး-

'ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် မျက်နှာကို ဓားနှင့်ခွမ်းထားတာ၊ ဒါ ဝံကောင်ကုတ်ဖွဲ့ထားတာ မဟုတ်နိုင်လောက်ဘူး'

လင်းမြင့်လှိုင်ပြောမှ အသေအချာ ကြည့်မိ၏။

တကယ်ပဲ တာပုတစ်ယောက် ရက်ရက်စက်စက် အသတ်ခံရလေခြင်းပါကလား။ သူ ခရီးရာခံလိုက်သွားသော သူက သူ့ကို လက်ဦးမှုရယူ သတ်ဖြတ်သွားခြင်း ဖြစ်နိုင်၏။

ခန္ဓာကိုယ်အဆက်အပေါက်နှင့် ဝတ်ထားသည့် အဝတ်အစားကို ဂဃနဏသိထား၍ တာပုပါရယ်လို့ ပြောနိုင်ခြင်းဖြစ်သည်။

'လွန်ခဲ့သည့် သုံးလေးရက်က အသတ်ခံရတာဖြစ်သေနတ်နဲ့ အနီးကပ်ပစ်သတ်ထားတာ'



www.burmeseclassic.com

www.burmeseclassic.com



'ဝံကောင်ကြီးက သည်မနက်ပိုင်းလေးကမှ ရောက်လာပြီး သည်လေယာဉ်ပျက်ကြီးထဲ ဝင်ရှူးစမ်းမွှေနေတာဗျ၊ သည်လူသေအလောင်းကို ဝံကောင်ကြီး မြင်ပုံသိပုံ မရသေးဘူးဗျ၊ ကျွန်တော်က ခဲလုံးနဲ့ပစ်လိုက်တာကြောင့် ဝံကောင်ကြီး ပြန်ပြေးထွက်လာတာပဲလေ'

'ကိုပိုက်ရေ… ကျွန်တော်တို့တော့ အရှုပ်ထုပ်ဇာတ်လမ်းကြီးနဲ့တိုးပြီ ထင်တယ်ဗျာ၊ ဘယ်လိုလုပ်ကြမလဲ'

သို့ ကျွန်တော်ကပြောကာ လင်းမြင့်လှိုင် ဘောင်းဘီအိတ်ကပ်အတွင်းမှ ဝီစကီပုလင်းပြားကို ထုတ်ယူ၍ တစ်ငုံ သောက်လိုက်တော့၏။

'ဘာကြောင့်ဖြစ်ဖြစ်ဗျာ၊ ကျွန်တော်တို့နဲ့အတူပါလာတဲ့ မုဆိုးကြီး အသက်ခံရတာဆိုတော့ ကျွန်တော်တို့မှာ တာဝန်ရှိတယ်လေ'

သို့ လင်းမြင့်လှိုင်ပြောလာသည့် စကား အဓိပ္ပာယ်ကို ကျွန်တော် ကောင်းကောင်းကြီး သဘောပေါက်မိချေ၏။

လူသတ်တရားခံကို လင်းမြင့်လှိုင် အလွတ်ပေးတော့မည် မဟုတ်။

'နို့ နေပါဦး၊ တာပုရဲ့သေနတ်ကို လူသတ်သမား ယူသွားတာ ဖြစ်မယ်'

တာပုအနားတွင် သူ့သေနတ် မတွေ့ရသေးခြင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ပြောလိုက်ရင်း-

'ကဲ... ကိုလင်းရေ၊ ဘယ်လိုဆက်လုပ်ကြမလဲ'

ဟု တဆက်တည်း ပြောလိုက်၏။

'ဘာလုပ်ရမှာတုန်းဗျာ၊ လောလောဆယ် တာပုကို ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်ပေးပြီး ဟိုကောင်ကြီး အသား ဖျက်၊ မီးကင် ဝမ်းဖြည့်ရမှာပေါ့'

'ဟင်... နို့ဖြင့် ကျွန်တော်တို့ သည်မှာ စခန်းချ ညအိပ်ကြမှာပေါ့'

'ဒါပေါ့ဗျာ၊ ဘာလဲ၊ ကိုပိုက် မနေရဲဘူးလား'

'နေရဲပါတယ် ကိုလင်းရယ်၊ အချိန်တွေရှိနေသေးတာ ပဲ၊ လူသတ်တရားခံကို အချိန်မပေးသင့်ဘူး၊ တစ်ရက်နားလိုက် ရင် လူသတ်တရားခံအတွက် တစ်ရက် ပြေးဖို့အချိန်ရသွားလိမ့် မယ်'

'ဟင်း... ဟင်း... ဟင်း... မနက်မှ လိုက်လည်း နောက်မကျသေးပါဘူးဗျာ၊ သည်မှာ တစ်ညအိပ်လိုက်လို့က တော့ ဖထီနဲ့ စကားပြောခွင့်ရရင်ရမှာပေါ့'

'ကိုလင်း... စကားကို ရှင်းအောင်ပြောဗျာ'

'ဩော်... ဒီလိုပါ၊ ဖထီက သေပြီလေ၊ သည်မှာ သေတာလေ၊ ကျွန်တော်တို့က သူနဲ့နီးနီးမှာ ညအိပ်မယ်ဆိုတော့ သူ တစ်နည်းနည်းနဲ့ ကျွန်တော်တို့ကို သတိလာပေးချင် ပေးမှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ သည့်ထက်ရှင်းအောင်ပြောရလျှင်ဗျာ လူသေက စကား ပြောတယ်ဆိုတာ သိလား'

'ဟင့်အင်း'

'အရိုးတွန်တယ်လို့ ပြောကြတာလေဗျာ'

သို့ ပြောလေမှ ကျွန်တော် သဘောပေါက်သွားချေ တော့၏။

'ဘာများလဲလို့၊ ကိုလင်းကတော့ လုပ်ချလိုက်ပြီ'

'ကဲ... ကဲ... ကျွန်တော်တို့ ဝံကောင်ကိုစားလောက် သလောက် အသားဖျက်ယူပြီး မြေမြှုပ်လိုက်မယ်ဗျာ'

'ဟုတ်ပြီ'

သည့်နောက် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဝံကောင်၏ ရင်အုံသားအနည်းငယ်များကို လှီးဖြတ်ယူထား လိုက်ပြီး မြေ၌ တူးမြှုပ်လိုက်ကြ၏။

ပြီးလျှင် ထင်းခြောက်များကို စုဆောင်းမီးဖိုလိုက်ကြ သည်။

'လေယာဉ်ပျက်ကြီးထဲမှာကြောင့် အိပ်ရမှာ နွေးနွေး ထွေးထွေးတော့ ရှိလိမ့်မယ် ထင်တယ်ဗျ'

'နို့တင် ဘယ်ကမလဲဗျာ၊ မိုးလုံလေလုံလည်း ဖြစ် ဦးမယ်ဗျ၊ ဟိုမယ် လှမ်းကြည့်လိုက်ပါလား၊ မိုးရိပ်တွေတက် နေတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါ၊ သည်ညနေပိုင်း မိုးရွာပေတော့မည်။ သို့ကြောင့် လင်းမြင့်လှိုင် လူသတ်သမားနောက် ချက်ချင်းလိုက်မသွားလေဘဲ လေယာဉ်ပျက်ကြီးတွင် ညအိပ်ရန် စီစဉ်လိုက်ခြင်းပါကလား။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ထင်းမီးပုံကြီးဘေးတွင်ထိုင်ရင်း ဝီစကီသောက်နေကြ၏။ ဝံကောင်သားမီးကင်သည် စားရန်အကျက်မရှိသေး။ သို့ကြောင့် အရက်နည်းနည်းသောက်၊ စကားများများပြောနေကြခြင်း ဖြစ်၏။

'ထင်းခြောက်တုံးတွေ ထပ်လိုဦးမယ်ဗျ'

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ထိုင်ရာမှထလိုက်၏။

'နေ… နေ… ကိုလင်း… ကျွန်တော် ရေသွားခပ်ရင်း ထင်းခြောက်တုံး ထမ်းလာခဲ့မယ်'

ပြောပြောဆိုဆို ကျွန်တော်သည် သေနတ်ကို စလွယ်သိုင်း၍ ထွက်ခဲ့တော့၏။ သို့ ထွက်ခဲ့သည်ဆိုရာ၌ ကျွန်တော်တို့တက်လာသော ကျောက်ခုတင်ဆီသို့ ဖြစ်၏။ စခန်းနေရာနှင့်ဝေးလှသည်မဟုတ်။

လင်းမြင့်လှိုင်သည် မီးပုံနားတွင် ထိုးဆိုက်ထားသည့် ဝံသားတံစို့ထိုးများကို တစ်ဖက်တစ်ချက် လှန်လှောပေးရင်း ကျန်ရစ်ခဲ့၏။

ရေသည် နီးနီးတွင်ရှိသော်လည်း ရေကဲ့ယူရန်အခေါင်း



www.burmeseclassic.com

www.burmeseclassic.com


ပေါက်ဝါးသည် အနီးအနားတွင်မရှိ။ အတော်လှမ်းလှမ်းတွင် သွားခုတ်ယူရ၏။ ထိုဝါးတော၌ပင် တွေ့ရသည့် ထင်းခြောက်ကိုင်းကြီးတစ်ကိုင်းကို တရွတ်တိုက်ဆွဲလာလိုက်၏။

သို့ကြောင့် ရေဆင်းခပ်၊ ထင်းခြောက်ဆွဲနှင့် အချိန်အတော်ကလေး ကြာသွားရ၏။

လေယာဉ်ပျက်နား ပြန်ရောက်သည်တွင် လင်းမြင့်လှိုင်ကို မတွေ့လေတော့ပြီ။ ဘယ်သွားနေပါလိမ့်။

လေယာဉ်ကိုယ်ထည်ထဲတွင်လည်း ရှိမနေချေ။

အပေါ့အပါး၊ တပိုတပါး သွားနေလေသည် ဖြစ်မည်။

သို့ရှိစဉ်–

'ဒိန်း'

တာပုကို မြုပ်နှံထားသည် နေရာလောက်ဆီမှ ကြား လိုက်ရသော သေနတ်သံကြောင့် နေရာမှ ကဲကြည့်လိုက်၏။

လင်းမြင့်လှိုင် ပစ်လိုက်ခြင်း ဖြစ်မည်။

သားကောင်တွေ့လို့ဖြစ်မည်။

ကျွန်တော်သည် နေရာမှာပင် ပြန်ထိုင်နေလိုက်တော့ ၏။ မောပန်းနွမ်းနယ်နေသည်ကြောင့် ထိုင်လျက်နားနေခြင်း ဖြစ်၏။

အတန်ကြာတွင် လင်းမြင့်လှိုင် ပြန်ရောက်လာ၏။

သားကောင် ရမလာပါချေ။ လက်ချည်းသက်သ


www.burmeseclassic.com

www.burmeseclassic.com



ပြုံစိချေ၏။

'ဘာကောင်တုန်း'

သိလို၍ မေးလိုက်သည်။

'တစ္ဆေ'

'နောက်မနေစမ်းပါနဲ့ဗျာ'

ကျွန်တော် လင်းမြင့်လှိုင်မျက်နှာကို စေ့စေ့ကြည့်လိုက်၏။ မှုန်ကုပ်ကုပ်ဖြစ်၏။ မကျေမနပ်ဖြစ်နေသည့်ပုံ။ သို့ဆိုပါလျှင် လင်းမြင့်လှိုင် နောက်ပြောင်နေခြင်း မဟုတ်လောက်ပြီ။

ဘာမှတော့ ဆက်မမေး။

သူ့အပြောကို နားစွင့်ထားလိုက်တော့၏။

'မဖြစ်နိုင်တာ'

သို့သာ ပြောလာချေပြီး ကျွန်တော့်နား လာထိုင်ကာ ဝီစကီပုလင်းပြားလေးကို လှမ်းပေးလာတော့၏။

'မီးကင်သား ကျက်ပြီ'

သို့ပြောရင်း ကျွန်တော်သည် ဝီစကီသောက်လိုက်ပြီး မီးကင်သားကို တစ်ဖဲ့ ဖဲ့စားလိုက်၏။

လင်းမြင့်လှိုင်သည်လည်း မီးကင်သားကို တစ်ဖဲ့စားလိုက်ပြီး ဝီစကီတစ်ငုံ သောက်လိုက်၏။

ပြီးလေမှ-

'ကိုပိုက် ရေခပ်ထွက်သွားပြီး အတော်ကြာကြာမှာ



www.burmeseclassic.com

www.burmeseclassic.com


လေယာဉ်နောက်ပိုင်းကနေ စကားပြောသံကြားလိုက်တော့ ကျွန်တော် လှမ်းကြည့်လိုက်တယ်ဆိုလျှင်ပဲ ထောင်ထောင် မောင်းမောင်း ကုလားကြီးနှစ်ယောက်ကို တွေ့လိုက်တယ်ဗျာ။ ရုတ်တရက်ဆိုတော့ ကျွန်တော်လည်း ကြောင်သွားတာပေါ့။ ကာကီရောင်ဘောင်းဘီ၊ ယူနီဖောင်းအင်္ကျီတွေနဲ့ဆိုတော့ တန် လှူပ်သွားတယ်ဗျ။ ဘာလို့လဲဆိုတော့ ဒီလေယာဉ်နဲ့ ပတ်သက် တဲ့လူတွေလို့ သိလိုက်လို့ပဲ၊ သူတို့နှစ်ယောက်က တာပုမြုပ်နှံ ထားတဲ့နေရာဘက်လျှောက်သွားတော့ကာ ကျွန်တော် ထလိုက် သွားတာပေါ့၊ တာပု မြုပ်ထားတဲ့နေရာလည်းရောက်ကော ကြည့်နေရင်းကနေ ဘယ်လိုပျောက်သွားလဲ မသိဘူး၊ ဒါနဲ့ ကျွန်တော်လည်း အဲဒီနားကို ပြေးသွား၊ ပတ်ဝန်းကျင်ကို ကြည့် လိုက်တယ်၊ တိတ်ဆိတ်နေတာပဲ၊ ဘာလို့လဲ မသိဘူး၊ အဲဒီ နားမယ် ကျွန်တော် ရပ်ကြည့်နေရင်း ကြက်သီးထနေတယ် ဗျာ၊ တစ်စုံတစ်ရာကို တွေးပူကြောက်နေသလိုပဲ၊ ဘာကို ကြောက်နေမှန်း မသိပါဘူးဗျာ၊ နို့ကြောင့် ကျွန်တော်လည်း မိုးပေါ်ထောင်ပြီး သေနတ်တစ်ချက် ဖောက်လိုက်မိတယ်'

'သည်တော့ ကျွန်တော် ကြောက်စိတ်ပျောက်သွား တော့တယ်။ အတန်ကြာကြာ ရပ်ကြည့်နေသေးတယ်။ ဘာမှ ထူးခြားမှု မရှိတော့တာနဲ့ ပြန်လာခဲ့တာပဲ'

'ကိုလင်း စိတ်ထင်လို့ဖြစ်မှာပါ'


www.burmeseclassic.com

www.burmeseclassic.com



'ပြောတတ်ပေဘူးဗျာ'

သည့်နောက် ကျွန်တော်တို့သည် စားသောက်ပြီးသည်တွင် အမှောင်ထုကလည်း ရောက်လာပြီဖြစ်ခြင်း မိုးစက်မိုးပေါက်များလည်း ကျလာသည်ဖြစ်ခြင်းကြောင့် လေယာဉ်ဝမ်းဗိုက်အတွင်း ဝင်ထိုင်လိုက်ကြတော့၏။

မကြာမီ မိုးဖြိုင်ဖြိုင်ရွာချလာတော့၏။ လေပြင်းပါလာသည်ကြောင့် လေယာဉ်တံခါးပေါက်မှနေ၍ မိုးစက်များရောက်လာသည်ကြောင့် အတွင်းပိုင်းသို့ တိုးထိုင်လိုက်ကြရတော့၏။

အနံ့အသက်ကတော့ဖြင့် မကောင်းပါချေ။

အတန်ကြာသည့်တိုင် ကျွန်တော်တို့နှစ်ယောက်သည်ငြိမ်သည့်စကားသံမျှ မပြောကြလေဘဲ တံခါးပေါက်သို့ကြည့်တာ လေယာဉ်ကိုယ်ထည်နံရံကိုမှီနေလိုက်ကြ၏။ သေနတ်ကိုယ်စီကိုတော့ဖြင့် အရံသင့်ပစ်ခတ်နိုင်ရန် ဆုပ်ကိုင်ကာ ပေါင်ပေါ် မှေးတင်ထားလိုက်၏။

အတန်ကြာတွင် မျက်လုံးများ မှေးစင်းလာ၏။ လွန်ခင်းစွာ အိပ်ချင်ပါသော်လည်း အိပ်ပျော်မသွားရန် မျက်လုံးကိုအစွမ်းကုန် ပြူးထားမိတော့၏။

'ကိုပိုက်… အိပ်ချင်အိပ်လိုက်လေ၊ ကျွန်တော် မအိပ်ချင်သေးဘူး'



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကျွန်တော်တို့သည် အိပ်ချင်လျက် မအိပ်ခြင်းမှာ တစ္ဆေသူရဲကြောက်၍မဟုတ်။ အပြင်တွင် မိုးရွာနေသည့်ကြောင့် သားရဲကောင်သည်လည်း မိုးခိုရန် လေယာဉ်အတွင်း ဝင်လာမည်စိုးရိမ်သောကြောင့် ဖြစ်၏။ သည်ခါ ကျွန်တော်တို့နှစ်ယောက်လုံး အိပ်ပျော်နေလျှင် အခက်တွေ့ပေမည် မဟုတ်ပါကလား။

ကျွန်တော်သည် မျက်လုံးကို အစွမ်းကုန် ဖွင့်၊ စိတ်ကို တင်းထားသော်လည်း ငိုက်ခနဲဖြစ်သွားသည့်ကြားက လုံးလုံးလျားလျားကြီး အိပ်ပျော်သွားတော့၏။ မည်မျှကြာကြာ အိပ်ပျော်သွားလေသည် မသိ။ လေယာဉ်ကြီး တုန်ခါသွားသည်ကြောင့် လန့်ဖျတ်နိုးလာရတော့၏။

'ဘာဖြစ်တာလဲ ကိုလင်း၊ ဘာဖြစ်တာလဲ'

'သိပေဘူးဗျ၊ လျှောင်လှုပ်တာလား မသိ'

မိုးသည်ကား မစဲသေး။ အားကောင်းမောင်းသန် ရွာနေဆဲ။ လေယာဉ်တံခါးပေါက်မှ အပြင်သို့လှမ်းကြည့်လိုက်၏။

မည်းမည်းမှောင်မှောင်။

'ဒိုး'

'ဟာ'

တစ်စုံတစ်ရာ၏ တိုက်ခတ်မှုကြောင့် လေယာဉ်ကြီး တုန်လှုပ်သွားပြန်၏။ ဘယ်လို ဖြစ်တာပါလိမ့်။ လျှောင်လှုပ်တာ



www.burmeseclassic.com

www.burmeseclassic.com



တော့ မဟုတ်လောက်ပြီ။

'ကိုပိုက် အပြင်ကို မီးထိုးကြည့်စမ်းဗျာ'

ကျွန်တော်သည် လင်းမြင့်လှိုင်ပြောသလို ဓာတ်မီးဖြင့် လေယာဉ်အပေါက်အပြင်သို့ လှမ်းထိုးလိုက်၏။

'ဟာ'

လွန်စွာ ထိတ်လန့်သွားမိ၏။

အပြင်တွင် တောဆင်ရိုင်းသုံးကောင် တွေ့လိုက်ရ၏။

'ကိုလင်း'

သို့ ကျွန်တော်က လင်းမြင့်လှိုင်ကို တစ်စုံတစ်ခုပြောရန် ခေါ်လိုက်၏။ ဘယ်လိုလုပ်ရမည် မသိဖြစ်၍ပင်။

'ဒိန်း... ဒိန်း...'

'ဒိန်း...'

'ကွီးစ်လ်... ဝူး... ဝရူး... အူး....'

'ကွီးစ်လ်'

လင်းမြင့်လှိုင်သည် တောဆင်ရိုင်းသုံးကောင်ကို သူ့လက်တွင်းရှိ သေနတ်ဖြင့် ခြောက်လှန့်ပစ်လိုက်လေသဖြင့် သို့နှယ် ကြောက်လန့်တကြား အော်ဟစ်ပြေးသွားကြတော့၏။

'ဟူး'

တော်ပါသေးရဲ့။

'ကိုလင်း... မီးထွန်းဗျာ'



www.burmeseclassic.com

www.burmeseclassic.com



ညနေကတွေ့သော ဖယောင်းတိုင်အတိုလေးကို မီးညှိ ထွန်းလိုက်သည်။

မိုးသည် အနည်းငယ်တော့ဖြင့် စဲသွားချေပြီဖြစ်ငြား လျှပ်စီးများလက်၍ မိုးကြိုးများပစ်လာပြန်၏။

'ဒုက္ခပါပဲ ကိုလင်းရာ၊ သည်လေယာဉ်ကိုယ်ထည် ကြီးကိုပစ်ခံရလျှင် ကျွန်တော်တို့ပါ ဒုက္ခရောက်နိုင်တယ်ဗျ'

တောင်ကြောအမြင့်ပေါ်တွင် ရှိနေခြင်း၊ လေယာဉ် ကိုယ်ထည်သည် သံမဏိများဖြစ်ခြင်းကြောင့် မိုးကြိုးခနိုင် သည်ကို တွေးမိသည်ကြောင့် သို့နှယ် စိုးရိမ်တကြီး ပြောလိုက် မိ၏။

'သည့်အတွက်တော့ မပူပါနဲ့ ကိုပိုက်ရယ်၊ သည် လေယာဉ်ကြီးကို ချုံနွယ်သစ်ပင်တွေဖုံးနေတာ မဟုတ်လား'

သို့နှယ် လင်းမြင့်လှိုင်က ဖြေသိမ့်စကားပြောလေ သဖြင့် စိတ်ပူပန်မှု ဖြေဖျောက်နိုင်ခဲ့တော့၏။

လျှပ်စီးများလက်သည်ကြောင့် ပြင်ပကို ထင်းထင်း ကြီးတွေ့လိုက်ရ၏။ မျက်လုံးများ ကြောင်၊ အိပ်ပျော်ခြင်းမရှိ သည်ကြောင့် လျှပ်လက်လေတိုင်း အပြင်ကို လှမ်းကဲကြည့်မိ ၏။ သို့ ကြည့်နေရင်း ကြားမှ-

'ဟာ... ကိုပိုက်၊ ဟိုမယ် ကျွန်တော်ပြောတဲ့ လူ နှစ်ယောက်' လို့ လင်းမြင့်လှိုင်က ပြောလာသဖြင့် နောက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ကြိမ် လျှပ်အလက်တွင် ဂရုတစိုက် အပြင်သို့ကြည့်မိ၏။

'ကျွန်တော်တော့ ဘာမှ မတွေ့ပါဘူး'

'စောစောက ကျွန်တော် မြင်လိုက်တယ်ဗျ၊ ကုလား နှစ်ယောက်ဗျ၊ သည်လေယာဉ်နဲ့ပတ်သက်တဲ့သူတွေ ဖြစ်မယ်'

'မကျွတ်ကြဘူး ထင်ပါရဲ့'

ကျွန်တော်သည် မမြင်သော်လည်း သို့နှယ်ပြောလိုက် ၏။

'သည်တစ်ခါ ကိုလင်းမြင်ရင် အမျှအတမ်း ဝေလိုက် ပါလား'

'ဘယ်လိုဖြစ်နိုင်မှာလဲ ကိုပိုက်ရယ်၊ ကျွန်တော်တို့က သားသတ်မုဆိုးကွေလေ၊ ကျွန်တော်တို့ ဝေပေးတဲ့အမျှက သူတို့ အတွက် ဘယ်လာအကျိုးရှိနိုင်ပါ့မလဲဗျာ၊ အမျှဝေမယ့်အစား အသားဝေပေးလျှောင်ဖြင့် ဟုတ်တုတ်တုတ်ရယ်'

သို့နှယ် လင်းမြင့်လှိုင်က ပြောလာသဖြင့် သဘောကျ မိသေးတော့သည်။

'နို့ဖြင့်လည်း ဒီလိုလုပ်ကြည့်မယ်ဗျာ'

သို့ဆိုလျက် ကျွန်တော်သည် သူတို့ကို တွေ့လိုက် သည်ဟု လင်းမြင့်လှိုင်ပြောသော မုဆိုးကြီးတာပု မြုပ်နှံထား သည့် မြေပုံရှိရာဘက်သို့ သေနတ်တစ်ချက် ပစ်ဖောက်လိုက် တော့၏။



www.burmeseclassic.com

www.burmeseclassic.com



'ဒိန်း'

ကျွန်တော့်သေနတ်သံပေါ်ထွက်လာပြီး မရှေးမနှောင်း မှာပင် ပြင်းထန်သော မိုးကြိုးပစ်သံကို ကြားလိုက်ရတော့၏။

'ဒိုင်း'

ယမ်းနံ့ပင် ရလိုက်သေးတော့၏။

'ဒီနားတစ်ဝိုက်က သစ်ပင်ကြီးကိုပစ်လိုက်တာ ဖြစ်မယ်ဗျ'

သည်သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် မိုးထဲလေထဲ လျှပ်စီးနှင့် မိုးကြိုးသံတို့ကြား ထိတ်လန့်တုန်လှုပ်စွာ အချိန်ကုန်ခဲ့ကြရ၏။

မိုးလင်းလုအချိန်လောက်မှ မိုးလေငြိမ်သွား၏။ မိုးစင်စင်လင်းသည်တွင် ညက ဘာမှမဖြစ်ခဲ့သလိုပင် တောသည် ကျေးငှက်သာရကာတို့အသံဖြင့် လှုတပတ ဖြစ်နေပြန်တော့၏။

'ကိုပိုက်ရေ... သွားကြစို့'

'ဘယ်သွားမှာတုန်း'

'ခြေဦးတည့်ရာသွားရင်း လူသတ်တရားခံကို ရှာကြတာပေါ့'

'ကိုလင်းပြောသလောက် လွယ်ပါ့မလား'

'အချိန်တန်တော့လည်း နွားပိန် ကန်လာလိမ့်မပေါ့'

'ကောင်းပြီလေ'



www.burmeseclassic.com

www.burmeseclassic.com


သို့ဆိုလျက် ကျွန်တော်သည် လေယာဉ်ထဲမှ ထွက်လိုက်တော့၏။

'ဟာ…'

မုဆိုးကြီးတာပုကို မြုပ်နှံထားသည့် နေရာတွင်ရှိ ကျွန်းပင်ကြီးသည် ထက်ပိုင်းကျိုးကျ၊ မီးလောင်ကျွမ်းနေပါ ကလား။

ညက မိုးကြိုးခသွားခြင်း ဖြစ်ပေသည်။

ကျိုးကျနေသောအကိုင်းကြီး၏ မြေသားပေါ်သို့ ထိုးစိုက်ကျလာခြင်းကြောင့် မုဆိုးကြီးခြေရင်းဘက်ဖြစ်ခြင်းကြောင့် တော်သေး၏ဟု ထင်လိုက်ပေပြား မြေသားတို့ ဖွာထွက်လေသည့်နေရာတွင် တွင်းချိုင့်ကြီး ဖြစ်သွားလေသည်ကြောင့် အမှတ်တမဲ့ ကြည့်လိုက်မိသည်တွင် လွန်စွာမှ အံ့ဩဖွယ်ကောင်းသော မြင်ကွင်းကို တွေ့လိုက်ကြတော့၏။

လူ့ဦးခေါင်းခွံနှင့် အရိုးစုပါကလား။ ထူးဆန်းလိုက်တာ။ သို့ကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ထိုအရိုးစုနှင့် ဦးခေါင်းကို ဖော်ယူကြည့်လိုက်ရာတွင် ဦးခေါင်းခွံနှစ်လုံးဖြစ်နေသည်ကို အံ့ဖွယ် တွေ့လိုက်တော့၏။

လင်းမြင့်လှိုင်သည် အဖြေရှာမရ၊ တအံ့တဩ ဖြစ်နေသည့် ကျွန်တော့်ကိုကြည့်ပြီး သွားတက်ပေါ်ရုံ ရယ်ပြလာလေ ပြီးနောက်-


www.burmeseclassic.com

www.burmeseclassic.com



'ဒါ ဟိုလေယာဉ်နဲ့ ပတ်သက်တဲ့ လှုနှစ်ယောက် ဖြစ်လိမ့်မယ်'လို့ ပြောလာ၏။

ဟုတ်ပါရဲ့၊ လင်းမြင့်လှိုင် တွေ့လိုက်သည်ဆိုသည့် လှုနှစ်ယောက်သည် ဤနေရာလေးတွင် ပျောက်ပျောက်သွား လေသည်ကြောင့် သူတို့နှစ်ယောက်ပင် ဖြစ်ပေလိမ့်မည်။

'ကဲ… ကိုလင်း ဘာဆက်လုပ်ကြမလဲ'

ကျွန်တော့်အမေးကို မဖြေ။ ထိုအရိုးစုတို့ကိုသာ မြေ ပြန်ဖို့နေလေသည်ကြောင့် ကျွန်တော်သည်လည်း ဝိုင်းကူလုပ် ပေးလိုက်၏။ နေသားတကျပြန်ဖြစ်သွားလေမှ မပြောမဆို ထိုနေရာလေးမှစ၍ ရှေ့ဆက်လျှောက်သွားလေသည်ကြောင့် ကျွန်တော်သည်လည်း နောက်မှ လိုက်သွားတော့၏။

လင်းမြင့်လှိုင်သည် ဘယ်ရယ်လို့တော့ မပြော။ သို့ပေ မင့် ကျွန်တော် သိလိုက်သည်မှာ ပြန်လမ်းမဟုတ်ခြင်းပင် ဖြစ်တော့၏။

သို့ဖြင့် ကျွန်တော်တို့သည် မြောင်ကျယ်ကြီးတစ်ခုသို့ ရောက်လာကြ၏။ မြောင်ကျယ်ကြီးအတွင်း စီးနေသော ရေ မရှိဆိုပေမင့် ရေဝပ်နေသည့် ရေအိုင်နှင့် စမ်းရေတို့ ရှိကြ၏။

'ဟာ… ကိုလင်း ဟိုမယ်… ဟိုမယ်'

'ဒိန်း'

မြောင်အတွင်း အတန်ငယ်မျှ ကျော်ဝင်ခဲ့ကြသည်တွင်



www.burmeseclassic.com

www.burmeseclassic.com



တောဝက်တစ်ကောင်ကို တွေ့လေသည်ကြောင့် ကပျာကသီ ဆိုသလိုပင် သေနတ်နှင့်လှမ်းပစ်လိုက်ပေပြား လွဲချော်သွား လေ၏။

တောဝက်ကောင်သည်လည်း ရုတ်ခြည်းဆိုသလိုပင် ထိုနေရာလေးမှ မြောင်အတွင်းပိုင်းသို့ လှည့်ပြေးသွားချေတော့ ၏။

'ဒိန်း'

အလိုလေးဗျာ၊ ကျွန်တော်တို့ဝင်ခဲ့သော မြောင်အတွင်း လူတစ်ယောက်(မုဆိုး)ရှိနိုင်၏။

မြောင်အတွင်း ပြေးဝင်သွားသော ဝက်ကောင်ကို ပစ် လေခြင်းဖြစ်၏။ ကျွန်တော်တို့ထင်ထားသလိုပင် ကျွန်တော်တို့ လက်မှ လွတ်ပြေးသွားသော ဝက်ကောင်သည် ထိုသူလက်မှ တော့ ပြေးမလွတ်သာချေပြီ။

'ဟာ'

ဝက်သေကောင်ကြီးနား ရောက်သည်တွင် အံ့သြ တကြီးဖြစ်မိကြပြန်၏။ ဝက်ကောင်၏ ရှေ့လက်တစ်ချောင်း မရှိတော့ပါချေ။ သွေးသံရဲရဲဖြင့် လက်ပြင်အရင်းမှ ပြတ်နေ လေတော့၏။

ကျွန်တော်တို့ ရောက်မလာမီ ဝက်ကောင်၏လက်ကို ကပျာကသီ ဖြတ်ယူသွားလေခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'သည်မြောင်းလေးအတိုင်း ဝင်ပြေးသွားတာ ဖြစ်မယ် ဗျ'

မြောင်း၏ညာဘက်ခြမ်း သစ်ပင်ချုံနွယ်ကြား ဖြတ်ဝင်သွားသည့် လမ်းမြောင်းလေးကို ကြည့်ပြီး လင်းမြင့်လှိုင်က ပြောလေ၏။

'ကဲ... ကိုလင်း၊ သူ မလိုချင်လို့ ထားသွားတာပဲ၊ ကျွန်တော်တို့လည်း ဆာနေပြီ'

သို့ဆိုလျှက် ကျွန်တော်သည် ဝက်ကောင်၏ နှုတ်သီးနှင့် လျှာကို ဖြတ်ယူလိုက်တော့၏။

'သည်လမ်းမြောင်းလေးအတိုင်း လိုက်သွားကြမယ် ဗျာ'

လင်းမြင့်လှိုင် သဘောထားအတိုင်း ကျွန်တော်သည်လည်း ကန့်ကွက်ခြင်းအလျဉ်းမရှိ။ ဘယ့်တွက်မှု ဆာလောင်နေခြင်းကြောင့် နားနေလို၍ဖြစ်တော့၏။

မြောင်းအတွင်းမှ ဖယ်ထွက်၍ မြောင်းလေးအတိုင်း တောတိုးခဲ့ရာမှာ ဝါးတောတစ်ခုသို့ ရောက်လာကြ၏။

တစ်ပင်တိုင်ဝါးတောဖြစ်ခြင်းကြောင့် အောက်ပေါင်းရှင်းချေ၏။ သို့ကြောင့် ဝါးပင်တို့ကြားတွင် ပေါက်နေသည့် ဖန်ခါးပင်ကြီးအောက်တွင် နားနေစားသောက်ရန် ဆုံးဖြတ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com


နှစ်ယောက်သား ဖန်ခါးပင်ကြီး ကျောမှီ၍ ခဏတာမျှ နားနေလိုက်ကြပြီးနောက် သစ်ခြောက်တုံး အကိုင်းအခက်တို့ကို စုဆောင်းလိုက်ကာ မီးမွှေးလိုက်သည်။ ဖြတ်ယူလာခဲ့သော ဝက်လျှာနှင့်နွတ်သီးကို တံစို့ထိုး မီးကင်လိုက်ပြန်သည်။ သို့ဖြင့် မီးကင်သားကျက်သည်တွင် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဝီစကီသောက်ရင်း မြည်းစားလိုက်ကြတော့၏။

အရက်တစ်ပြားလည်း ကုန်၊ ဝက်လျှာကင်နှင့် နွတ်သီးကင်တို့ ကုန်သွားသည်နှင့် ခြေပစ်လက်ပစ် ဖန်ခါးပင်ကို ကျောမှီ တစ်ရေးအိပ်လိုက်ကြတော့၏။

'ဒိန်း'

မည်မျှကြာကြာ အိပ်ပျော်သွားလေသည် မသိ။ သေနတ်သံကြောင့် နိုးလာခဲ့တော့၏။

ထိုသေနတ်သံသည် လင်းမြင့်လှိုင် ပစ်လိုက်ခြင်း ဖြစ်၏။ ကျွန်တော့်နံဘေးတွင်မတော့ လင်းမြင့်လှိုင် မရှိ။ ခပ်လှမ်းလှမ်းနေရာတွင် ရှိနေ၏။

သူ ဘာကိုပစ်တာပါလိမ့်။

သူ မျက်နှာမူရာသို့ လိုက်ကြည့်မိ၏။ ထူးခြားမှု မည်သို့မျှမရှိချေ။

'ကိုလင်း··· ဘာကောင်တွေ့လို့လဲ'

ကျွန်တော်က မေးလိုက်ရင်း နေရာမှထကာ လင်းမြင့်


www.burmeseclassic.com

www.burmeseclassic.com



လှိုင်ရှိရာသို့ သွားလိုက်၏။

'ရှေ့တောင်ကြောဘက်က တောဆင်အုပ်အသံတွေကြားလို့ သည်ဘက်ဆင်းမလာအောင် ခြောက်လှန့်ပစ်လိုက်တာ'

'နို့ဖြင့် ကျွန်တော်တို့ အဲဒီဘက် သွားလို့ဖြစ်ပါ့မလား'

စိုးရိမ်စိတ်ဖြင့် ကျွန်တော်က ပြောလိုက်သည်။

'သွားတာတော့ သွားရမှာပဲဗျ၊ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ ခြေရာခံလိုက်နေတဲ့မုဆိုးက အဲဒီတောင်ကြောဘက်သွားတာပဲ မဟုတ်လား'

'ဟုတ်ပါရဲ့၊ သည်လူ တောဆင်အုပ်နဲ့ ပက်ပင်းတိုးနေပြီလား မသိဘူး'

'သေနတ်သံ မကြားမိဘူးဆိုတော့ တောဆင်အုပ်နဲ့ တိုးလိမ့်မယ်မဟုတ်တဲ့အပြင် အလှမ်းဝေးဝေးမှာ ရှိကြမယ့်ပုံပဲဗျ၊ ကျွန်တော်ကသာ သည်ကနေပြီး ကြောက်လန့်ခြောက်ထုတ်ပစ်လိုက်တာ'

'ကဲ…ကိုပိုက်၊ အိပ်ရေးဝပြီ မဟုတ်လား၊ သွားကြစို့'

သည့်နောက် ဝါးတောအတွင်း လျှောက်ခဲ့ကြပြီး တောင်ကြောလေးပေါ်သို့ ချုံပင်တို့ကို ဖယ်ရှားတက်ခဲ့ကြ၏။ ထိုတောင်ကြောမကြီးပေါ် ရောက်သည်တွင် အထက်အောက် ဘယ်ဆက်လျှောက်ရမည် ရပ်၍ကြည့် အကဲခတ်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဟိုမယ် ကိုပိုက်… ဟိုမယ်… ဟိုမယ်'

တောင်ကြောအထက်ဘက် ကျွန်းပင်ကြီးတစ်ပင်ခြေ ရင်းတွင် လူတစ်ယောက် ခွေလဲနေသည်ကို တွေ့လိုက်ကြရ၏။

'ကျွန်တော်တို့ ခြေရာခံလိုက်နေသော မုဆိုးလေများ လား'

'ဟင်'

'ဟာ'

'မဖြစ်နိုင်ဘူး ကိုပိုက်၊ ဒါ တခြားတစ်ယောက် ဖြစ် မယ်'

ထိုသူ သေဆုံးနေလေပြီပဲ။

ထိုသူ၏နောက်စေ့ကို မာကျောသော အရာတစ်ခုဖြင့် ထုရိုက်သတ်သွားခြင်း ဖြစ်တော့၏။

'ဟာ… ကိုလင်း၊ ဒီမယ် ကျည်တစ်တောင့်ဗျ'

ထိုသူနှင့် ခပ်လှမ်းလှမ်းတွင် ကျည်တစ်တောင့် တွေ့ လသဖြင့် ကျွန်တော်က ကောက်ယူပြလိုက်၏။

ကျွန်တော့်ထံမှ ကျည်တောင့်ကိုယူ၍ လင်းမြင့်လှိုင် သည် စေ့စေ့ကြည့်လိုက်လေပြီး-

'ဒါ… ရိုင်ဖယ်ကျည်ပေပဲဗျ'ဟု ပြောလာချေတော့ သည်။

'အင်း… ဒီလူ့ကို ထုရိုက်သတ်သွားတဲ့လူက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ခြေရာခံလိုက်နေတဲ့သူ ဖြစ်မယ်၊ ဒီလူ့အလစ် မှာ နောက်ကွယ်ကနေ ချောင်းမြောင်း သေနတ်ဒင်နဲ့ထုသွား တာ ဖြစ်မယ်ဗျာ'

'အင်း... ဒီလူ လူသတ်သမားဖြစ်မယ်၊ ဖထီကို သတ်သွားတဲ့သူပဲ ဖြစ်မယ်၊ ပြီးတော့ ပျားစွဲရွာနားက ပိန်ရှည် ရှည်လူတစ်ယောက်ကို သတ်သွားတာလည်း သူပဲဖြစ်မယ် ဒါနဲ့ဆို သုံးယောက်ရှိပြီဗျ၊ ဘယ်လိုလုပ်ပါလိမ့်၊ အကြောင်းမဲ့ သက်သက် လိုက်သတ်နေတာများလား'

'နို့ဖြင့် ကျွန်တော်တို့လည်း သတိနဲ့ သွားလာမှဖြစ် တော့မယ်ဗျာ'

ကျွန်တော်က ပြောလိုက်ခြင်း ဖြစ်သည်။

'သတိနဲ့နေဖို့တင် မဟုတ်ဘူးဗျ၊ သတိနဲ့ ဒီလူ့ကို မတွေ့မနေ လိုက်ရှာရလိမ့်မယ်၊ သူ ဘာကြောင့် လူတွေကို သတ်နေလဲ သိချင်တယ်'

သည့်နောက် ကျွန်တော်တို့သည် ထိုနေရာလေးမှ ထွက်ခဲ့ကြပြန်၏။

ထိုတောင်ကြောမှ အောက်ဘက်သို့ဆင်းသွားသော ကြောစွယ်လေးအတိုင်း လိုက်ဆင်းသွားကြရာတွင် ကြောစွယ် လေးထိပ်၌ ဝါးတဲတစ်လုံးကို တွေ့လိုက်ကြတော့၏။

ထိုဝါးတဲလေးတွင် လူ ရှိမနေပါချေ။



www.burmeseclassic.com

www.burmeseclassic.com



'ဝါးခုတ်သမားတဲတော့ မဟုတ်လောက်ဘူးဗျ'

တဲပုံစံကတော့ ဝါးခုတ်သမားတို့ ယာယီနေထိုင်ရန် ဆောက်လုပ်ထားသော တစ်ဖက်ရပ်တဲမျိုးမဟုတ်။ အမိုးသည် အလယ်ခေါင်ပါ၏။ သုံးဘက်သုံးတန်ကို ဝါးကိုပေါက်၍ ထရံယက်ကာထားလေ၏။

ဆင်သမားတို့ တဲနှင့် ခပ်ဆင်ဆင်ဖြစ်၏။ သည်တဲတွင် ဘယ်သူနေတာပါလိမ့်။ မုဆိုးလား၊ ပျားဖွပ်သမားလား၊ တစ်ယောက်ယောက် ဖြစ်နိုင်၏။ သို့မဟုတ် မုဆိုးတစ်ယောက်လည်း ဖြစ်နိုင်၏။

တဲပေါ်တွင် အိပ်ရာလိပ်တစ်ခု ခင်းထား၏။ ထို အိပ်ယာလိပ်သည် ဆန့်ဆန့်ပုံ့နေခြင်းတော့ မဟုတ်။ အနေအထား ပျက်ယွင်းနေ၏။ မည်းညစ်ညစ် ခေါင်းအုံးသည် တဲအောက်သို့ ကျနေ၏။

တစ်စုံတစ်ဦးက တစ်စုံတစ်ရာကို လှန်လှောရှာဖွေထားပုံဖြစ်၏။

'သည်တဲမှာနေတာ စောစောကလူလည်း ဖြစ်နိုင်တယ်'

လင်းမြင့်လှိုင်က သို့ သတ်မှတ်ချက် ချလေ၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် တဲပေါ်တွင် ခြေထွဲလောင်းချ ခဏတာမျှ ထိုင်လိုက်ကြလေပြီး ဝိစကီပြားလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ထုတ်သောက်လိုက်ကြပြန်၏။

'သည်မှာ ညအိပ်စခန်းချမယ်'

'ဗျာ'

'ဟုတ်တယ်၊ တဲရှင်ဖြစ်ဖြစ် တစ်စုံတစ်ဦးကိုဖြစ်ဖြစ် ဒီကနေ စောင့်မယ်'

'ဘယ်လို ဖြစ်နိုင်မှာတုန်း၊ သည်မယ် ကျွန်တော်တို့ ရှိနေမှန်းသိလျှင် အခြားတဲရှင်သာလျှင် ရောက်လာချင် လာမပေါ့၊ အကယ်၍ စောစောကလူသာ သည်တဲရှင်ဖြစ်လျှင် ဘယ်လာနိုင်ပါ့မလဲ၊ အဲ... ကိုလင်း ဘာမျှော်လင့်တယ်ဆိုတာ ကျွန်တော် ရိပ်မိပါတယ်၊ တစ်စုံတစ်ဦးရောက်လာနိုင်တယ် ဆိုတော့ သည်အိပ်ယာလိပ်ကို လာမွေသွားတဲ့သူကို ပြောတာ မဟုတ်လား၊ နို့ဖြင့် ကျွန်တော်တို့ ရှိနေလျှင် ဘယ်လာပါ့မလဲ၊ အဲဒီအပြင် တစ်နေရာကနေ ကျွန်တော်တို့ကို ချောင်းမြောင်း လုပ်ကြံလာလျှင် ဘယ်လိုလုပ်မလဲ'

ဖြစ်နိုင်ချေအကြောင်းကို ကျွန်တော် ပြောလိုက်၏။

လင်းမြင့်လှိုင်သည် ကျွန်တော့်ကို သွားတက်လေး ပေါ်ရုံ ပြုံးပြလေပြီး-

'ဟိုရှေ့မှာ ခြေရာတွေ့လား၊ အဲဒီရှေ့ဘက်က ချုံပုတ် လေးထဲ ပြေးဝင်သွားတာ၊ ကျွန်တော်တို့မှန်းသိလို့ပြေးသွား ရှောင်ပုန်းနေတာ ဖြစ်နိုင်တယ်၊ ကျွန်တော်တို့က သည်မြောင်



www.burmeseclassic.com

www.burmeseclassic.com



လေးအတိုင်း စုန်ဆင်းသွားကြမယ်၊ သည်နေရာနဲ့ မမြင်ကွယ် ရာလောက်ရောက်မှ တောင်ကြောပေါ်တက်ပြီး သည်တဲကို ပြန်ချောင်းကြမယ်'

သို့ လင်းမြင့်လှိုင်ပြောလေမှ ကျွန်တော် သဘော ပေါက်သွားလေတော့၏။ လင်းမြင့်လှိုင်သည် ထိုသူ ပြေးသွား သည်ထင်ရသော ချုံနွယ်ပင်တို့အပေါ် သေနတ်ဖြင့်လှမ်းပစ် လိုက်တော့၏။

'ဒိန်း'

'ကိုလင်း… ဘာလုပ်တာလဲ၊ အသားလွတ်ကြီး ကျည်တစ်တောင့်ဖြုန်းလိုက်တာပါကလား'

'ဟား… ဟား… ဟား… ဟား… အသားလွတ် ဖြုန်းလိုက်တာ မဟုတ်ဘူး ကိုပိုက်ရဲ့၊ ချုံပုတ်နွယ်ပင် နောက် ကွယ်မှာရှိနိုင်တဲ့သူကို လှည့်စားလိုက်တာလေ'

'မရှင်းဘူးဗျာ'

တကယ်လည်း ကျွန်တော် လင်းမြင့်လှိုင် ဘာပြောလို သည်ကို မသိပါချေ။

'သည်လို ကိုပိုက်ရဲ့၊ ကျွန်တော်တို့ ဒီရောက်လာ တယ်၊ တဲပေါ်က ခြေရာလက်ရာပျက် အခြေအနေကို ရိပ်စား မိလိုက်ကြပြီး ချုံလေးထဲမယ် ပုန်းခိုတဲ့သူ ရှိမရှိ ပစ်ခတ်ကြည့် တဲ့သဘောပေါ့ဗျာ၊ အဲ… ကျွန်တော်တို့က အဲလိုပစ်ခတ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဘယ်သူမှရှိပုံမရလို့ ဒီနေရာကနေ ထွက်သွားပြီဆိုတဲ့ပုံ ဖြစ်အောင် ဖန်တီးလိုက်တာလေဗျာ'

သို့ဆိုသလို လင်းမြင့်လှိုင်က ကျွန်တော့်ကို မျက်နှာချင်းဆိုင် မကြည့်လေဘဲ ချုံပုတ်ပင်တို့ဘက် လှမ်းကြည့်နေရင်း တိုးညင်းစွာ ပြောလာချေတော့၏။ သည်တော့မှ ကျွန်တော် သဘောပေါက်သွားသည်။

'ကဲ… လာ သွားကြမယ်'

သို့ဆိုလျက် လင်းမြင့်လှိုင်သည် မြောင်လေးအတွင်း ဆင်းသွားတော့သဖြင့် သူ့နောက်မှ လိုက်ဆင်းခဲ့ချေတော့သည်။

သို့ဖြင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ကိုယ့်လမ်းကိုယ် ဆက်လျှောက်လေသည့်ပုံစံဖြင့် မြောင်အတွင်း စုန်ဆင်းခဲ့ကြ၍ အတော်လှမ်းလှမ်း ထိုနေရာမှ မမြင်ကွယ်ရာလောက်ရောက်လေမှ တောင်ကြောပေါ် ကုပ်ကပ်တွယ်တက်ခဲ့ကြတော့၏။

ကျွန်တော်တို့ ခြေချမိကြသော တောင်ကြောသည် တဲရှိ သည့်တောင်စွယ်အထက် တောင်ကြောသို့ ဖြစ်ချေ၏။

ထိုမှတစ်ဖန် ကျွန်တော်တို့သည် တဲရှိရာ တောင်ကြော စွယ်သို့ သတိကြီးစွာထား၍ ချဉ်းကပ်လာခဲ့ကြတော့၏။

တဲကို လှမ်းတွေ့ရသည့်နေရာအရောက်တွင် ဆိတ်ငြိမ် စွာ ပုန်းခိုနေလိုက်ကြတော့၏။ တဲပေါ်တွင်မူတော့ မည်သူ



www.burmeseclassic.com

www.burmeseclassic.com


တစ်ဦးတစ်ယောက်မှ ရောက်လာလေခြင်းမရှိသေး။ ပကတိ ငြိမ်လို့နေ၏။

'ကိုလင်းပြောတာ ဖြစ်နိုင်ပါ့မလား၊ သက်သက်မဲ့ ဒီမယ် အချိန်ဖြုန်းသလိုဖြစ်နေမှာပေါ့'

သို့ ကျွန်တော်က တိုးတိုးပြောလိုက်၏။

'စောင့်ကြည့်သေးတာပေါ့ဗျာ'

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ဝီစကီပြားလေးကို ထုတ်၍ တစ်ငုံမော့လိုက်လေပြီး ကျွန်တော့်ကို ကမ်းပေးလာတော့၏။

ကျွန်တော်သည်လည်း တစ်ငုံမော့လိုက်လေပြီး ပြန်ကမ်းပေးလိုက်၏။

သည့်နောက် ချုံနွယ်သစ်ပင်နောက်မှ ဂူရှိရာသို့ လှမ်းကြည့်နေလိုက်၏။

'ကြည့်မနေစမ်းပါနဲ့ဗျာ၊ အချိန်တန်တော့ ရောက်လာပါလိမ့်မယ်၊ အေးအေးဆေးဆေး တစ်ရေးတမော အိပ်လို့ဖြစ်ပါတယ်ဗျ'

သို့နှယ်ပြောပြီး လင်းမြင့်လှိုင်သည် သစ်ပင် ပင်စည်ကို ကျောမှီ၍ မျက်လုံးအစုံကို မှိတ်ထားလိုက်တော့၏။

သို့ဖြစ်၍ ကျွန်တော်သည်လည်း လင်းမြင့်လှိုင်ကဲ့သို့ ပင် ပင်စည်ကိုကျောမှီပြီး မှိန်းနေလိုက်တော့၏။


www.burmeseclassic.com

www.burmeseclassic.com


အိပ်ပျော်လုတွင်-

ကွိစ်…. ကွိစ်… ကွိစ်… ကွိစ်…

ကွိစ်…

ရှေ့ခပ်လှမ်းလှမ်း သစ်ပင်ထက်ရှိ နွယ်ပင်ကို ခိုတွဲအော်နေသည့် မျောက်တစ်ကောင်ကြောင့် မျက်လုံး ကျယ်လာရတော့၏။ သို့ကြောင့် လက်တွင်းရှိသေနတ်ဖြင့် ထိုးချိန်လိုက်သည်။

'မပစ်နဲ့လေ'

လင်းမြင့်လှိုင် အိပ်ပျော်နေခြင်း မရှိပါကလား။

သို့ဆိုသလို ဟန့်တားလာခြင်းကြောင့် ကျွန်တော်သတိရမိတော့၏။ ကျွန်တော်တို့ လူတစ်ယောက်ကို လာချောင်းနေလေသည်ပဲ။ သေနတ်သံပေးလို့ ဘယ်ဖြစ်ပါ့မလဲ။

'အေးဗျာ… ကျွန်တော် သတိလစ်သွားတယ်၊ ဆောရီးဗျာ'

BURMESE CLASSIC

သို့ဆိုလျှက် ကျွန်တော်သည် နေရာမှထလိုက်ပြီး တဲရှိရာဘက် လှမ်းကဲကြည့်လိုက်သည်။

'ဟာ…'

တဲရှိရာသို့ လူတစ်ယောက် လာနေသည်ကို တွေ့ရ၏။ ကျွန်တော်ပင် အမြင်မှားနေလေသည်လား။ သို့ကြောင့် လင်းမြင့်လှိုင်ကို လှမ်းကြည့်မိတော့၏။



www.burmeseclassic.com

www.burmeseclassic.com


လင်းမြင့်လှိုင်သည်လည်း ထိုသူ့ကိုမြင်သည်နှင့် အံ့သြသွားပုံရချေ၏။ မဖြစ်နိုင်ချေ။ မုဆိုးကြီးတာပုက သေပြီပဲ။ တဲဆီသို့ လျှောက်လာသူသည် မုဆိုးကြီးတာပု မဖြစ်နိုင်။

သို့ပေမင့် သွားပုံလာပုံ ခန္ဓာကိုယ်အဆက်အပေါက် တကယ့် မုဆိုးကြီးတာပုပင် ဖြစ်ချေ၏။

'ဖထီမှတ်လို့ အတော့်ကိုဆင်တာကလား'

'ဟုတ်တယ် ကိုလင်းရဲ့၊ ကျွန်တော်လည်း ဖထီမှတ်လို့၊ တအံ့တသြဖြစ်နေရတာ'

ကျွန်တော်တို့နှစ်ယောက် ကြည့်နေဆဲအချိန်မှာပင် ထိုသူသည် တဲပေါ်သို့ တက်ထိုင်ပြီး ဖြစ်နေတော့၏။

'သူနေတဲ့တဲ ဖြစ်မယ်'

ကျွန်တော် ပြောလိုက်၏။

ထိုသူသည် သူ ကိုင်ဆောင်လာသော ရိုင်ဖယ် သေနတ်အိုကြီးကို ကြမ်းခင်းပေါ် ချထားလိုက်လေ၏။

'ဟိုလူ့ကို သူသတ်တာ ဖြစ်နိုင်မလား'

လင်းမြင့်လှိုင်ကို ကျွန်တော်က တိုးတိုးကပ်မေးလိုက်၏။

'ဖြစ်လည်းဖြစ်နိုင်တယ်၊ မဖြစ်လည်း မဖြစ်နိုင်ဘူး'

သို့ပြောလာသည့် လင်းမြင့်လှိုင်ကို ကျွန်တော်က တအံ့တသြ ကြည့်လိုက်မိ၏။


www.burmeseclassic.com

www.burmeseclassic.com



'လမ်းမှားရောက်လာတဲ့သူတွေအနေနဲ့ သူ့ဆီ သွားကြမယ်'

သို့ပြောလိုက်သည်တွင် လင်းမြင့်လှိုင်က ခေါင်းကို ညင်သာစွာ ခါယမ်းလိုက်လေပြီး-

'ဟိုလူ့ကိုသတိတာမှန်လျှင် သူ ဒီမှာ ကြာကြာနေမှာ မဟုတ်ဘူး၊ ပြီးတော့ ကျွန်တော်တို့ သူ့ဆီသွားလိုက်လျှင်ဖြင့် ကျွန်တော်တို့ကို မြင်တာနဲ့ သူပြေးသွားမှာ၊ နို့မဟုတ်တောင် ကျွန်တော်တို့ကို လက်ခံမှာ မဟုတ်ဘူး'

'သည်တော့ ဘယ်လိုလုပ်ကြမလဲ'

BURMESE CLASSIC

'သူ့ကို ခဏတော့ စောင့်ကြည့်ဦးမယ်ဗျာ၊ ပြီးမှ တစ်ခုခု ဆုံးဖြတ်လိုက်တာပေါ့'

သို့ဖြင့် ကျွန်တော်တို့သည် နေရင်းနေရာမှာပင် ဆက်လက်ပုန်းကွယ်ကြည့်နေကြတော့၏။

'ရှော့... လေဗျာ'

တဲဘက်သို့ စူးစိုက်အာရုံရောက်နေသော ကျွန်တော့်ကို ထိခတ်၍ပြောလာသဖြင့် လှည့်ကြည့်လိုက်၏။

လင်းမြင့်လှိုင်သည် ကျွန်တော့်ကို ဝီစကီပုလင်းပြားလေး ကမ်းပေးလာသဖြင့် ကျွန်တော်သည် ဆတ်ခနဲဆွဲယူလိုက်၍ တစ်ငုံသောက်လိုက်၏။ တဲပေါ်မှလူသည် ဝါးကြမ်းခင်းပေါ် လှဲချလိုက်ကာ နဖူးပေါ်လက်တင်၍ စဉ်းစားနေပုံရချေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့်-

'သူ ဘယ်မှသွားမှာမဟုတ်ဘူး၊ ဟိုလူသေနေတာလည်း သူသိချင်မှသိမယ့်ပုံပဲဗျ'

'နို့ဖြင့်လည်း ဒါလေးသောက်ပြီးလျှင် သူ့ဆီ သွားစနည်းနာကြတာပေါ့၊ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် မျက်နှာချင်းဆိုင်လိုက်ကြကာ ဝီစကီပြားလေးကို အပေးအယူလုပ်သောက်လိုက်ကြတော့၏။

ဝေါ်ရင်ဂျီမော့ မော့နေခြင်းတော့ မဟုတ်။

အချိန်ဆွဲကာ သောက်နေကြခြင်း ဖြစ်၏။

ကျွန်တော်တို့၏ဆုံးဖြတ်ချက်သည် ထိုတဲမှလူထံ သွားကြရန်ပဲဖြစ်သည် မဟုတ်ပါလား။

သို့ကြောင့် အေးအေးဆေးဆေး ဖြည်းဖြည်းသောက်နေကြခြင်း ဖြစ်တော့၏။

သို့ရှိစဉ် ခြေသံကြားလိုက်လေသည်ကြောင့် ခြေသံရှင်ကို ချောင်းကြည့်လိုက်တော့၏။

'ဟင်'

ကျွန်တော်သည် တဲဘက်သို့ လှမ်းကဲကြည့်လိုက်ပြန်၏။ တဲပေါ်တွင် ထိုသူ ရှိမနေချေတော့ပြီ။ သေချာပေ၏။ ထိုသူသည် ကျွန်တော်တို့ရှေ့မှ ခပ်သုတ်သုတ်ထွက်ခွာသွားလေတော့သဖြင့်-



www.burmeseclassic.com

www.burmeseclassic.com



'သူ့ကြည့်ရတာ ဂဏာမငြိမ်သလိုပေပဲဗျ' လို့ ကျွန်တော်က ပြောလိုက်၏။

'လာဗျာ၊ သူ့နောက်လိုက်ကြမယ်၊ ကျွန်တော်တို့ အတွက် ထူးခြားမှုတစ်ခုခုတော့ဖြင့် ရှိနိုင်တယ်'

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ကျွန်တော့်လက်တွင်း ဝီစကီပြားလေးကို ထည့်ပေးလာချေပြီး နေရာမှ ရုတ်ခြည်း ထလိုက်သွားလေတော့သဖြင့် ကျွန်တော်သည်လည်း ကပ် လျက်လိုက်သွားရတော့၏။

ထိုသူသွားနေသည်မှာ ဝါးတောတောင်ကြောဝယ်သို့ ဖြစ်ချေ၏။ သူ့နောက် ကျွန်တော်တို့နောက်ယောင်ခံလိုက်နေ ခြင်းကိုရိပ်မိဟန်မတူချေ။ ထိုသူသည် ကျွန်တော်တို့ အလောင်း တွေ့ခဲ့သော နေရာရောက်သည်တွင် ရှေ့ဆက်မသွားလေတော့ ဘဲ အုံ့ညြတကြီးနှင့် တစ်စုံတစ်ရာကို ရှာဖွေနေပုံရချေ၏။

'သူရှာနေတာ ကျွန်တော်တို့တွေ့ခဲ့တဲ့အလောင်း ဖြစ် မယ်ဗျ'

လင်းမြင့်လှိုင်က ပြောလာချေတော့၏။

'ဟုတ်ပြီ ကိုလင်း၊ သူ လူသတ်သမား ဖြစ်မယ်'

'လာ ကိုပိုက်'

လင်းမြင့်လှိုင်သည် ထိုသူရှိရာသို့ ခပ်သုတ်သုတ် သွား လိုက်လေပြီး-



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားရှာနေတဲ့အလောင်း ကျွန်တော်တို့ မြေမြှုပ်လိုက်ပြီ' လို့ ပြောလိုက်သည်တွင် ထိုသူသည် ထိန်လန့်တကြား ဖြစ်၊ အံ့ဩတကြီး လှည့်လာတော့၏။

'ဟာ'

ကျွန်တော်တို့ကို မြင်လိုက်သည်နှင့် ထိုသူ မှင်တက်မိသွားချေတော့သည်။ လင်းမြင့်လှိုင်သည် ပြုံးပြုံးလေး ထိုသူကိုကြည့်ရင်း အနားတိုးကပ်သွားလိုက်တော့သည်။

'ဘာလို့သတ်လိုက်ရတာတုန်း၊ ဘယ်လို ပတ်သက်ကြသလဲ'

သို့နှယ်ပြောလည်းပြော၊ လက်တွင်းရှိသေနတ်ဖြင့်လည်း လှမ်းချိန်၍ ထိုသူ့ရင်ဘတ်ကို ထောက်ထားလိုက်လေပြီး ကျွန်တော့်ကို မျက်ခြေပြလာလေသဖြင့် ကျွန်တော်သည် ထိုသူ့လက်တွင်းမှ သေနတ်ကို ဆွဲယူထားလိုက်တော့၏။

ထိုသူသည် ဘာမျှတော့ ပြန်ပြောလေခြင်း၊ တုံ့ပြန်ခြင်း အလျဉ်းမရှိ နှုတ်ဆိတ်လို့သာနေ၏။

လင်းမြင့်လှိုင်ပြောသည်ကို ဝန်ခံသည့်သဘော ဖြစ်နေတော့၏။

'ကျွန်တော်မေးတာ ဖြေဦးလေ'

လင်းမြင့်လှိုင်က မေးလိုက်ပြန်ငြား ထိုသူသည် ခေါင်းကိုခါယမ်းလို့သာ နေ၏။



www.burmeseclassic.com

www.burmeseclassic.com



'စကား ပြောတတ်သူများပေလား'

'ကဲဗျာ... ခင်ဗျားတဲကို ပြန်သွားကြမယ်'

သို့ လင်းမြင့်လှိုင်က ဆိုလိုက်ပြန်တော့လည်း ခေါင်းညိတ်ပြလာ၏။ သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ထိုသူ့ကို အလယ်မှထား၍ တဲရှိရာသို့ လျှောက်ခဲ့ကြတော့၏။

ကျွန်တော်သည် ထိုသူ၏နောက်မှ ကပ်လိုက်ပါသူဖြစ်ခြင်းကြောင့် ထိုသူ့အခြေအနေကို လေ့လာအကဲခတ်မိသလောက်ပြောရလျှင် တစ်စုံတစ်ရာကို ကျိတ်ကြံစည်နေပုံရ၏။ ဖြစ်နိုင်ချေရှိသည်မှာ ထွက်ပြေးရန် ဖြစ်ချေ၏။ သို့ကြောင့် ကျွန်တော်သည် ထိုသူ့ကို လုံးဝ အလစ်မပေး၊ လက်တွင်းရှိသေနတ်ဖြင့် ချိန်ရွယ်ထားနေခြင်း ဖြစ်၏။

တဲသို့ရောက်သည်တွင် လင်းမြင့်လှိုင်ကို ကျွန်တော်က ထိုသူ့ကို ကြိုးဖြင့်တုပ်နှောင်ထားရန် တိုးတိုးကပ်ပြောလိုက်၏။

'ကိစ္စမရှိပါဘူး ကိုပိုက်ရဲ့၊ သူ့ကို ကျွန်တော်က လူသတ်သမားရယ်လို့ အခိုင်အမာ ပြောနိုင်သေးတာမှမဟုတ်တာ၊ ဘယ်လို ကြိုးနဲ့တုပ်နှောင်လို့ ဖြစ်ပါ့မလဲ'

'ဟင်... သူ ဝန်ခံနေပြီပဲ မဟုတ်လား'

'သူ မပြောပါဘူး'

'ဩော်... ကိုလင်းရယ်၊ ဆွံ့အနေလို့ ဝန်ခံမလာတောင် သူ့အမူအယာက ဝန်ခံနေတာပဲမဟုတ်ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'ဆွဲ့အတွဲလူတစ်ယောက်ပုံစံက ဒီလိုမျိုးမဟုတ်ဘူး ဗျ၊ စကားမပြောချင်တဲ့အကြောင်း သူ့မှာ ရှိပါလိမ့်မယ်'

'ဗျာ'

ကျွန်တော် နားမလည်နိုင်တော့ပါချေ။

'နို့ဖြင့် သူ ထွက်ပြေးသွားလျှင် ဘယ်လိုလုပ်မလဲ'

'လွယ်ပါတယ်'

သို့ဆိုလျက် လင်းမြင့်လှိုင်သည် အတော်လှမ်းလှမ်း သစ်ပင်ပေါ်ရှိ ငှက်တစ်ကောင်ကိုကြည့်ပြီး ကျွန်တော့်ကို မျက်စိတစ်ဖက်မှိတ်ပြကာ-

'ခင်ဗျား ငှက်သားမစားချင်ပေဘူးလား' လို့ မေးလာ တော့၏။

သို့မေးလာသည့်အသံသည် ခပ်ကျယ်ကျယ် ဖြစ်ချေ ၏။ လင်းမြင့်လှိုင်တစ်ယောက် တမင် အသံကျယ်လုပ် ပြော လေခြင်းသည် ထိုသူ စိတ်ဝင်စားမှုရှိလာအောင် ဖြစ်၏။ သို့ ကြောင့် ကျွန်တော်ကလည်း-

'ဘယ်လိုဖြစ်နိုင်မှာလဲ ကိုလင်းရယ်၊ သည်လောက် ဝေးတာ'လို့ ပြောလိုက်၏။

'နေဦးဗျ' ဆိုလျက် လင်းမြင့်လှိုင်သည် ငှက်ကောင်ကို အသေအချာကြည့်ပြီး-

'တောကျီးကန်းပေပဲဗျ' ဆိုလျက် သူ့လက်တွင်းရှိ



www.burmeseclassic.com

www.burmeseclassic.com



သေနတ်ဖြင့် ချိန်ရွယ်လိုက်တော့၏။

လင်းမြင့်လှိုင်သည် ငှက်ကို ချိန်ရွယ်ထားခြင်းသာ ရှိ၏။ ပစ်ခတ်ခြင်းတော့ မရှိသေး။ သို့ဆိုပါလျှင် ငှက်ကောင် နားနေရာမှ ပျံသန်းသွားပေရော့မည်။

'ကိုလင်း ပစ်လေဗျာ၊ တော်နေ ငှက်ထပျံသွားဦးမယ်'

သို့ဆိုသလို ကျွန်တော်က သတိထားပြောရင်း ထိုသူ့ကို မသိမသာ ငဲ့စောင်းကြည့်လိုက်၏။

ထိုသူသည်လည်း လင်းမြင့်လှိုင်ကို စိတ်ဝင်တစား ကြည့်နေစဉ် အလှမ်းဝေးဝေးရှိ ငှက်ကောင်ကို ပစ်ခတ်ရန် ကြံရွယ်နေသည့် လင်းမြင့်လှိုင်ကို ကြည့်လိုက်၊ ငှက်ကောင်ကို လှမ်းကြည့်လိုက်ဖြင့် သူသည်လည်း လင်းမြင့်လှိုင်ကို အားမလို အားမရဖြစ်နေပုံပင်။ ကျွန်တော်ကဲ့သို့ ငှက်ကောင် ထပျံသွားမည်ကို စိုးရိမ်နေပုံရ၏။

လင်းမြင့်လှိုင် မည်မျှ သေနတ်ပစ် ကျွမ်းကျင်သည့် လက်ဖြောင့်သည်ကို သိလိုနေပုံပင်။

ထိုသည်ကား မုဆိုးချင်းစိတ်ဝင်တစား ရှိကြသည့် အလေ့ပင် ဖြစ်တော့၏။

'ဟာ... ကိုလင်း ထပျံသွားပြီဗျ'

'ဒိန်း...'



www.burmeseclassic.com

www.burmeseclassic.com


'ဟင်...'

'ဟာ...'

လင်းမြင့်လှိုင်တစ်ယောက် တောကျိုးကန်းကောင်ကို ချိန်ရွယ်နေဆဲမှာပင် ထပျံသွားတော့၏။

တောကျိုးကန်းကောင် ကိုင်းထက်က ထပျံသွားလေမှ လင်းမြင့်လှိုင်သည် ပစ်လိုက်ခြင်းဖြစ်တော၏။

ကျွန်တော်သည်ပင် လင်းမြင့်လှိုင်ကို အထင်တကြီး ကြည့်လိုက်မိ၏။

ထိုသူဆိုပါလျှင် လင်းမြင့်လှိုင်ကို ကြောက်လန့်တကြား ကြည့်နေမိတော့၏။ လင်းမြင့်လှိုင်၏ သေနတ်ပစ်စွမ်းရည်ကို သိလိုက်ခြင်းကြောင့် ဖြစ်ချေ၏။

လင်းမြင့်လှိုင်သည် ကျွန်တော့်ကိုကြည့်၍ သွားတက်ကလေးပေါ်ရုံ ပြုံးလာလေပြီး-

'ကျွန်တော့်လက်ကသားကောင် လွတ်ရိုးထုံးစံ ရှိလို့လားဗျ' လို့ ပြောလာလေမှ ကျွန်တော် သဘောပေါက်သွားရတော့၏။

အကြံပိုင်လိုက်လေခြင်း။

ကျွန်တော်သည် ထိုသူ့ကို မသိမသာခိုးကြည့်လိုက်မိ၏။ ထိုသူ စိတ်ဓာတ်အကြီးအကျယ်ကျသွားပုံ ဖြစ်ချေ၏။

ဝါးတဲကြမ်းခင်းပေါ် စိတ်ပျက်လက်ပျက် ငြိုပစ်


www.burmeseclassic.com

www.burmeseclassic.com



လက်ပစ် ထိုင်ချလိုက်တော့၏။

ထိုသူသည် ကျွန်တော် ငှက်သွားကောက်ပြီး ပြန်ရောက်လာသည့်တွင် ငှက်ကောင်လေးကို စူးစူးစိုက်စိုက် ကြည့်နေလေတော့၏။

'တမင် ခေါင်းကိုရွေးပစ်တာဗျ၊ နို့မဟုတ်လျှင်ဖြင့် စားစရာ ဘာမှကျန်တော့မှာ မဟုတ်ဘူး'

လင်းမြင့်လှိုင်စကားကြောင့် ထိုသူ မျက်လုံးမျက်ဆန် ပြူးသွားတော့သည်။

'ဩော်... ပြောရဦးမယ်၊ ခင်ဗျားလည်း မုဆိုးလို့ ထင်တယ်' လို့ လင်းမြင့်လှိုင်က ထိုလူ့ကို လှည့်မေးလေ၏။ ထိုသူ ခေါင်းညိတ်ပြ၏။

'နို့ကြောင့် ကျွန်တော် ခင်ဗျားကို ကြိုးနဲ့တုပ်နှောင် တာကြီး မပြုပါဘူးဗျာ၊ လွတ်လွတ်လပ်လပ်နေပါ၊ ကိုယ်ပြု မိတဲ့အပြစ်တော့ဖြင့် ထိုက်သင့်တဲ့အပြစ်ဒဏ်ကို ကျေကျေ နပ်နပ်ကြီး ခံယူလိုက်စမ်းပါဗျာ၊ ခင်ဗျား ဘာကြောင့် လူသတ် မိတယ်ဆိုတာ ကျွန်တော်တို့ မသိချင်တော့ပါဘူး၊ ခင်ဗျားမှ စကားမပြောတတ်တာ၊ အဲ... ထွက်တော့ မပြေးပါနဲ့ဗျာ အနူးအညွတ်တောင်းပန်ပါတယ်နော်၊ မုဆိုးချင်း နားလည်မှု ရှိစေချင်လို့ပါ'

သို့ လင်းမြင့်လှိုင်က ပြောလိုက်သည့်တွင် ထိုသူသည်



www.burmeseclassic.com

www.burmeseclassic.com



ဖြည်းညင်းစွာ ခေါင်းညိတ်ပြလာချေတော့၏။

'သေနတ်တော့ သိမ်းထားပါရစေ'

လင်းမြင့်လှိုင်က ထပ်ပြောလိုက်ပြန်၏။

ထိုသူ ခေါင်းတဆတ်ဆတ် ညိတ်ပြလာတော့၏။

'ကဲ... ကိုပိုက်၊ ကျွန်တော် ထင်းသွားရှာချေဦးမယ်၊ ဒီမယ် သူနဲ့ ခဏနေခဲ့ဗျာ'

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ထွက်သွားချေတော့၏။ လင်းမြင့်လှိုင် ထွက်သွားသည်နှင့် ကျွန်တော်သည် တောကျီးကန်းကို အမွေးနှုတ်နေလိုက်တော့၏။

လင်းမြင့်လှိုင် ထင်းခြောက်တုံးများ စုဆောင်းမီးပုံရှိပြီးသည်နှင့် တံစို့ထိုးမီးကင်နိုင်ရန် ဖြစ်တော့သည်။

ထိုသူသည် စိတ်ဓာတ်ကျသွားဟန်ဖြင့် ဝါးကြမ်းခင်းပေါ် လှဲချလိုက်တော့သည်။

အတန်ကြာတွင် လင်းမြင့်လှိုင်သည် ထင်းခြောက်တုံးများနှင့် ပြန်ရောက်လာ၏။

ဝါးဆစ်ဗူးဖြင့်လည်း ရေပါလာ၏။

'ဟိုဘက်နားလေးမယ် မြောင်လေးတစ်မြောင် ရှိတယ်ဗျ၊ အဲဒီမြောင်ထဲက ရေအိုင်က အတော်လေးနက်တယ်ဗျ၊ ရေချိုးလို့ရတယ်၊ ပြီးလျှင် သွားချိုးချေ၊ ကျွန်တော်တော့ ချိုးလာခဲ့ပြီ'



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် လင်းမြင့်လှိုင် ထင်းတုံးများကို စုပုံမီးရှို့ပြီး သည်နှင့် ကျွန်တော်လည်း တောကျီးကန်းကောင် တံစို့ထိုးကို မီးပုံနားကပ်၍ စိုက်ထောင်လိုက်တော့၏။ ပြီးလျှင်-

'ခင်ဗျား ရေချိုးလိုက်ခဲ့ပါလား' လို့ ထိုသူ့ကို ပြော လိုက်၏။

'မချိုးတော့ပါဘူးဗျာ' ဆိုလာသဖြင့် ကျွန်တော်သည် လင်းမြင့်လှိုင်လက်တွင် ထိုသူ၏သေနတ်ကို အပ်ခဲ့ပြီး ရေအိုင် ရှိရာသို့ ထွက်ခဲ့တော့၏။ ဒီမိခပ်လှမ်းလှမ်း မလျှောက်လိုက် ရချေ။

လင်းမြင့်လှိုင်ပြောသည့် မြောင်းလေးအတွင်း ရေအိုင် သို့ ရောက်လာခဲ့၏။ ကံကောင်းထောက်မစွာဖြင့် မြောင်းထဲတွင် လင်းမြွေတစ်ကောင်ကို တွေ့လိုက်၏။ သို့ကြောင့် ညစာအလို့ ငှာ အလွတ်မပေးပါတော့ချေ။ ကျွန်တော့်အား တောင်ပေါ် ကရင်များ သင်ထားပေးလေသည့်အတိုင်း လင်းမြွေကြီး၏ အမြီးကို အရအမိဆွဲလိုက်လေပြီး လျှပ်တစ်ပြက်ဆိုသလိုပင် လေထဲမြှောက် ဖော့ယမ်းလိုက်တော့၏။

ခပ်ကြမ်းကြမ်းကလေး အမြီးပိုင်းမှကိုင်ကာ ဖော့ယမ်း လိုက်လေခြင်းကြောင့် မြွေကောင်အရိုးအဆစ်များ ပြုတ်သွား ပုံရချေ၏။ ထို့ဒဏ်ကြောင့် လင်းမြွေကောင် လုံးဝမလှုပ်နိုင် တော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် လင်းမြွေကောင်သေကြီးကို သေနတ်နှင့်အတူ ချထားလိုက်လေပြီး ရေအိုင်တွင် ဆင်းစိမ်လိုက်တော့သည်။

'အားပါ အေးလိုက်တာ'

တော်ရုံအေးခြင်း မဟုတ်။ စိမ့်နေအောင် အေးခြင်းဖြစ်တော့၏။ ရေစိမ်ပြီး စခန်းပြန်ခဲ့သည်တွင်–

ထိုသူသည် လင်းမြင့်လှိုင်နှင့် မီးပုံနားထိုင်နေသည်ကို တွေ့ရ၏။ စကားစမြည်ပြောနေကြခြင်းတော့ဖြင့် မရှိချေ။

ဘယ်ပြောဖြစ်ပါ့မလဲ။ ထိုသူက စကားမှမပြောတတ်လေတာ။ သို့ပေမင့် ကျွန်တော့်လက်တွင်းမှ လင်းမြွေကောင်ကို တွေ့သည်တွင် သူ ဖျက်ပေးမည်ရယ်လို့ လက်ဟန်ဖြင့် ပြောလာခြင်းကြောင့် သူ့ကို လှမ်းပေးလိုက်လေသည်။

ထိုညဦးတွင် ကျွန်တော်တို့သည် တောကျိုးကန်းမီးကင်၊ လင်းမြွေမီးကင်ဖြင့် ညစာအလို့ငှာ စားလိုက်ကြပြီး အိပ်ယာဝင်ခဲ့ကြတော့၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် အစွန်တွင်အိပ်၍ ထိုလူ့ကို အလယ်တွင်အိပ်စေလေ၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဝီစကီသောက်ထားကြသည်ဖြစ်၍ ဘယ်လိုမှ စိတ်တင်းမထားနိုင်။ ထိုသူ အိပ်မပျော်မီ ကျွန်တော်တို့နှစ်ယောက် အိပ်ပျော်သွားကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com



နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခြင်းကြောင့် အိပ်ယာမှနိုးလာသည်တွင် ထိုသူ့ကို သတိရလိုက်သည်ကြောင့် ကမန်းကတန်း ထလိုက်သည်တွင် မိုးစင်စင်လင်းနေပြီကို သိလိုက်ကြသလို ထိုသူ မရှိတော့သည်ကိုလည်း သိလိုက်ကြတော့၏။

'ဘယ်လိုလုပ်မလဲ ဟိုလူ ထွက်သွားပြီ'

ကျွန်တော်က စိုးရိမ်တကြီး နှမျောတသပြောလိုက်ပေမင့် လင်းမြင့်လှိုင်က ပြုံးစေ့စေ့လုပ်နေခြင်းကြောင့်-

'ဘယ်လိုဖြစ်နေရတာတုန်း ကိုလင်းရယ်၊ ကျွန်တော်တို့ ဖထီတာပုအတွက် တာဝန်မကျေဖြစ်ရတော့မပေါ့'လို့ အားမလိုအားမရ ပြောလိုက်၏။

'သည့်တွင်တော့ မပူပါနဲ့ ကိုပိုက်ရယ်၊ အချိန်တန်တော့လည်း နွားပိန်ကန်လာပါလိမ့်မယ်၊ ဟဲ.. ဟဲ...'

'အလိုလေးဗျာ၊ သူက နောင်တတရားတွေရပြီး ကျွန်တော်တို့ဆီ ပြန်လာ အဖမ်းခံမတဲ့လားဗျာ'

'အဲသလိုလည်း မဟုတ်ဘူးလေဗျာ၊ ကျွန်တော် သူ့ကို မသင်္ကာဖြစ်နေတာ သူဟာ စကားပြောတတ်တာ၊ မပြောတတ်တာပဲလေ၊ သူ့မလဲ သေနတ်ရှိနေတာပဲ၊ လွယ်လွယ်ကူကူ အဖမ်းခံပြီး ကျွန်တော်တို့ အိပ်ပျော်နေချိန်မှာ တစ်ခုခုလုပ်လို့ ရလျက်နဲ့ ဘာမှလုပ်မသွားဘဲ ထွက်သွားတာကိုက အံ့ဩစရာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပေဘူးလားဗျ'

'သူ အခွင့်မသာလို့ဖြစ်မပေါ့'

'အလိုလေးဗျာ၊ ဘာလို့ အခွင့်မသာ ဖြစ်ရမှာတုန်း၊ လူသတ်ဖူးတဲ့လူလေ၊ လက်ယဉ်နေပြီးပဲ၊ တာပုကိုလည်း သူ သတ်တာ၊ ဝါးသုန်းတောတောင်ခြေအစွပ်ကလူကိုလည်း သူ သတ်တာ၊ တောင်ကြောပေါ်ကလူကိုလည်း သူသတ်တာ၊ ဟော သူ လူသတ်ထားတာ သုံးယောက်ရှိပြီပဲ၊ သူ့ကို ကြိုးစင် တင်လောက်တော့ ကျွန်တော်တို့နှစ်ယောက်ကို သူ ထပ်သတ် လို့လည်း သူ့တွက် ဘာမှ အပန်းကြီးစရာ မရှိဘူးလေ၊ သူ့ လွတ်မြောက်ရေးအတွက် ပိုလို့တောင် စိတ်ချရသေးမဟုတ်လား'

သို့ လင်းမြင့်လှိုင် ပြောလာသည်လည်း ဟုတ်လို့ နေသေးတော့၏။

'အင်း... ဟုတ်ပြီ ခုမှ ကျွန်တော်လည်း သဘော ပေါက်ပြီ'

'ကဲ... ကိုပိုက် လာဗျာ၊ သူ့နောက် လိုက်သွားကြ မယ်'

'ဟင်... ဘယ်သွားတယ်၊ ဘယ်ဘက်သွားတယ် သိလို့လား'

'သိပ်သိတာပေါ့ဗျာ၊ ဟောဟိုက တောင်ကြော တွေ့ လား'



www.burmeseclassic.com

www.burmeseclassic.com



'အင်း… တွေ့တယ်လေ'

'တောကျိုးကောင်တွေ မတွေ့လား'

'တွေ့တယ်လေ၊ အတော်များတာကလား၊ အဲဒီနား မယ် အကောင်သေ ရှိနေလိမ့်မယ်၊ သည်ကောင်တွေ အစာ ရှိလို့ အဲဒီမယ်ပဲ ဝဲနေတာပဲ'

'ဟုတ်ပါပြီ၊ ဟိုလူက ဘယ်လိုကြောင့် အဲဒီမှာ ရှိရ မှာတုန်း'

'အလိုလေးဗျာ၊ ကိုပိုက်ရယ် ညံ့ပါပေ့၊ ညက တော ကျီးကန်းသားမီးကင်ကို ကျွန်တော်တို့ ဘာစားလိုက်ရလို့တုန်း၊ မှတ်မှတ်ရရ ကျွန်တော် တစ်ဖဲ့လားစားလိုက်ရတယ်၊ သူချည်း စားလိုက်တာလေ၊ အဲဒါကြည့်ခြင်းအားဖြင့် တောကျီးကန်း သားကို သူ သိပ်ကြိုက်တဲ့ပုံဗျ၊ ခုလည်း သူ အဲဒီမှ ရှိတာ သေချာပြီ၊ ဘာ[illegible] အပုပ်အစပ်အစာချည်းသက် သက် အဲဒီမှာရှိလို့ တောကျီးကန်းတွေ ခုလို အပင့်ထိပ်ဖျားမယ် အုံခဲရှိနေမှာ မဟုတ်ဘူး၊ အစာကောင်နားမှာပဲရှိဖို့ များတယ်၊ ခုတော့ ဘယ်လိုဖြစ်နေလဲဆိုတော့ တောကျီးကန်းတွေက အစာ နားကပ်လို့မရလို့ အပင်ဖျားထိပ်ကနေ အခွင့်အရေးချောင်းနေ တာဖြစ်မယ်၊ သူတို့ မျှော်နေတဲ့အစာလေးနားမယ် သူတို့ကို ဒုက္ခပေးမယ့်လူ ရှိနေလို့ဖြစ်မှာလေ'

'ဩော်… သဘောပေါက်ပြီ၊ တောကျီးကန်းသား



www.burmeseclassic.com

www.burmeseclassic.com



စားချင်လို့ အဲဒီလူ အဲဒီနားက တောကျီးကန်းတွေကို ချောင်းဖမ်းနေတဲ့သဘောပေါ့'

သို့ ကျွန်တော်က အားရဝမ်းသာ ပြောလိုက်တော့၏။

'ဒါပေါ့ဗျာ၊ ကဲ… လာ အချိန်မီလေး သွားကြရအောင်'

သို့ဆိုသလို လင်းမြင့်လှိုင်သည် ရှေ့မှ ခပ်သွက်သွက်လျှောက်သွားလေတော့သည်။ သည်သို့ဖြင့် ကျွန်တော်တို့သည် တစ်မြောင်ဝင် တစ်မြောင်ထွက်၊ တစ်ကြောတက် တစ်ကြောဆင်းဖြင့် ဝါးဘိုးဝါးတောသို့ ရောက်လာကြတော့၏။

'အာ… အာ… အား… အာ…'

'အာ… အာ… အား… အာ…'

'အာ… အာ… အား… အာ…'

သည်တွင် တောကျီးကန်းကောင်တို့ ဆူဆူညံညံအသံများ ကြားလိုက်ရတော့၏။ သို့ကြောင့် ချုံနွယ်သစ်ပင်တို့ကို အကာအကွယ်ယူ၍ ချောင်းမြောင်းကာ တောကျီးကန်းတို့ ရှိရာသို့ သွားလိုက်ကြ၏။

'ဟင်'

လင်းမြင့်လှိုင် ပြောသလိုပင် ပြောင်သေကြီးတစ်ကောင် ရှိနေလေ၏။ ဟင်းကောင် လဲ့စားသွားတာ ဖြစ်၏။ အတော်ပင် အပုပ်နံ့ထွက်နေချေပြီ ဖြစ်၏။ ဗိုက်သည် ဖောင်း



www.burmeseclassic.com

www.burmeseclassic.com


လောင်းပေါက်၊ အသားစိုင်တို့သည်လည်း မရှိသလောက် အရိုးတို့ ငေါငေါထွက်နေချေ၏။ ဦးခေါင်းရှိ ချိုကြီးကတော့ ကားကားကြီးရှိနေလေသဖြင့် လိုချင်စိတ်ပင် ဖြစ်မိသေးတော့၏။

ပြောင်သေကောင်ကြီးကို ဟင်းကောင်သာလျှင် မဟုတ်။ သူ၏နောက်လိုက် ကပ်ပါးတောခွေးတို့သည်လည်း ပွဲတော်တည်သွားပြီး ဖြစ်ချိမ့်မည်။ ထိုပြောင်သေကြီးနှင့် ခပ်လှမ်းလှမ်းရှိ သစ်တစ်ပင်နောက်ကွယ်တွင် ထိုသူ ရှိနေချေတော့၏။ သူသည် ပြောင်သေနားရောက်လာမည့် တောကျီးကန်းကောင်များကို ပြေးရိုက်ရန် ချောင်းမြောင်းနေဟန်တူ၏။

တောကျီးကန်းကောင်တို့သည် ပြောင်သေကြီးထံသို့ အုပ်လိုက်ဝင်လာ၍ အပုပ်နံ့လှိုင်လှိုင် အသားတို့ကို ဆွဲဖွဲ့ဆိတ်ယူချိန်တွင် ထိုလူသည် လျှပ်တစ်ပြက် ပြေးဝင်သွားကာ သူ့လက်တွင်းရှိ တုတ်ရှည်ဖြင့် သိမ်း၍ရိုက်လေတော့၏။

တောကျီးကန်းကောင်တွေပဲ၊ ဘယ်ဇာပေါ့မတုန်း။

ထိုသူ ပြေးသွားသည်နှင့် တောကျီးတို့ ကောင်းကင်ယံသို့ရောက်သွားပြီး ဖြစ်နေကြတော့၏။

သို့ အကြိမ်ကြိမ် ကြိုးစားပေမင့် တောကျီးတစ်ကောင်တလေမျှ ထိုသူ ရိုက်နှက်မဖမ်းမိနိုင် ဖြစ်လေခြင်းကြောင့် ကျွန်တော်နှင့် လင်းမြင့်ပိုင် ကျိတ်၍ ရယ်မိသေးတော့၏။


www.burmeseclassic.com

www.burmeseclassic.com


ထိုသူသည် ကျွန်တော်တို့အမြင်တွင် ကလေးပေါက်စ တစ်ယောက်လို ဖြစ်နေတော့၏။

ထိုသူ ဘယ်အချိန်ကတည်းက သို့ ကြိုးစားနေလေသည် မသိ။ ကျွန်တော်တို့အမြင်အသိ လေးငါးခြောက်ကြိမ်လောက်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်လေတော့၏။

တစ်ကိုယ်တည်း ကျိတ်၍ ဒေါသထွက်နေပုံလည်း ရ၏။

အတန်ကြာတွင် တောကျီးကန်းတောအုပ်သည် ပြောင်သေပေါ်သို့ ရောက်လာကြပြန်၏။ သည်တစ်ကြိမ်တော့ဖြင့် တောကျီးကန်းတို့ ကပျာကသီ ထပျံစရာအကြောင်း မရှိတော့ချေ။ ဘယ်တွက်မှ သူတို့ကို ပြေးလာရိုက်မည့်သူ မရှိ၍ဖြစ်တော့၏။ ထိုသူသည် ကျီးအုပ်ကိုကြည့်ပြီး အားမလိုအားမရ ဖြစ်နေတော့၏။

သူ့လက်တွင်းရှိသေနတ်ဖြင့် လှမ်းပစ်ရမည်ကိုလည်း သတ္တဝါနှင့် လက်နက်မမျှလေခြင်းတော့မဟုတ်။ ကျီးတစ်ကောင်အတွက် ကျည်တစ်တောင့်ကို နှမြောနေ၍ ဖြစ်လေသည်။ သူ့ကြည့်ရသည်မှာ သူ့သေနတ်တွင် ကျည်ရှိချင်မှ ရှိနိုင်၏။ ရှိဖြင့်လျှင်လည်း တစ်ကောင်နှစ်ကောင်အပြင် ပိုမည့်ပုံမပေါ်ချေ။ ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် သူ ဘာဆက်လုပ်မည်ကို စိတ်ဝင်တစား ကြည့်နေမိတော့၏။


www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ကြည့်နေဆဲမှာပင် တောကျီးကောင်တစ်ကောင်အတွက် ကျည်တစ်တောင့်ဖြုန်းရန် ဆုံးဖြတ်လိုက်ပုံ ရ၏။

သူ့လက်တွင်းရှိသေနတ်ကို တောကျီးအုပ်ရှိရာသို့ လှမ်းထိုးချိန်လိုက်၏။

'ဒိန်း'

တောကျီးအုပ် ပြုဆင်းသွားတော့၏။ မကောင်းသူထိပ်၊ ကောင်းသူထိပ် သဘောမျိုးဖြင့် ကျီးအုပ်တွင်း ပစ်လိုက်လေခြင်းကြောင့် ကျီးသုံးကောင်ခန့် သေကျန်ရစ်ခဲ့ချေတော့သည်။

သည်တော့မှ သူသည် ကျီးသေသုံးကောင်ကို သွားကောက်ယူလိုက်လေ၏။

ထိုသူ ကျီးကန်းတို့ကို ကောက်ယူနေစဉ် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ပုန်းကွယ်နေရာမှ သူ့ထံသို့ ခပ်သုတ်သုတ် လျှောက်သွားလိုက်ရင်း–

'ဟိတ်လူ မပြေးနဲ့'ဆိုလျက် လက်တွင်းရှိသေနတ်ဖြင့် ထိုးချိန်ထားလိုက်၏။

'ဒိန်း'

'ဟာ...'

'အာ...'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် သူ့ကို ထွက်မပြေးဝံ့အောင် သေနတ်ဖြင့် ချိန်ရွယ်ထားခြင်းသာ ရှိ၏။ ပစ်ခတ်ဖမ်းဆီးရန် စိတ်ကူးတော့ဖြင့် လုံးဝ မရှိချေ။ သူကတော့မူ မထူးဇာတ် ခင်းကာ ကျွန်တော့်အသံကြား လှည့်ကြည့်၊ အခြေအနေမှန်ကို ရိပ်မိသွားလေခြင်းကြောင့် လျှပ်တစ်ပြက် ပစ်လာချေပြီး ရုတ်ခြည်း ပြေးထွက်သွားတော့၏။ ကံသီပေလို့ သူ ပစ်လွှတ်လိုက်သော ခဲသီးကျည်ဆံသည် ကျွန်တော်တို့နှစ်ယောက်ကြားမှ ဖြတ်ထွက်သွားလေတော့၏။

ကိုယ့်အသက်ကို အရေးထားရလေခြင်းကြောင့် သူ့ကို တုံ့ပြန်ရန်လည်း စိတ်ကူးမရှိလေသည်ကြောင့် ကျွန်တော်တို့အမြင်မှ သူ ပျောက်သွားရပြန်၏။

'ဒီလူ… လူသတ်သမားဖြစ်ဖို့ သေချာပြီဗျ'

သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ထိုနေရာလေးမှ သူ ထွက်ပြေးရာဘက်သို့ လိုက်သွားကြပြန်၏။

သို့ လိုက်သွားကြသည်ဆိုရာ၌ သတိလက်လွှတ်တော့ဖြင့် မဟုတ်ချေ။ သူ၏ ချုံခိုတိုက်ခိုက်လာခြင်းလည်း ရှိနိုင်သည် မဟုတ်ပါကလား။

အတန်ကြာကြာ တောတိုးခဲ့ပြီးနောက် သူ၏ အရိပ်အယောင် လုံးဝ မတွေ့လေတော့သည်ကြောင့်-

'နားကြစို့ဗျာ'ဆိုလျက် ရေစီးမြောင်လေးတစ်ခုထိပ်



www.burmeseclassic.com

www.burmeseclassic.com


တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့၏။

'ဟာ… ကိုလင်း ဒီမယ်ဗျ'ဆိုလျက် ကျွန်တော်သည် မြောင်းပေါက်တွင် တွေ့လိုက်ရသည့်ခြေရာကို ပြလိုက်၏။

'ဟိုလူ့ခြေရာပေပဲဗျ'

မြောင်းအတွင်း ကဲကြည့်ရင်း လင်းမြင့်လှိုင်က ပြောလာတော့၏။

မြောင်းတွင်းဝင်သွားသည့် ခြေရာများဖြစ်သည်ကြောင့် လင်းမြင့်လှိုင်က သို့ ပြောလာခြင်း ဖြစ်၏။

'နို့ဖြင့်လည်း လိုက်သွားကြတာပေါ့၊ ပြီးမှ နားမယ်ဗျာ'

သူ့အား အလွတ်မပေးလို၍ ကျွန်တော်က ပြောလိုက်၏။

'မြောင်းအတိုင်း သူ သွားချင်မှ သွားလိမ့်မယ်ဗျ၊ မြောင်းနံရံကို ကုပ်တွယ်တက်ပြီး တောင်ကြောအတိုင်း သွားလျှင် ဘယ်နှယ်လုပ်မလဲ၊ သည်နေရာလေးက ခြေခင်းလက်ခင်းသာပါတယ်ဗျာ၊ သူ ဘယ်လောက်ပြေးနိုင်မလဲ၊ သူ့တွက် လုံခြုံပြီဆိုတဲ့ နေရာရောက်လျှင် သူ နားပြီး တောကျိုးကောင်တွေကို ကင်စားရဦးမယ်လေဗျာ၊ ဆာလောင်နေတဲ့သူ ဘယ်ထိပြေးနိုင်မှာတုန်း၊ ပုန်းနိုင်မှာတုန်း၊ သူ သတ်သွားတဲ့ ကျီး


www.burmeseclassic.com

www.burmeseclassic.com



ကောင်တွေက ကျွန်တော်တို့ကို ကူညီပါလိမ့်မယ်ဗျာ'

'ဗျာ'

လင်းမြင့်လှိုင်စကားက ကျွန်တော့်အတွက် အံ့ဖွယ်ပါ ကလား။

'ကျီးကောင်တွေက ကျွန်တော်တို့ကူညီဖို့ မပြောလေနဲ့၊ ကျီးကိုယ်ကျီးတောင် မကာကွယ်နိုင်လို့ လူတစ်ယောက်ရဲ့ ကင်စားခံရတော့မယ် မဟုတ်လား'

သို့ ကျွန်တော်က ပြောလိုက်သည်တွင် လင်းမြင့်လှိုင်သည် မည်သို့မျှ စောဒကတက် စကားပြန်ပြောလာခြင်း မရှိဘဲ ပြုံးစေ့စေ့ဖြင့်သာ ကြည့်နေလေတော့၏။

'မြောင်ထဲမယ် ရေရှိတယ်၊ အေးလိမ့်မယ်၊ သူ မြောင်အတိုင်းသွားတာတော့ မဟုတ်လောက်ဘူး၊ မြောင်နံရံကို ကပ်ကပ်တွယ်တက်သွားလောက်ပြီ၊ ကဲ··· ရော့ဗျာ၊ နားနားနေနေပေါ့'

သို့ဆိုလျက် ပုလင်းပြားလေးကို ကမ်းလာပေးလေတော့၏။

တစ်ငုံမော့သောက်လိုက်၍ ရင်တွင်း ပူခနဲ လျှောဆင်းသွားတော့သည်။

အတန်ကြာမျှ နားနေလိုက်ခဲ့ကြပြီးနောက် မြောင်ထဲဝင်ခဲ့ကြတော့၏။ မြောင် တောင်ကြောပေါ်တွင် သစ်ပင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



များတွေ့ရလေခြင်းကြောင့် အောက်ပေါင်းရှင်းမည့်ပုံပင်။ သို့ပေမင့် မြောင်တစ်ဖက်တစ်ချက် မြောင်ကမ်းတွင်မူ တောရှောက်ပင်များပေါက်လျက် ရှိချေ၏။ သို့ကြောင့် ကျွန်တော်တို့သည် မြောင်တိုပုံလည်းရသည်ကြောင့် မြောင်ကမ်းပေါ်သို့ တွယ်တက်လိုက်ကြ၏။

ကံကောင်းသည်ဟု ပြောရပေမည်။ ထိုလူသည် ကျွန်တော်တို့ တက်ခဲ့သည့် လမ်းကြောအတိုင်းတက်သွားလေခြင်း ဖြစ်၏။ မြောင်ကမ်းထိပ်တွင် သူ၏ခြေရာကို တွေ့လိုက်ရ၏။ တောင်ကြောပေါ်တွင်မတော့ ဝါးသုန်းပင်များ ပေါက်လျက်ရှိချေ၏။ သို့ကြောင့် ကျွန်တော်တို့နှစ်ယောက်သည် ဝါးသုန်းတောကိုတိုး၍ တောင်ကြောအတိုင်း လျှောက်ခဲ့ကြသည်တွင် ထိုတောင်ကြောစွယ်အဆုံးတွင် ချောင်းတစ်ခုသို့ ရောက်လာကြတော့၏။

ချောင်းကျယ်ကြီးဖြစ်သည်။ ရေစီးကြောင်းလေးသည် တစ်ဖက်ကမ်းပါးနံရံလေးမှ ကပ်စီးနေခြင်းဖြစ်၏။ ချောင်းမကြီးတွင် ကျောက်စရစ်ကျောက်တုံးကျောက်ခဲနှင့် သဲမြေများသာ ရှိချေ၏။ မိုးတွင်းဆိုလျှင်ဖြင့် ချောင်းပြည့် ရေစီးမည့်ပုံပင်။ ချောင်းအတွင်း သစ်ခြောက်တုံးကြီးများလည်း ရှိချေ၏။ ကဒက်ပင်ငယ်တို့လည်း ရှိချေ၏။ တစ်ဖက်တစ်ချက် ကမ်းနံရံတွင်မူ သစ်ပင်ကြီးများ အပြိုင်းအရိုင်းပေါက်လို့နေ၏။



www.burmeseclassic.com

www.burmeseclassic.com


အများအားဖြင့် ပျဉ်းကတိုးပင်ကြီးများ ဖြစ်ကြ၏။ ပျဉ်းကတိုးတောဟူ၍ပင် ပြောရလောက်၏။ ချောင်းအတွင်း သဲမြေပေါ်တွင် ထိုသူ၏ခြေရာများကို တွေ့ရသည့်အပြင် ကျားသစ်ကောင်ခြေရာများကိုလည်း တွေ့ရ၏။ ထိုသူ၏ခြေရာသည် လတ်လတ်ဆတ်ဆတ်ဖြစ်သော်လည်း ကျားသစ်ကောင်ခြေရာသည် မှန်းခြေပြောရလျှင် ညက သူ သွားထားပုံရ၏။ သို့ပေမင့် ကျားသစ်ကောင်ခြေရာနှင့် ထိုသူ၏ခြေရာသည် ချောင်းအထက်သို့ ဦးတည်သွားနေကြခြင်း ဖြစ်တော့၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည်လည်း ထိုခြေရာနောက် လိုက်ခဲ့ရာမှ လင်းမြင့်လှိုင်သည် ရုတ်ခြည်းဆိုသလိုသေနတ်ကို ကပျာကသီ မောင်းတင်လိုက်ပြီးနောက် ချောင်းကမ်းစပ်တွင် ပေါက်သည့် သစ်ပုပ်ပင်ကြီးရှိရာသို့ လှမ်းထိုးချိန်လိုက်ခြင်းကြောင့် ကျွန်တော်သည်လည်း သွားနေသောခြေလှမ်းကို ရပ်တန့်လိုက်ပြီး လင်းမြင့်လှိုင်ပစ်မှတ်သို့ လှမ်းကြည့်လိုက်၏။ သစ်ပုတ်ပင်ပေါ်သို့ တွားသွားတွယ်တက်သွားသော သတ္တဝါတစ်ကောင်ကို တွေ့လိုက်ရ၏။

မည်းမည်းသတ္တဝါကောင် ဖြစ်၏။

"လင်းရှူးဗျ"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် လက်တွင်းရှိသေနတ်ဖြင့် လှမ်းပစ်လိုက်တော့၏။


www.burmeseclassic.com

www.burmeseclassic.com



'ဒိန်း'

လင်းရှူးကောင် လန်ကျလာတော့၏။ ချောင်းတွင်းသို့တိုင် ကျလာခြင်းတော့ဖြင့် မဟုတ်။ အပင်ခြေရင်း ချောင်းကမ်းပေါ်တွင် တင်နေပုံရ၏။ သို့ကြောင့်-

'ကျွန်တော် တက်ယူချေဦးမယ်ဗျာ' ဆိုလျက် လင်းမြင့်လှိုင်သည် ချောင်းကမ်းပေါ်သို့ တွယ်တက်သွားလေတော့၏။ ကျွန်တော်သည် ချောင်းတွင်းမှပင် စောင့်နေရစ်လျက် လင်းမြင့်လှိုင်ကို ကြည့်နေလိုက်၏။

လင်းမြင့်လှိုင် ချောင်းကမ်းပေါ်ရောက်သွားချေပြီး ကျွန်တော့်အမြင်မှ ပျောက်သွားတော့၏။

အတန်ကြာသည့်တိုင် လင်းမြင့်လှိုင် ပြန်ဆင်းမလာသေးသဖြင့်-

'ကိုလင်း' 'ကိုလင်း' လို့ ခေါ်လိုက်၏။

တုံ့ပြန်အချက်ပေးသံ မကြားရသဖြင့် ခပ်ကျယ်ကျယ်ထပ်ခေါ်လိုက်ပြန်၏။

'ကိုလင်း'

'ကိုလင်း'

လင်းမြင့်လှိုင် ဘယ်ရောက်သွားပါလိမ့်၊ တိတ်ဆိတ်လို့နေ၏။

'ဒိန်း'



www.burmeseclassic.com

www.burmeseclassic.com



သို့ရှိစဉ် သေနတ်သံကြားလိုက်ရသဖြင့် လင်းမြင့်လှိုင် တစ်ယောက် သားကောင်တစ်ကောင်တွေ့လေသည်ကြောင့် လိုက်လံပစ်ခတ်နေသဖြင့် ကျွန်တော်နှင့် ဆက်သွယ်မှုပြတ်သွားရခြင်းဟု တွက်လိုက်မိ၏။

ဟူး… တော်ပါသေးရဲ့၊ သို့နှယ်ထင်မိသော်လည်း မဟုတ်ပြန်ချေ။ အတန်ကြာသည့်တိုင် လင်းမြင့်လှိုင် ပြန်ရောက်လာခြင်း မရှိသည်ကြောင့် ကျွန်တော်သည် ချောင်းကမ်းပေါ်သို့ တွယ်တက်လိုက်တော့၏။

တောင်ကြောပေါ်တွင် လင်းမြင့်လှိုင်ကို လှမ်းတွေ့လိုက်၏။ အတော်လှမ်းလှမ်းရှိ ပျဉ်းကတိုးပင်ခြေရင်းတွင်ဖြစ်၏။

ကျွန်တော့်ကို လက်လှမ်းပြလေသဖြင့် ကျွန်တော်သည် လင်းမြင့်လှိုင်ထံသို့ အပြေးကလေးသွားလိုက်၏။

'ဟင်'

လင်းမြင့်လှိုင် ဒဏ်ရာ ရထားပါကလား။

'ဘယ်လိုဖြစ်တာလဲ ကိုလင်း'

စိုးရိမ်တကြီးဖြင့် လင်းမြင့်လှိုင်နား ထိုင်ချလိုက်၏ ပေါင်ရင်းတွင် သွေးတို့ စိုရွှဲနေပါကလား။

'သွေးတွေ မနည်းပါလား'

'ရှပ်ထိတာပါ၊ သွေးမထွက်အောင် ပတ်တီးစည်းထား



www.burmeseclassic.com

www.burmeseclassic.com



နိုင်လျှင် ပြဿနာမရှိလောက်ပါဘူး'

ကျွန်တော်သည် ကပျာကသီပင် အင်္ကျီလက်ကိုဖြတ်၍ စည်းပေးလိုက်သည်။

'ကျွန်တော် သစ်ပုပ်ပင်အခြေရောက်တော့ သူ့ကို လှမ်းတွေ့လိုက်တယ်ဗျ၊ နို့ကြောင့် သူ့နောက်ကို ပြေးလိုက်သွားတယ်၊ သည်နားမှာတင် သူ့ကို မျက်ခြည်ပြတ်သွားပြန်တယ်၊ ဒါနဲ့ ကျွန်တော်လည်း ဟိုချုံလေးတိုးကြည့်၊ ဒီချုံလေးတိုးကြည့်နဲ့ မတွေ့တဲ့အဆုံး ကိုပိုက်ဆီ ပြန်လာမယ်အလုပ်မှာ သူ လှမ်းတွယ်တော့တာပဲ၊ ကျွန်တော်ထင်တာ သူ မျက်ခြည်ပြတ် ပြေးသွားလောက်ပြီပေါ့၊ ဘယ်ဟုတ်ပါ့မလဲ၊ ဟိုရှေ့တောင်ကြောကနေ လှမ်းတွယ်တာဗျ၊ ကံသီပေလို့ ပေါင်ကို ရှပ်ထိသွားတာ'

ကျွန်တော်သည် လင်းမြင့်လှိုင် ညွှန်ပြရာသို့ လှမ်းကြည့်လိုက်၏။

ထိုနေရာတစ်ဝိုက်တွင်လည်း သစ်ပင်ကြီးတို့ အပြိုင်းအရိုင်းပေါက်နေချေ၏။ သို့ကြောင့် အောက်ပေါင်းရှင်းပုံရ၏။

'သည်ကောင်က လူလည်ဗျ၊ ကျွန်တော်တို့နှစ်ယောက်ဆိုလျှင် ကိုယ်လွတ်ရုန်းပြေးဖို့ပဲ ရှိတယ်၊ ခုတော့ ကျွန်တော် တစ်ယောက်တည်းကိုတွေ့တာဆိုတော့ အပိုင်လှမ်းတွယ်ပြီးပြေးတာဗျ၊ မကျေနပ်ဘူးဗျာ၊ သူ့ကို လုံးဝအလွတ်



www.burmeseclassic.com

www.burmeseclassic.com



ပေးလို့ မဖြစ်တော့ဘူး'

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ထိုင်ရာမှ ဆတ်ခနဲ ထလိုက်ရာ-

'အား'

အတော်ကလေး နာကျင်သွားပုံ ရ၏။

ဖြည်းဖြည်းချင်း ပြန်ခွေကျလာ၏။

'ကိုလင်း လမ်းလျှောက်လို့ မဖြစ်ဘူးထင်တယ်'

'ရပါတယ်ဗျာ၊ ရတ်တရက်မို့ပါ'

လင်းမြင့်လှိုင်သည် ဖြည်းလေးစွာ ပြန်ထလေပြီး ခြေကိုလှမ်းကြည့်လေ၏။

'အား… လာ… လာ'

'အလေ့အကျင့်ရသွားလျှင်ဖြင့် ကောင်းကောင်း လျှောက်နိုင်သွားမှာပါ'လို့ အားမာန်အပြည့်ဖြင့် ပြောလာသဖြင့်-

'မဟုတ်တာ ကိုလင်းရယ်၊ ဒီလိုလုပ်၊ ဒီနားတစ်ဝိုက် မယ် စခန်းချနားမယ်ဗျ'

'ဟိုကောင့်ကို အလွတ်မပေးချင်ဘူး'

လင်းမြင့်လှိုင် အတော်ကလေး မကျေမနပ်ဖြစ်နေပုံ ရ၏။ သို့ကြောင့်-

'စိတ်ချ ကိုလင်း၊ ကျွန်တော် လိုက်သွားမယ်၊ ဒီက



www.burmeseclassic.com

www.burmeseclassic.com



နေပဲ ကိုလင်းစောင့်နေချေ၊ ကျွန်တော် ပြန်လာခဲ့မယ်'

'အင်းလေ… ကိုပိုက် သွားပါ၊ ကျွန်တော် ဖြည်းဖြည်းချင်း လျှောက်နိုင်လျှင်ဖြင့်လည်း လျှောက်လိုက်လာခဲ့ပါ့မယ်'

ကျွန်တော်သည် ခေါင်းမာလှသော လင်းမြင့်လှိုင်ကို မပြောလိုတော့ပြီ။

'သတိဝီရိယတော့ ရှိစေနော်'

သို့ သတိပေးခဲ့ပြီး ကျွန်တော် ထိုနေရာလေးမှ ထွက်ခဲ့တော့၏။ အောက်ပေါင်းရှင်းသည်ကြောင့် သွားရလာရ လွယ်ကူလေခြင်းကြောင့် ထိုသူ ပြေးသွားသည်ဆိုသော တောင်ကြောလေးသို့ တက်လာခဲ့တော့၏။

ထိုတောင်ကြောလေးသို့ရောက်လေသည်နှင့် ကျွန်တော်သည် သားကောင်ချောင်းသလို တောတိုးခဲ့လေတော့၏။ လက်လွတ်စပယ် ထွက်ခဲ့ပါလျှင် ကျွန်တော်သည် သူ၏သားကောင် ဖြစ်သွားနိုင်ပေ၏။

ထိုတောင်ကြောတွင် ဆေးခါးပင်နှင့် ရွက်ကျပင် ပေါက်၊ ဆူးခြံပုတ်ပင်ငယ်တို့သာလျှင် အောက်ခြေတွင် စိုးချေ၏။ ပျဉ်းကတိုးပင်ကြီးများနှင့်အတူ အမျိုးအမည်မသိ ပင်လုံးရှည်အပင်ကြီးများ အမြောက်အမြား ပေါက်ရောက်လျက် ရှိ၏။ ကျွန်တော်သည် တောတိုးချောင်းမြောင်းလာခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရာမှ အနံ့တစ်ခုကို ရလိုက်သည်ကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားမိကော့၏။

ငှက်မီးကင်နံ့ ဖြစ်ချေ၏။ ဟုတ်ပြီ၊ သူပင် ဖြစ်လိမ့်မည်။ သူ တောကျိုးကန်းသုံးကောင် ပစ်ခတ်ရယူသွားသည်ပဲ။ ကျွန်တော်တို့ ရန်ကြောက်၍ မနားတမ်းပြေးနေရသည့်ကြောင့် ဆာလောင်နေပြီပေါ့။ ဟော... လင်းမြင့်လှိုင်တစ်ယောက်တည်း ချောင်းကမ်းပေါ်တွေ့လိုက်သဖြင့် သူသည် လှမ်းပစ်လိုက်ပြီး ပြေးထွက်ခဲ့ရာမှ စိတ်ချလက်ချ နားနေရလောက်ပြီ တွက်ကာ ဆာလောင်ခြင်းကို ယခုမှ ဖြေဖျောက်ရန် ဖြစ်နိုင်ပေ၏။

ကျွန်တော်သည် အနံ့လာရာသို့ တဖြည်းဖြည်း ချဉ်းကပ်သွားလိုက်၏။ အလိုလေးဗျာ... ကျွန်တော် လှည့်စားခံလိုက်ရပြီပဲ။ သူသည် နည်းဗျူဟာပရိယာယ်သုံးလေပြီ ဖြစ်၏။

ငှက်ငယ်ဖြင့် ကျွန်တော့်ကို မျှားခေါ်ခြင်းဖြစ်၏။

ငှက်ကင်ထားသည့်နေရာတွင် လုံးဝ ရှိမနေပါချေ။ သို့ကြောင့် ကျွန်တော်သည် ပတ်ဝန်းကျင်ကို ကပျာကသီ လှေ့လာအကဲခတ်လိုက်၏။

ဟာ

လင်းမြင့်လှိုင်ရှိရာ တောင်ကြောသို့ သူ ပြန်သွားနေပါကလား။ ရိုပ်ခနဲ လှမ်းတွေ့လိုက်သည်ကြောင့် ထိတ်လန့်



www.burmeseclassic.com

www.burmeseclassic.com



သွားမိတော့၏။

သူ သွားနေသည်မှာ လင်းမြင့်လှိုင်နောက်ကျောဘက် လောက်ရှိသည့်နေရာသို့ ဦးတည်သွားနေခြင်း ဖြစ်၏။

သူ့သဘောကား လင်းမြင့်လှိုင် နောက်ကျောဘက်သို့ သူ သွားကာ ချောင်းမြောင်းပစ်ခတ်ရန် ဖြစ်နိုင်၏။

ကျွန်တော် အကြီးအကျယ် ထိတ်လန့်သွားမိသည်။

လင်းမြင့်လှိုင် သတိရှိနေလျှင် အကြောင်းမဟုတ်၊ အနာအရှိန်ကြောင့် မှိန်းနေလျှင် သူ့လုပ်ကြံမှုအောင်မြင်သွားနိုင်၏။

သို့ကြောင့် ကျွန်တော်သည် ကမန်းကတန်းဆိုသလို ထိုတောင်ကြောလေးမှ ခက်ခက်ခဲခဲ ချုံနွယ်တောတိုး မြောင်တွင်းဆင်းလိုက်၏။ သူသွားသည့် လမ်းကြောအတိုင်းလိုက်သွားလျှင် အများကြီး နောက်ကျသွားနိုင်၏။

စိတ်လောနေ၍လားတော့မသိ။ တစ်ကိုယ်လုံး ဆူးနွယ်တို့ထိရှ၊ သွေးတို့စို့ထွက်ပေပြား နာကျင်သည်ဟုမထင်။

သို့ဖြင့် ကျွန်တော်သည် လင်းမြင့်လှိုင်ရှိသည့် တောင်ကြောနောက်ဘက်ဆီသို့ ရောက်သွားချေတော့၏။

'ဟူး'

တစ်ဖက်တောင်ကြောပေါ်သို့ ရောက်သွားသော်လည်း စိတ်မအေးရသေး။ ထိုသူကို ဘယ်နားတွင်ရှိနေသည်၊ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



နားရောက်နေသည်ကို ရှာရပေဦးမည်။

'ဖလပ်··· ဖလူး··· ဖလူး···'

အတော်လှမ်းလှမ်း ချုံပုတ်နွယ်ပင်အတွင်းမှ တောကြက်တစ်ကောင် လန့်ဖျတ်၍ ပျံသန်းသွား၏။ ကျွန်တော် ဝမ်းသာသွားမိ၏။

သူ့ခြေသံကြား၍ တောကြက်ကောင် လန့်ဖျတ်ပျံသွားခြင်း ဖြစ်သည်။ ကျွန်တော်သည် ကပျာကသီပင် အနားရှိ သစ်ပင်ရှိသော်လည်း ချုံပုတ်နွယ်ပင်တစ်ခုအတွင်း တိုးဝင်လိုက်တော့၏။ ထိုသည်ကား ပို၍လုံခြုံသည်မဟုတ်ပါကလား။

ကျွန်တော် ထင်ထားလေသည့်အတိုင်း ထိုသူသည် ကျွန်တော် ပုန်းကွယ်ရာ ချုံပုတ်ပင်ရှေ့သို့ ရောက်လာ၏။

ကျွန်တော်သည် ချုံပုတ်ပင်အောက်တွင် ရှိနေသည်ကို သူ လုံးဝ ရိပ်စားမိပုံမရချေ။ ကျွန်တော် ထင်ထားပြီးလေသည့် အတိုင်း သူသည် လင်းမြင့်လှိုင်ရှိလေသည့် သစ်ပင်ကြီးရှိရာသို့ လှမ်းးကဲကြည့်နေလေ၏။

ကျွန်တော်သည်လည်း လှမ်းကဲလိုက်ကြည့်မိ၏။

'ဟင်'

လင်းမြင့်လှိုင်ကို ဘေးတိုက်အနေအထားဖြင့် မြင်နေရပါကလား။

'ချောက်'



www.burmeseclassic.com

www.burmeseclassic.com



ဟာ… သူ သေနတ်မောင်းတင်လိုက်ပြီပဲ။ ပြီးနောက် လင်းမြင့်လှိုင်ထံသို့ သေနတ်ကို ထိုးချိန်လိုက်တော့သဖြင့် ကျွန်တော်သည် ကပျာကယာပင် ချုံပုတ်နွယ်ပင်မှ ထွက်ကာ လက်ရှိသေနတ်ပြောင်းကို ထိုသူ့နားထင်သို့ ထောက်လိုက်လေပြီး-

'ငါးစာသာမြင်ပြီး ငါးမျှားချိတ်တော့ မမြင်ပါက လား'လို့ အောင်နိုင်သူလေသံဖြင့် ပြောလိုက်လေပြီး သူ ချိန်ရွယ်ထားသည့် သေနတ်ကို ကြည့်လိုက်၏။

'ဟာ'

အံ့သြခြင်းနှင့်အတူ ထိုသူ့မျက်နှာကို အသေအချာ ကြည့်လိုက်မိတော့၏။

ထိုသူသည် သေနတ်မောင်းထိန်းခလုတ်ပေါ် လက်တင်ထားသည်။ သူ၏လက်ချောင်းကလေးကို ဖယ်ရှားခြင်း တော့ဖြင့် မရှိသေးချေ။ သို့ပေမင့် မောင်းထိန်းခလုတ်ကို ဆွဲညှစ်ရန်ကိုမူ ဝန်လေးနေပုံရ၏။

သူလည်း မဆိုးပေပဲ။ ပစ်တတ်မှာပေါ့။ သူ့ရဲ့ပစ်မှတ်က ဝေးသည်လေ၊ သေချာ မသေချာ မှန်းလို့မရ။

ကျွန်တော့ပစ်မှတ်က ကပ်နေသည်ပဲ။ သူ လှုပ်ရှားရန်းကန်လေဦးတော့ ပစ်မှတ်က လွဲချော်စရာအကြောင်းမရှိ။

'မင်းသေနတ် လက်ကချလိုက်ချေ'



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး သူ၏ဆုံးဖြတ်ချက်သည် ကျွန်တော့်စကား နာခံလိုက်ခြင်း ဖြစ်တော့၏။

သည်တော့ ကျွန်တော်သည် သူ၏ကျောပြင်ကို သေနတ်ပြောင်းကိုပြောင်း၍ ထိကပ်လိုက်ပြီး သူ့သေနတ်ကို ကောက်ယူကာ သူ့ကို သေနတ်ပြောင်းဖြင့် ထိတွေ့၍ လျှောက် သွားစေတော့၏။

မကြာသော အချိန်ကလေးတွင် လင်းမြင့်လှိုင်နားသို့ ရောက်သွားကြတော့၏။

သူ့နားရောက်လာသော ကျွန်တော်တို့နှစ်ယောက်ကို လင်းမြင့်လှိုင်က မော်ကြည့်၍ သူ့လက်တွင်းမှ မှန်ဝိုင်းက လေးကို ပြလာချေတော့၏။

ထိုသူ မျက်လုံးမျက်ခုံး မြင့်တက်သွားကာ ခေါင်းကို ခါယမ်းလိုက်ချေတော့၏။

လင်းမြင့်လှိုင် ဘာဆိုလိုသည်ကို သူ သိလိုက်၏။

လင်းမြင့်လှိုင်သည် သူ့နောက်ကျောကို မှန်ဝိုင်းလေး ဖြင့် ကြည့်နေသည်ဆိုသည့်သဘောပင် ဖြစ်တော့၏။

'မင်းပစ်လည်း ငါရှောင်လို့ရတယ်' ဆိုလိုခြင်း ဖြစ် ပေသည်။

လင်းမြင့်လှိုင်၏ အသံတိတ်ပြောစကားကြောင့် ထိုသူ တအံ့တသြဖြစ်သွားရသလို-



www.burmeseclassic.com

www.burmeseclassic.com



'ဖထီတာပု… ဘာလို့ အဲလိုလုပ်ရတာလဲဗျာ' လို့ ကျွန်တော် ရုတ်ခြည်းပြောလိုက်သည့်စကားကြောင့် လင်းမြင့်လှိုင်နှင့်ထိုသူသည် လုံးဝ အံ့ဩသွားကြချေတော့သည်။

'ကိုပိုက်… ဘာဆိုလိုချင်တာတုန်း'

လင်းမြင့်လှိုင်က တအံ့တဩ ပြောလာချေတော့၏။ ထိုသူကတော့မူ ရုတ်တရက် ကြားလိုက်ရသည့်စကားကြောင့် အံ့ဩနေရာမှ မျက်နှာညှိုးကျသွားတော့၏။

'သူက ဖထီတာပုပဲ'

'ဟင်'

လင်းမြင့်လှိုင်သည် ကျွန်တော့်စကားကြောင့် ထိုသူကို စေ့စေ့ကြည့်နေတော့၏။

'မဖြစ်နိုင်တာ၊ တာပုက သေပြီလေ၊ ကျွန်တော်တို့ပဲ မြေမြှုပ်ပေးခဲ့တာ'

သို့ လင်းမြင့်လှိုင်က ပြောပေမင့် ထိုသူကမူ-

'ဆရာလေး ဘယ်လိုလုပ်သိတာလဲ' ဟု မေးလာချေတော့သည်။

'ဘယ်လိုလုပ်သိတာလဲဆိုတာ နောက်တော့ ပြောမယ်၊ လောလောဆယ် ဟောဟို သစ်ပင်ကိုင်းဖျားပေါ်တဝင်လောက်အောင် ငှက်ကြီးကိုပစ်ချေဗျာ၊ ကျွန်တော်တို့အတွက် စားစရာ လိုတယ်၊ ဖထီလည်း အတော်ဆာနေပြီ ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'အေး…'

သို့ဆိုလျက် ဖထီးတာပုသည် ကျွန်တော် ကမ်းပေး လိုက်သည့် သူ၏ရိုင်ဖယ်သေနတ်ကိုယူကာ ငှက်ကောင်ထံသို့ လှမ်းထိုးချိန်လိုက်တော့၏။

မျက်စိလျင်သော လင်းမြင့်လှိုင်က–

'ဟုတ်ပါ့ဗျာ၊ ဒါ ဖထီးတာပုပဲ'

'ဒိန်း'

ငှက်ကောင် မြေပြင်သို့ထိုးကျသွားသည်နှင့် ဖထီး တာပုသည် သေနတ်ကို မြေပြင်သို့ အသာချလိုက်လေတော့ သည်။

'အင်း… ကျွန်တော်မြင်ဖူးတွေ့ဖူးတဲ့ ပဲခူးရိုးမ တစ် ကြောမှာ ရှိကြတဲ့ မုဆိုးတွေထဲမှာ လက်ခလယ်နဲ့ သေနတ် မောင်းဖြုတ်တာ မုဆိုးကြီးတာပုပဲ ရှိတယ်လေ'

သို့ လင်းမြင့်လှိုင်က ပြောလိုက်သည်တွင် မုဆိုးကြီး တာပုတစ်ယောက် ပြုံးလာလေပြီး–

'နို့ကြောင့်လည်း ဆရာလေးတို့နှစ်ယောက်က ပဲခူး ရိုးမတစ်ခွင်မှာ နာမည်ကျော်ကြားကြတာကိုး၊ လေးစားပါ တယ်ဗျာ၊ ကဲ… ငါ့ကို မင်းတို့ ကြိုက်သလိုစီစဉ်ကြပေရော့ ကွာ၊ ငါ ကတိပေးတယ်၊ ထွက်ပြေးဖို့လည်း 'မကြိုးစားတော့ ဘူး ဟုတ်ပြီလား' လို့ ပြောလာလေပြီး မြေပြင်သို့ ခြေစိလက်

www.burmeseclassic.com



ပစ် ထိုင်ချလိုက်တော့သည်။

'ဖထီကလည်း ရုပ်ဖျက်ပညာမှာ အင်မတန်တော်ပါ ပေတယ်ဗျာ၊ လုံးဝကို မမှတ်မိအောင်ပါပဲ၊ တကယ်လို့သာ ဖထီ ကျွန်တော်တို့ရှေ့မယ် သေနတ်ကို လုံးဝမပစ်ဘဲနေမယ်ဆို လျှင် ဖထီတာပုဆိုတာ သေပြီလို့ မှတ်လိုက်ရတော့မှာ'

သို့ ကျွန်တော်က ပြောလိုက်တော့၏။

'ကဲပါ ဖထီရယ်၊ ဘယ်လိုကြောင့် ခုလိုတွေ လူသုံး ယောက်လောက် ဆက်တိုက်သတ်ရတာလဲဆိုတာတော့ ပြော ပြစမ်းပါ'

လင်းမြင့်လှိုင်က မေးလေတော့သည်။

'မင်းတို့မှာ ဗီစကီကျန်သေးလား'

'ရှိပါ့ဗျာ၊ ဘာလဲ၊ ဖထီ... အရက်သောက်တော့ မလို့လား'

'အေး... မင်းတို့ကို ဂုဏ်ပြုတဲ့အနေနဲ့ အရက် သောက်ရင်း ငါ ဘာလို့ လူသတ်ရလဲဆိုတာ ပြောပြမယ်ကွာ'



www.burmeseclassic.com

www.burmeseclassic.com

မီးလောင်ကုန်းရွာသား မုဆိုးတာပုသည် ထိုနေ့တွင် ဘာဖြစ်လေသည် မသိ။ တစ်မနက်လုံး တောတိုးလျှောက်ခဲ့ ပြား သားကောင်ကြီးမပြောနှင့်၊ ကြက်ကလေး ငှက်ကလေး ပင် မရ။ ဆာလည်း ဆာချေပြီ။ ခရီးအတော်တိုင် လျှောက်ခဲ့ ရသည်ကြောင့် ညောင်းညာပင်ပန်းသည်လည်း ဖြစ်၍ သစ်ပုပ် ပင်ကြီးတစ်ပင်အောက်တွင် ခြေပစ်လက်ပစ် ထိုင်လိုက်တော့ ၏။

သူ ကနေ့ ရွာသို့မပြန်ဟု ဆုံးဖြတ်လိုက်သည်။ ခြေ ခင်းလက်ခင်းသာသည့်နေရာတွင် ခစန်းချရန် ဆုံးဖြတ်လိုက် ၏။ သို့မဟုတ်ပါမူ ဝါးခုတ်သီမားတို့တွေ့လျှင် သူတို့နှင့်နေရန် စဉ်းစားပြီးလည်းဖြစ်၏။

သူ နားနေသောနေရာနှင့် ခပ်လှမ်းလှမ်းတွင် မြောင် လေးတစ်ခု ရှိချေ၏။ သူ နားနေပြီးလျှင် ထိုမြောင်လေးအတွင်း တစ်ချက်ဝင်ကြည့်ချေဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် မုဆိုးကြီးတာပုသည် သစ်ပုပ်ပင်အခြေကို ကျောမှီ၍ နားနေမှိန်းလိုက်တော့၏။

သစ်ပင်မြင့်မြင့်ထိပ်ဖျားမှ ကျလိ ကျလိရယ်လို့ ငှက်ငယ်လေးတို့၏ အော်မြည်သံနှင့် လေတိုးသံမှလွဲ၍ တောသည် တိတ်ဆိတ်လို့နေ၏။

သူ ပင်ပန်းလွန်းသည်ဖြစ်၍ မေးခနဲဖြစ်သွားသည်။ လုံးလုံးလျားလျား အိပ်ပျော်ကြီးတော့ဖြင့် မရှိသေးချေ။ သို့ အချိန်တွင်-

'တုတ်...'

'တုတ်...'

'တုတ်...'

'တုတ်... တုတ်... တုတ်...'ရယ်လို့ အသံကြောင့် မေးစင်းနေသော သူ့မျက်လုံးကို အားယူဖွင့်လိုက်လေပြီး အသံလာရာသို့ လှမ်းမော့ကြည့်လိုက်၏။

ခပ်လှမ်းလှမ်းရှိ ပင်လုံးဖြောင့်ဖြောင့် သစ်တောက်ငှက်တစ်ကောင်ပါကလား။ သစ်ပင်တွင် တွယ်ကပ်နေသည့် ပိုးမွှားကောင်လေးများကို ထိုးဖောက်စားနေခြင်း ဖြစ်သည်။

မုဆိုးကြီးတာပုသည် သူရှိရာနှင့် သစ်တောက်ငှက်ရှိရာ အကွာအဝေးကို မှန်းလိုက်၏။

သေနတ် တစ်ကမ်းလောက်ပင် မရှိချေ။ ကျည်တစ်



www.burmeseclassic.com

www.burmeseclassic.com



တောင့်ကိုတော့ဖြင့် သူ မဖြစ်မနေ ဖြုန်းရပေမည်။

ဝမ်းဗိုက်တွင် လုံးဝ အစာမရှိသည်နှင့်စာလျှင် သည် သစ်တောက်ငှက်တစ်ကောင်က သူ့တွက် အနည်းငယ်မျှသော ခွန်အားကို ပေးနိုင်လောက်လေ၏။

ကျည်တစ်တောင့်နှင့် သစ်တောက်ငှက်တစ်ကောင် သည်အချိန်တွင် မမျှဟု ပြောရလိမ့်မည်လည်း မဟုတ်။

ကျည်တစ်တောင့်ကို မျိုချလိုက်လို့ သူ့တွက် ဆိုးကျိုး သာ ဖြစ်နိုင်၏။ သူ ပစ်လိုက်ပါပြီတဲ့။ သစ်တောက်ငှက်သည် ကျည်အားကြောင့် ဖွာထွက်သွားနိုင်သည်ဆိုပေမင့် ပေါင်တစ် ချောင်းသို့လည်းမဟုတ်၊ ကိုယ်တစ်ခြမ်းတော့ဖြင့် သူ စားရ လောက်နိုင်၏။

သို့တွက်ပြီး သူသည် လက်တွင်းရှိသေနတ်ကို သစ် တောက်ငှက်ရှိရာသို့ ထိုးချိန်လိုက်တော့သည်။

'တုတ်'

'တုတ်… တုတ်…'

'တုတ်…'

သစ်တောက်ငှက်သည် အစာကို ထိုးဖောက်ပူဆောင် နေဆဲ။ တစ်တော့လုံးသည် သူ၏နှုတ်သီးထိုးပေါက်သံသာလျှင် ကျယ်ကျယ်လောင်လောင် ရှိချေ၏။

မပြောပလောက်သောအသံကြောင့် တောသည် ဆိတ်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်နေခြင်း ဖြစ်ချေသည်။

သို့ပေမင့်-

"ဒိန်း"

ပြင်းထန်သော ယမ်းအားပေါက်ကွဲသံသည် ဆိတ်ငြိမ်နေသောတောကို လှုပ်ခါလိုက်သလို ဖြစ်သွားတော့၏။

အတော်ဝေးဝေးမှ သားကောင်ကြီးတို့ ပြေးလွှားသံကို ကြားရ၏။ မြေဝပ်ငှက်တို့ ရုတ်ခြည်းထပျံပြေးကုန်၏။ ပြင်းထန်သော ပေါက်ကွဲသံကြောင့် တောအုပ်တောင်တန်းတို့ကြားမှာ ပဲ့တင်သံလည်း ကြားရချေ၏။

စောစောက သစ်ပုပ်ပင်ပေါ်တွင် အေးအေးလူလူ အစာပေါက်နေသော သစ်တောက်ငှက်လေးသည် သူ့တွက်နေခင်တွင် အစာကောက်စရာမလိုတော့ပေပြီ။

သူ ဘာဖြစ်လို့ဖြစ်သွားမှန်းပင် သိနိုင်လိမ့်မည် မဟုတ်ပါချေ။ မုဆိုးကြီးတာပုသည် ကပျာကသီဆိုသလိုပင် ထိုင်ရာမှထလိုက်ကာ သစ်တောက်ငှက်ကောင် ပြုတ်ကျလာသည့် သစ်ပုပ်ပင်ထံ သွားလိုက်တော့၏။

တော်ပါသေးရဲ့၊ သစ်တောက်ငှက် ကိုယ်တစ်ခြမ်းနီးနီး အသားစိုင်တို့ ကျန်နေသေးသည်ပဲ။

မုဆိုးကြီးတာပုသည် ထိုအပင်အောက်မှာပင် ထင်းခြောက်ကိုင်းတို့ကို စုဆောင်းမီးရှို့လိုက်လေပြီး သစ်တောက်



www.burmeseclassic.com

www.burmeseclassic.com



ငှက်ကို အရိုးအရေဆုတ် အူနှုတ်၊ တံစို့ထိုး မီးကင်လိုက်တော့၏။

အတန်ကြာတွင် မုဆိုးကြီးတာပုတစ်ယောက် ထို နေရာမှ ထွက်သွားလေတော့၏။ သူ့ဝမ်းတွင် သစ်တောက်ငှက် သားက ဝင်သွားလေပြီဖြစ်၍ သူ့တွင် အတန်အသင့်ခွန်အား ရလိုက်လေပြီ ဖြစ်တော့၏။

သည်အချိန်တွင် သူ ဖြုန်းလိုက်သည့် ကျည်တစ် တောင့်က သစ်တောက်ငှက်အသားတစ်ခြမ်း မတန်လိုက်တာ ဟု ပြောစရာမလိုတော့ပြီပေါ့။

သူသည် မြောင်လေးအတွင်းဝင်ခဲ့တော့၏။ ထိုမြောင် လေးအတိုင်း လျှောက်ဝင်ခဲ့ရာမှ ကျောက်အိုင်လေးကို တွေ့ရ ၏။

အလိုလေးဗျာ၊ ကျောက်အိုင်လေးတွင် ငါးများမနည်း မနော့ပါကလား၊ တစ်မနက်လုံး သူ့တွင် စားစရာရှားပါးခဲ့၏။ စောစောလေးကမှ ကျည်တစ်တောင့်ကို ဖြုန်းလိုက်ခြင်းကြောင့် သစ်တောက်ငှက်ကလေးတစ်ခြမ်းကို စားလိုက်ရ၏။ ခု သည် ကျောက်အိုင်လေးတွင် များပြားလှသော ငါးများတွေ့နေရသည် ကြောင့် သည်လိုမှန်းသိ ကျည်တစ်တောင့် ဘယ်ဖြုန်းပါ့မလဲ ဟု အတွေးဝင်လာရပြန်သဖြင့် ကျည်တစ်တောင့်ကိုပင် နှမြော တသဖြစ်မိလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ကျောက်အိုင်တွင်းမှ ငါးများကို ရနိုင်သ
လောက် ဖမ်းယူလိုက်၏။ လတ်ဆတ်သော ငါးများဖြစ်ခြင်း
ကြောင့် အစိမ်းလိုက် စားလိုက်မိသေးတော့သည်။ လတ်ဆတ်
လေခြင်းကြောင့် ချိုသည်မှချိုဆိုငြား အသားမျှင်တို့သည် ကိုက်
ခွဲ၍မပြတ်။ ဝါးလိုက်၊ အချိုရည်တို့ကို မျိုချလိုက်၊ အသားဖတ်
အချို့ကို ထွေးထုတ်လိုက်ဖြင့် ငါးလေးတစ်ကောင်ကို ဖျစ်ညှစ်
စားလိုက်သေး၏။

သည်ဆို့ဖြင့် ဝမ်းဝ၍ ပိုလျှံလို့ပင်သွား၏ဟု ပြောရ
မလိုပင်။ သူ့ဗိုက်ကြီး တင်းမာလာတော့၏။

သည့်နောက် သူသည် မြောင်အတိုင်းဆန်တက်ခဲ့သည်
တွင် ရင်စို့အမြင့်ရှိ ကျောက်ခုတင်လေးကို တွေ့ရသည်ကြောင့်
ခက်ခက်ခဲခဲ ကျော်၍တက်ခဲ့တော့၏။ ထိုကျောက်ခုတင်လေး
ပေါ်ရောက်သည်နှင့် မပြီးဆုံးသေး။ ရှေ့တွင် နောက်ထပ်
ကျောက်ခုတင်တစ်ခု တွေ့ရပြန်၏။ ထိုကျောက်ခုတင်ကမူ
သူ့အရပ်နှင့် လက်တစ်ဖောင်ခန့် ရှိချေ၏။

သူသည် တောတောင်အတွင်းတွင် မကြာခဏဆို
သလို လာဖူး၏။ ကျောက်ခုတင်နှစ်ထပ်ရှိသည့် သည်နေရာကို
ယခုမှရောက်ဖူးခြင်းဖြစ်၏။ ထူးဆန်းသလို ခံစားမိသည်
ကြောင့် ရှေ့တွင်တွေ့ရသည့် ကျောက်ခုတင်တစ်ခုကို ဆက်
တက်ခဲ့ပြန်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုကျောက်ခုတင်ပေါ် ခြေချလိုက်သည်နှင့် တောင်ကြောမကို လှမ်းမြင်ရသဖြင့် ထိုကျောက်ခုတင်မှ နံဘေးမြေသားစိုင်နံရံကို ကုပ်တွယ်၍ တက်လိုက်၏။ တောင်ကြောမပေါ်ရောက်သည်တွင် ချုံနွယ်တောကြီးကို မြင်လိုက်ရသဖြင့် တအံ့တသြ ကြည့်နေမိတော့၏။

ထိုချုံနွယ်တောကြီးသည် ခပ်ဆန်းဆန်းရယ်။ တစ်စုံတစ်ရာကို ဖုံးလွှမ်းထားပုံဖြစ်၏။ သို့ကြောင့် မုဆိုးကြီးတာပုလည်း ထိုချုံနွယ်တောကြီးနားသွားကာ စေ့စေ့စပ်စပ် ကြည့်လိုက်၏။

အလိုလေးဗျာ၊ သစ်ပင်ကို ဝါးမြိုထားသော ချုံနွယ်တောမဟုတ်။ လေယာဉ်ပျက်ကြီးကို ဝါးမြိုထားသော ချုံနွယ်တောကြီးပါကလား။ သို့ကြောင့် တာပုသည် ကိုချုံနွယ်ပင်တို့ကို ခုတ်ဖြတ်ရှင်းလင်းလိုက်တော့၏။

အချိန်အတော်ကြာကြာ ပင်ပင်ပန်းပန်း လုပ်လိုက်ခြင်းကြောင့် လေယာဉ်ကိုယ်ထည် ပေါ်လာတော့၏။

ခြေကုန်လက်ပမ်းကျလေပြီ။ အချိန်လည်း မရှိချေပြီ။ သို့ကြောင့် မုဆိုးကြီးတာပုသည် ခေတ္တမျှ အမောပြေနားနေလိုက်ပြီး ထင်းခြောက်ကိုင်းများကို စုဆောင်းမီးပုံရှို့ကာ ဖမ်းယူလာသောငါးတို့ကို တံစို့ထိုး မီးကင်လိုက်တော့၏။

ငါးများမီးကင်ထားစဉ် အနီးတစိုက်တွင် ထင်းခြောက်



www.burmeseclassic.com

www.burmeseclassic.com



များကို လိုက်လံစုဆောင်းလိုက်၏။ သူ့လေယာဉ်ပျက်ကြီး နားတွင်သာ စခန်းချရန် ဆုံး ဖြတ်လိုက်ခြင်း ဖြစ်၏။

လေယာဉ်ပျက်ကို သူ ရအောင်ဖော်ရမည်။ လေယာဉ် ပျက်အတွင်းမှ သူ ဘာတွေ ရနိုင်မည်မသိ။ အဖိုးတန်ပစ္စည်း များပါကောင်းပါနိုင်၏။ သို့တည်းမဟုတ် ရတနာပစ္စည်းများ လည်း ရနိုင်ကောင်း၏ဟု တွက်ရေး စက်သူဌေး ဖြစ်နေချေ သည်။

လတ်တစ်လော သူသည် လေယာဉ်ပျက်ကြီးတောင်ပံ ပေါ်တွင် တက်အိပ်ရပေသည်။ သူ ကံကောင်းသည်မှာ ချုံနွယ် ပင်ကြီးတွင်း ပိုးကောင်များမရှိ၍ တော်သေးတော့၏။

သူ ဖမ်းယူလာသောငါးသည် သူ့အတွက် လုံလောက် ရုံမက ပိုလို့ပင်နေသေးတော့၏။

သူ အမဲမလိုက်တော့ပြီ။ သည်လေယာဉ်ပျက်ကြီးကို သာ သူ ဖော်ရပေရော့မည်။ အချိန်ကြာချင်သလောက် ကြာ ပလေ့စေ၊ ရိက္ခာအတွက်တော့ဖြင့် ပူစရာမလိုပြီ။ ကျောက် ရေအိုင်လေးသို့ပြန်သွားကာ ငါးများ ဖမ်းယူစားသောက်နိုင် ပေ၏။

သူသည် ညအမှောင်ထု ဖုံးလွှမ်းလာသော်လည်း ထင်းမီးအရောင်ဖြင့် ချုံနွယ်တို့ကို ရှင်းနိုင်သမျှ ရှင်းလင်းနေ ပေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ'

ရုတ်ခြည်းဆိုသလို ထင်းမီးငြိမ်းသွားသည်ကြောင့် အုံ့သြသွားတော့၏။ လေပြင်းတိုက်သည်လည်း မဟုတ်။ တာပုသည် ကြောက်တတ်သူမဟုတ်ပေမင့် ဘာရယ်ကြောင့် မသိ။ ကြက်သီးမွေးညင်းတော့ ထသွားမိ၏။

အီ... အင်း... ဟင်... ဟင်း... ဟင်း... ရယ်လို့ ညည်းညူသံကိုလည်း ကြားယောင်မိသလိုပင်။

သို့ကြောင့် မုဆိုးကြီးတာပုသည် ပတ်ဝန်းကျင်သို့ ငေးစိုက်ကြည့်လေပြီး ညည်းသံရှင်ကို ရှာနေမိတော့၏။

အလိုလေးဗျာ... သူ စိတ်လှုပ်ရှားနေလို့ပေများလား။ သို့ ညည်းညူသံသည် တစ်နေရာတည်းမှမဟုတ်၊ လေးဘက် လေးတန်မှ ကြားနေရသလို သူ ထင်နေမိပြန်၏။

'ချောက်... ချောက်.... ချောက်... ဂျလောက်... ဂျောက်...'

'ချောက်.... ချောက်.... ချောက်....'

သို့ သူ အဝေးသို့ လှမ်းကဲကြည့်နေဆဲမှာပင် သူနှင့် နီးနီးလောက်ဆီမှ သို့နှယ် အသံကြားရသည်ကြောင့် ထိတ်လန့် သွားရတော့၏။

'ဟာ'

အရိပ်သဏ္ဍာန်တစ်ခု လေယာဉ်ဦးပိုင်းဘက်မှ ဖွေ့နေ



www.burmeseclassic.com

www.burmeseclassic.com



ရတော့သဖြင့် လက်တွင်းရှိသေနတ်ဖြင့် ထိုးချိန်လိုက်ပြီး စေ့စေ့စိုက်ကြည့်လိုက်တော့သည်။

လေတိုက်၍ နွယ်ကိုင်းလှုပ်ခတ်နေသည်ကြောင့် လေယာဉ်ကိုယ်ထည်နှင့် ရိုက်ခတ်မိ၍ သို့မြည်သောအသံ ဖြစ်သည်ကြောင့် သူ့ စိတ်အေးသွားရလေ၏။

ပတ်ဝန်းကျင်မှ ညည်းညူသံများလည်း မကြားရချေပြီ။ သို့ကြောင့် မုဆိုးကြီးတာပုသည် မအိပ်ချင်သေးသည်လည်း ဖြစ်ခြင်း၊ တစ်ယောက်တည်း ပျင်းရိငြီးငွေ့စွာ အချိန်ကိုထိုင်၍ ဖြုန်းရမည်ကို မလိုလားဟန်ကြောင့် ချုံနွယ်တို့ကိုသာ ရှင်းနေလေတော့၏။

တိတ်ဆိတ်နေသော ပတ်ဝန်းကျင်သည် တစ်ရံတစ်ခါဆိုသလို 'ဒုန်း… ဒုန်း…'ဆိုသည့် အသံ ထွက်လာခြင်းသာ ရှိချေ၏။

သို့အသံသည် သူ ချုံနွယ်တို့ကို ဖြတ်လေသည်တွင် လေယာဉ်ကိုယ်ထည်နှင့် သူ့ဓား ထိခတ်ရာမှ ပေါ်လာသော အသံဖြစ်ခြင်းကြောင့် သူ့တွင် ကြောက်စိတ်မရှိခြင်း ဖြစ်လေတော့သည်။

သို့ဖြင့် သူသည် မိုးလင်းလုတွင် ခြေကုန်လက်ပမ်းကျသွားတော့၏။

လုံးလုံးလျားလျားကြီးလည်း အိပ်ပျော်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူ အိပ်ရာမှနိုးလာသည်တွင် မိုးစင်စင်လင်းလေပြီ ဖြစ်တော့၏။ အလိုလေးဗျာ… လေယာဉ်ကိုယ်ထည် အတော်ကလေး ရုပ်လုံးပေါ်လာပါကလား။

ကိုယ်ထည်တံခါးကို ဖွင့်ကြည့်၏။ မရပါချေ။ ဘယ်လိုမှ ဖွင့်မရလေသည့်အဆုံး သူသည် လေယာဉ်ဦးခေါင်းဘက်ကို ကြည့်လိုက်၏။

အလိုလေးဗျာ… လေကာမှန်မရှိလေသည်ဘဲ။ သစ်ခက်နွယ်တို့သာ ဖုံးအုပ်နေလေသည်ကြောင့် တာပုလည်း ကပျာကသီ ရှင်းလင်းခုတ်ထွင်လိုက်၏။

'ဟာ…'

ကြောက်တတ်သူဆိုပါလျှင် သွေးလန့်သွားနိုင်၏။ လေယာဉ်ဦးခန်းတွင် အရိုးကျနေပြီဖြစ်သော အရိုးစုနှစ်ခုကို တွေ့ရ၏။ မုဆိုးကြီးတာပုသည် လေကာမှန် မရှိတော့သည်ကြောင့် ထိုလေကာမှန် ထက်ပိုင်းအပေါက်မှ အထဲကိုဝင်လိုက်၏။

သည်သို့ဖြင့် မုဆိုးတာပု ဟိုတွန်း ဒီရိုက် တွန်းကန်ဖွင့်လေခြင်းကြောင့် လေယာဉ်ခေါင်းအခန်းမှ လေယာဉ် ကိုယ်ထည်အတွင်း ဝင်ရောက်သွားနိုင်တော့၏။

ကုန်တင်လေယာဉ်ပင် ဖြစ်နေ၏။ လေယာဉ်ဝမ်းဗိုက်အတွင်း ကြေးလင်ကွင်းများသာ ရှိချေ၏။



www.burmeseclassic.com

www.burmeseclassic.com


ကုန်တင်လေယာဉ် ပျက်ကျနေခြင်း ဖြစ်၏။

သူ စိတ်ပျက်သွားသည်။ သို့ပေမင့် လေယာဉ်မောင်း အခန်းတွင်းမှ ရွှေသားအစစ်ဖြင့် ပြုလုပ်ထားသည်။ ဘုရား ဆင်းတုတော်တစ်ဆူကို ရလိုက်လေ၏။

ထိုသည်လည်း တန်ဖိုးနည်းမည် မဟုတ်။

သို့ပေမင့် ဘုရားဆင်းတုလုပ်ထားခြင်းကြောင့် ကြည် ညိုစွာ ကိုးကွယ်ရုံမှတစ်ပါး မည်သို့မျှ မလုပ်သာချေပြီ။

သူသည် ကရင်ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်ခြင်း ကြောင့် သူတို့မိသားစု ဖူးမြော်ကိုးကွယ်ရန် ထိုက်၍ရလေခြင်း ဟု တွက်လိုက်ကာ ဉာဏ်တော်တစ်မိုက်ခန့်ရှိ ရွှေသား ဗုဒ္ဓ ဆင်းတုတော်ကို သူ၏ ပွပွကြီးကြီး အင်္ကျီအိတ်ကပ်အတွင်း တရိုတသေ ထည့်လိုက်ချေတော့၏။

လေယာဉ်ကိုယ်ထည်တွင်းရှိ ကြေးလင်ကွင်းတို့ကို ရောင်းစားလျှင် ငွေရနိုင်သေး၏။ လေယာဉ်ကိုယ်ထည်ကို လည်း ဖျက်ရောင်းလျှင် ရနိုင်သေး၏။ လေယာဉ်အင်ဂျင်နှင့် စက်အစိတ်အပိုင်းတို့တော့ဖြင့် မရှိတော့လေပြီ။ ဖြစ်နိုင်ချေ ရှိသည်မှာ လေယာဉ်နှင့်ပတ်သက်သူများက ဖြုတ်ယူသွားကြ ခြင်း ဖြစ်ပေမည်။

သို့ဆိုပါလျှင် ထိုသူတို့သည် မြန်မာလူမျိုးများ မဟုတ် နိုင်။ လူသေနှစ်ယောက်ကို လေယာဉ်စက်လောက်မှ တန်ဖိုး


www.burmeseclassic.com

www.burmeseclassic.com



မထားကြ၍ ဖြစ်တော့၏။

ရှိစေတော့၊ သူ လုပ်ရမည့်အလုပ်မှာ လေယာဉ်ပျက်နေရာကို အသေအချာ မှတ်သားထားရမည်။

သူ ရွာသို့ပြန်မည်။ ရွာမှနေ၍ ဥက္ကံမြို့သို့ သွားမည်၊ ကြေးပစ္စည်းဝယ်မည့် ကုလားများကို ခေါ်ခဲ့မည်။ လေယာဉ်ကိုယ်ထည်တွင်းရှိ ကြေးလင်ကွင်းများကို ရောင်းမည်။

ထိုသည်ကား သူ့စိတ်ကူး။

ကြေးဝယ်သူတွေက ဒီထိအောင် လိုက်ဝယ်နိုင်ပါ့မလား။

ဘာလို့ မဖြစ်နိုင်ရမှာတုန်း။ ဈေးပေါ့ပေါ့နှင့် ပေးဦးတော့ သူ့အတွက် အများကြီးကျန်နိုင်၏။

သို့ကြောင့် ဖထီဘာပုသည် နံနက်စာအလို့ငှာ ငါးကိုသာ ကင်စားလေပြီးနောက် လေယာဉ်ပျက်နေရာမှ ထွက်ခဲ့လေတော့သည်။ သူ့စိတ်ကူးနှင့်သူ ဝမ်းသာနေ၏။ သို့ကြောင့် အပြန်ခရီး ခြေလှမ်းသွက်လို့နေသည်။

မောရပန်းရမှန်းလည်း မသိလေပြီ။ သူ့ရင်ဘတ် အိတ်ထောင်တွင်းမှ ရွှေသားအတိ ဘုရားဆင်းတုလေးကိုလည်း တစမ်းစမ်းဖြင့်လုပ်ရင်း ပီတိဖြာလို့နေချေ၏။

ထိုဘုရားဆင်းတုတော်လေး၏ တန်ခိုးကြောင့်ပေလား မသိ။ အပြန်ခရီးတွင် သားကောင်များတွေ့သော်လည်း ပစ်ခတ်



www.burmeseclassic.com

www.burmeseclassic.com



သတ်ဖြတ်လိုစိတ် သူ့တွင် မရှိပါတော့ချေ။

သည့်ပြင် ဆာလောင်ခြင်းမရှိသည်မှာလည်း အံ့သြစရာဖြစ်သလို လမ်းတစ်လျှောက် ဝါးခုတ်တဲများတွင် ဝင်ရောက်နားသည်တွင် သူ့တွက် စားစရာ အလှူပယ် ချကျွေးလာကြခြင်းသည်လည်း အံ့ဖွယ်ပင် မဟုတ်ပါကလား။

သို့ဖြင့် သူသည် တစ်ညအိပ် နှစ်ရက်ခရီးဆုံးသည်တွင် သူနေထိုင်ရာ မီးလောင်ကုန်းကျေးရွာသို့ ချောချောမောမော ပြန်ရောက်ခဲ့လေသည်ဟု ပြောရပေလိမ့်မည်။

သူသည် တစ်ကိုယ်တည်း လူပျိုကြီးဖြစ်သည့်ပြင် တစ်ကောင်ကြွက်ဖြစ်လေခြင်းကြောင့် သူ့တဲအိုပျက်လေးတွင် ဘုရားဆင်းတုတော်ထားရမည်ကို ဝန်လေးမိတော့၏။

ရွှေသားအတီဆင်းတုတော်ကို ဘယ်လိုလုပ်ရမည် မသိ ဖြစ်ရလေသည်ကြောင့် ရွာဖျားရှိ ဘုန်းတော်ကြီးကျောင်းတွင် အပ်နှံထားရန် စဉ်းစားမိသည်ကြောင့် ဆရာတော်ဘုရားကို အကျိုးအကြောင်း ပြောပြ အပ်နှံထားလိုက်လေတော့သည်။

ထိုအချိန်မှာပင် ဘုန်းတော်ကြီးကျောင်း၌ သာယာဝတီနယ်သားနှစ်ယောက် ဧည့်အဖြစ် ရောက်နေလေ၏။

ထိုသူနှစ်ယောက်အနက် တစ်ယောက်သည် အရပ်ရှည်ရှည်၊ အသက်ကြီးကြီး၊ နောက်တစ်ယောက်သည် ပုပု



www.burmeseclassic.com

www.burmeseclassic.com



ဂင်တိုတိုဖြစ်၍ သူ ခန္ဓာကိုယ် အချိုးအဆက်အပေါက်ကဲ့သို့ ဖြစ်ချေ၏။

ထိုစဉ်က တာပုသည် ထိုသူနှစ်ယောက်ကို အမှတ်တမဲ့မြင်လိုက်၊ အမှတ်တမဲ့မှတ်မိလိုက်ခြင်းသာ ဖြစ်၏။

နောင် သူနှင့်ပတ်သက် ဆက်နွယ်လာမည့်သူတွေ ဆိုသည်ကို လုံးလုံးလျားလျားကြီး မသိခဲ့ပါချေ။

သည့်ထက်ပိုသိတာ တစ်ခုတော့ ရှိ၏။

သူတို့နှစ်ယောက်သည် ဘုန်းတော်ကြီးနှင့် ဆွေမျိုးတော်စပ်သူတို့ဟု သိရ၏။

တာပုသည် ဘုန်းတော်ကြီးထံတွင် ရွှေသားအတိဆင်းတုတော်ကို အပ်ခဲ့ပြီးနောက် ဥက္ကံသို့ ဆင်းခဲ့တော့၏။

ဥက္ကံ ဓိုးပင်ဆိပ်တွင်းရှိ တောခေါင်းကြီးမြင့်မောင်၏ ဆက်သွယ်ပေးမှုဖြင့် 'ယာကွတ်' ဆိုသည့် ကုလားက သူ့တွက်များများ အမြတ်ရလေခြင်းကြောင့် မုဆိုးကြီးတာပုနှင့်အတူ လေယာဉ်ပျက်ရှိရာ စိန်တောင်သို့ လိုက်ခဲ့ချေတော့၏။ ကုလားယာကွတ်သည် အထမ်းသမား ၁၄-၅ယောက်လောက်ကို နေ့တွက်ဈေးပေါပေါပေးခေါ်၍ လိုက်ပါခဲ့ခြင်းကြောင့် သူ့တွက် လွန်မင်းစွာ တွက်ခြေကိုက်သွားချေတော့၏။

သူတို့၏ အသွားအပြန်ခရီး တစ်ပတ်ကြာသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးဘိုဘုသည် သူ့ ကြေးလင်ကွင်းများ ရောင်းရသောငွေများကို ရွာဖျားဘုန်းတော်ကြီးထံသို့ အပ်နှံရန်နှင့် အချို့လှူဒါန်းရန် ရည်ရွယ်ချက်ဖြင့် ရွာဦးဘုန်းတော်ကြီးကျောင်းသို့ တန်းပြန်ခဲ့တော့၏။

သူ၏ အတွေးပီတိကလေးသည် ဘုန်းတော်ကြီးကျောင်းသို့ ခြေချလိုက်သည်နှင့် ပျက်ဆီးပျောက်ဆုံးသွားတော့၏။

'ဘယ်လိုဖြစ်ရတာလဲကွာ'

သို့သာ စကားတစ်ခွန်း မေးမိတော့၏။

'မင်းထွက်သွားပြီး သုံးရက်မြောက်မယ် ရွာဖျား ဘုန်းကြီး အသတ်ခံရတာပဲကွ'

'ဗျာ'

လူကြီးဦးဇာမဏိကို သူ မှင်တက်မိစွာ ကြည့်နေမိတော့၏။

'လူသတ်သမားက ဘယ်သူမှန်းတောင် မသိဘူး၊ နို့ပေမင့်လို့ ဘုန်းတော်ကြီးက မသေခင်မှာ လက်မနဲ့လက်ညှိုးကို ထောင်ပြသွားတယ်၊ ဘာသဘောလဲတော့ မသိဘူး'

သို့ သူ သိလိုက်သည်ကြောင့် ဘာသဘောပါလိမ့် စဉ်းစားလိုက်၏။ ကြာကြာစဉ်းစားစရာမလို၊ သူ ဘုန်းတော်ကြီးကို ရွှေဆင်းတု ကပ်လှူလိုက်စဉ်က လူစိမ်းယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်မြင်လိုက်၏။

'ဟုတ်ပြီ'

'ဘာ ဟုတ်တာတုန်း'

သူကြီးက မေးလာ၏။ သည်တော့ သူသည် ရွှေအတိဖြင့် ပြုလုပ်ထားသည့် ဆင်းတုတော်လေးယာဉ်ပျက်မှ ရလာ၍ သူ့အိမ်တွင်ထား ကိုးကွယ်ရန် မလုံခြုံသည်ဖြစ်၍ ရွာဖျားဘုန်းတော်ကြီးထံ သွားရောက်လှူဒါန်းပုံနှင့် ထိုနေ့၊ ထိုအချိန်တွင် ဘုန်းတော်ကြီးကျောင်း၌ အရပ်ပုပုလူတစ်ယောက်နှင့် အရပ်ရှည်ရှည်လူတစ်ယောက် ရောက်နှင့်နေပုံ၊ ထိုသူတို့မှာ ဘုန်းတော်ကြီးနှင့် ဆွေရိပ်မျိုးရိပ်မကင်း သာယာဝတီနယ်သားဖြစ်ကြောင်း ပြောပြလိုက်လေ၏။

'နို့ဖြင့် ဟုတ်ပြီပေါ့၊ ဘုန်းတော်ကြီးက မသေမီ လက်ညှိုးနဲ့လက်မနှစ်ချောင်း ထောင်ပြတယ်ဆိုတာ အရပ်ပုပု လူနှင့် အရပ်ရှည်ရှည်လူရယ်လို့ ပြောသွားတာ ဖြစ်မယ်ကွ'

သည်တော့မှ သူကြီးဦးဇာမဏီ သဘောပေါက်သွားချေတော့၏။ သို့ဖြစ်၍ သူကြီးဦးဇာမဏီသည် ကျောင်းတွင် ရွှေဆင်းတုတော်ကို ရှာဖွေလေတော့၏။ လုံးဝမတွေ့ပါချေ။

ထိုသည်ကိုလိုချင်၍ ငမိုက်သားနှစ်ယောက်က ဘုန်းတော်ကြီးကို သတ်၊ ရွှေဆင်းတုကို ခိုးသွားခြင်းပါကလား။

မိုက်ရိုင်းလိုက်ကြတာ။



www.burmeseclassic.com

www.burmeseclassic.com



'ဟောက်'

မုဆိုးကြီးတာပု လွန်မင်းစွာ ဒေါသထွက်သွားပါတော့၏။

'မင်းတို့နှစ်ယောက်ကို ငါ ကောင်းကောင်းမှတ်မိတယ်၊ အလွတ်မပေးဘူး'

သို့နှယ် ကြိမ်းဝါး၍ နောက် သုံးလေးရက်ခန့်အကြာတွင် မုဆိုးကြီးတာပု သာယာဝတီသို့ လိုက်သွားချေတော့သည်။

ပျောက်သောသူ ရှာလျှင်တွေ့ဆိုပြီး ရှာင်ပြေးပုန်းနေသည်ကြောင့် ဘယ်လာတွေ့နိုင်ပါတော့မည်နည်း။ သို့ပေမင့် သူ သိခဲ့သည်မှာ-

'တုတ်တို့' နှင့် 'ရန်လို' ရယ်လို့ သိခဲ့ရတော့၏။

အရပ်ပုပုနှင့်လူက 'တုတ်တို့'

အရပ်ရှည်ရှည်လူမှာ 'ရန်လို' ဖြစ်ချေ၏။

တစ်အူတုံဆင်း ညီအစ်ကိုရင်းများဖြစ်ကြကာ အံ့ဖွယ်ကောင်းသည်မှာ သူတို့ညီအစ်ကိုသည် အခြားအခြားသော ညီအစ်ကိုများလို မဟုတ်။

အလွန်ချစ်ကြ၏။

အလွန်သစ္စာရှိကြ၏။

ညီအစ်ကိုဖြစ်ပြီး သူငယ်ချင်းလိုပေါင်းကြ၏။ တုတ်



www.burmeseclassic.com

www.burmeseclassic.com



တို့သည် အရုပ်ပုသလောက် စိတ်တိုသူ ဖြ...

ရန်လိုသည် မည်သူနှင့်မျှတည့်သူ မဟုတ်၊ လမ်းပြေအဖြစ် တစ်ဦးတစ်ယောက်အပေါ်တွင် ရန်ရှာနေသူ ရန်... ...ကြင်လှိုင် တော့၏။

မိုက်ရိုင်းလေခြင်းလည်း တူလိုက်တာမှ မပြောလေနှင့်။ သူတို့၏ မိဘနှစ်ပါးသည် သူတို့လိုမဟုတ်။ လွန်မင်းစွာ အေးဆေး လူချစ်လူခင် ပေါသူဖြစ်၏။

သားလေးနှစ်ယောက်ကိုလည်း ချစ်လိုက်သမှ ခိုက်ခိုက်တုန် ဖြစ်၏။ ဘယ်လိုကြောင့် ထိုလင်မယားနှစ်ယောက်တွင် သူတို့လို မိုက်ရိုင်း မိုက်ကန်းသည့် သားနှစ်ယောက် ရှိရပါလိမ့်။

တုတ်တို့နှင့် ရန်လိုသည် လူမှန်းသိတတ်စအရွယ် ကတည်းက မိဘနှစ်ပါးကို ဒုက္ခပေးကြသူများ ဖြစ်ပေ၏။

ရွာထဲတွင် စီစီညံ့ရန်ဖြစ်သည်ဆိုသည်နှင့် ပြေးကြည့်စရာမလို၊ သူတို့ညီအစ်ကိုသာ ဖြစ်ချေ၏။

ရုံးဂါတ်လိုက်ရသည်လည်း အကြိမ်ကြိမ်။

အလျော်အစားပေးခဲ့ရသည်လည်း အလီလီ ရှိချေပြီ။

ထိုသားနှစ်ယောက်စိတ်နှင့် လုံးပါးပါး ဆုံးခဲ့ကြလေသည်။ 'သည့်တော့ တုတ်တို့နှင့်ရန်လိုကို အရုပ်ကပါ လက်မခံချင်။ 'မိဘနှစ်ပါးရှိစဉ်က မိဘနှစ်ပါးမျက်နှာ ထောက်ကြ...၏။



www.burmeseclassic.com

www.burmeseclassic.com



ဘတွေ မရှိလေသည်တွင် ရွာမှ နှင်ထုတ်လိုက်
တော
တော့ တုတ်တိုနှင့်ရန်လိုသည် မီးလောင်ကုန်း
မုဆိုးဂြ
ပူဘွဲ့နှင့် ဆွေရိပ်မကောင်း မျိုးရိပ်မကောင်း ဘုန်းတော်
ဏ်။
ကြီးတစ်ပါးရှိသည်ဆို၍ သာယာဝတီမှ လိုက်လာခဲ့ကြတော့သည်။

သည်လိုနှင့် အစအန ပျောက်ခဲ့တော့သည်။

ရွှေသားအဟိဆင်းတုတော်ကိုလည်း မီးလောင်ကုန်းရွာလူကြီးနှင့်တကွ ရွာသူရွာသားများ မုဆိုးကြီးတာပုပြော၍သာ သိခဲ့ရခြင်းဖြစ်၏။ မြင်ဖူးကြခြင်းမရှိ။ သည်တော့ ရွာဖျားဘုန်းတော်ကြီး အသက်ခံရမှုသည် သေသောသူ ကြာလျှင်မေ့ဆိုသလို အချိန်ကြာလာသည်နှင့်အမျှ သွေးအေးကာ မေ့ပျောက်မတတ် ဖြစ်ခဲ့ရတော့၏။

သို့ပေမင့် လုံးဝမမေ့ပျောက်နိုင်သူကတော့ ရှိ၏။

မီးလောင်ကုန်းရွာသား မုဆိုးကြီးတာပုပင် ဖြစ်တော့၏။ သို့ကြား သူသည်လည်း ဘဲဥအစာရှာမရ ဖြစ်နေသည်ကြောင့် လက်မှိုင်ချလို့သာ နေရချေတော့၏။

စိတ်ထဲမတော့ မေ့ပျောက်သွားခြင်း အလျဉ်းမရှိပါချေ။ သည်လိုဖြင့် တစ်နှစ်ခန့် အချိန်ကုန်ခဲ့လေသည်တွင် တစ်နေ့ မီးလောင်ကုန်းရွာသို့ မုဆိုးနှစ်ယောက် ရောက်လာကြတော့၏။ သူ့မိတ်ဆွေ မုဆိုးကိုပိုက်နှင့် လင်းမြင့်ပိုင်တို့ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



၏။ ဥက္ကံ့ချောင်းဖျားသို့ အမဲပြစ်သွားကြမည်၊ လမ်းပြအဖြစ် လိုက်ပါပေးရန် ဆိုလာကြ၏။

သည်တော့ သူသည် ထိုမုဆိုး ကိုပိုက်၊ လင်းမြင့်လှိုင် တို့နှင့်အတူ လမ်းပြအဖြစ် ဥက္ကံ့ချောင်းဖျားသို့ လိုက်ပါခဲ့တော့၏။

သို့လာခဲ့ကြသည်ဆိုရာတွင် စဥ့်အနီးချောင်းအဝသို့ ရောက်သည်တွင် မိုးသည်းထန်စွာရွာလေသဖြင့် မုဆိုးလင်းမြင့် လှိုင်နှင့် ကိုပိုက်သည် မိုးခိုလိုသည်ကြောင့် ပြေးလွှားသွား ကြ၏။ သူသည် နီးစပ်ရာကျွန်းပင်တွင် မိုး ခဏခိုနေသေး၏။

မိုးသည် သည်းသည်းမည်းမည်း ရွာလို့သာဖြစ်၏။ သို့ပေမင့် သူသည် မိုးရေထဲမှာပင် မုဆိုးနှစ်ယောက်ထွက်ပြေး ရာသို့ လိုက်ခဲ့ချေတော့၏။

မိုးသည် လေပြင်းပါသည်ကြောင့် ရှေ့ကိုမမြင်ရ။ စမ်းတဝါးဝါးဖြင့် လျှောက်ခဲ့ရာမှ ခပ်လှမ်းလှမ်းတွင် လူနှစ် ယောက်ကို တွေ့လိုက်၏။ သဲသဲကွဲကွဲတော့ဖြင့် မဟုတ်။ မှုံပျပျရယ်၊ သို့ကြောင့် သူသည် ခပ်သွက်သွက် လျှောက်လိုက် တော့၏။ ရှေ့မှသွားနေသူသည် ပုံမှန်ခြေလှမ်းဖြင့် မိုးရေစက် တို့ကို တိုးခွေ့သွားနေခြင်းဖြစ်၍ သူသည် ခပ်သွက်သွက် အမီလိုက်နေခြင်းဖြစ်သည်ကြောင့် တစ်စတစ်စ နီးလာတော့၏။

'ဟင်'



www.burmeseclassic.com

www.burmeseclassic.com



သူထင်ထားသလို မုဆိုးလင်းမြင့်လှိုင်နှင့် ကိုပိုက် မဟုတ်ပါကလား။ တစ်ယောက်က အရပ်ပုပု၊ တစ်ယောက်က အရပ်ရှည်ရှည်၊ အရွယ်ကတော့ နမော်နမဲ့။ အရပ်ပုသောလူသည် သာမန်လူထက် ခေါင်းတစ်လုံးစာ ပိုပုခြင်း၊ အရပ်ရှည်သောလူသည် သာမန်လူထက် ခေါင်းတစ်လုံးပိုရှည်နေခြင်းကြောင့် သူတို့နှစ်ယောက်ကို ယှဉ်လိုက်လျှင် ပို၍ရှည်သူ၊ ပို၍ပုသည် ဖြစ်သွားရတော့သဖြင့် လူတို့၏အမြင်ကို ထူးခြားသလို ဖြစ်နေ၏။

ထို ထူးခြားမှုကြောင့် သူ တစ်စုံတစ်ရာကို သတိရလိုက်တော့သည်။

ဟာ... တုတ်တိုနဲ့ ရန်လိုများလေလား။ သို့ အတွေးဝင်မိသည်ကြောင့် အပြေးကလေးလိုက်သွားတော့၏။ မိုးသည်လည်း ပို၍သည်းထန်၊ လေသည်လည်း ပို၍ ပြင်းပြင်းထန်ထန် တိုက်ခတ်လေခြင်းကြောင့် ရှေ့မြင်ကွင်းသည် မိုးတဝါးပင် မဟုတ်တော့ပြီ။ သည်ကြား မိုးစက်မိုးပေါက်များက မျက်လုံးကို ထိခတ်လာခြင်းကြောင့် မျက်လုံးတွေ ကျိန်းစပ်လို့နေတော့၏။

ထိုသည်ကြားမှပင် သူသည် ခြေချော်လဲကျသွားတော့၏။ အလိုလေးဗျာ မြေပေါ်သို့လဲကျ လိမ့်ဆင်းသွားသည်ကြောင့် သူ ချောက်ကမ်းပါးအောက်ကျသွားသည်ကို သတိ



www.burmeseclassic.com

www.burmeseclassic.com



ပြုမိသည့် အချိန်ကလေးမှာပင် သူ့ဦးခေါင်းသည် မာကျော သော အရာတစ်ခုနှင့် ထိခတ်မိသည်ကြောင့် မေ့သွားရလေ တော့သည်။

သို့ မေ့မျောသွားရာမှ သတိရလာသည်မှာ တစ်စုံတစ် ဦးက လှုပ်ခါနေလေခြင်းကြောင့် ဖြစ်တော့၏။

'ဟင်... ဆရာလေး ကိုလင်းပါကလား'

မုဆိုးကြီးတာပု ကံကောင်းလေခြင်းပင်။

ဆရာလေးကိုပိုက်ကိုတော့ မတွေ့ပါကလား။ သို့ ကြောင့် ဟိုဟိုသည်သည် ဝေ့ဝိုက်ကြည့်နေဆဲမှာပင်-

'ကျွန်တော်လည်း ကိုပိုက်နဲ့ လမ်းလွဲနေတယ်' ပြော လာလေမှ သုံးယောက်တစ်ကွဲစီဖြစ်မှန်း သိရတော့၏။

လူပုတစ်ယောက်၊ လူရှည်တစ်ယောက် တွေ့လိုက် ခြင်းကိုတော့ဖြင့် သူ မပြောလေတော့ပေ။ ဘယ်တွက်မှု သူ့ တွင် လျှို့ဝှက်ရမည့် အခြေအနေရှိနေသောကြောင့်ပင် ဖြစ် သည်။

သို့ဖြင့် မုဆိုးကြီးတာပုနှင့် လင်းမြင့်လှိုင်သည် ကိုပိုက် ကို အော်ဟစ်အသံပေး လိုက်ခေါ်ကြတော့၏။ မုဆိုးကိုပိုက် ထံမှ တုံ့ပြန်အချက်ပေးသံ ပေါ်မလာပါချေ။ သည်တော့ သူနှင့် မုဆိုးလင်း၊မြင့်လှိုင်သည် တစ်ညတာ စခန်းချနားနေရန် စီစဉ် လိုက်ကြသည်တွင်-



www.burmeseclassic.com

www.burmeseclassic.com


"ဒိန်း"

ပြင်းထန်သော ယမ်းအားပေါက်ကွဲသံ ကြားရလေသည်ကြောင့် ဝမ်းသာသွားကြရတော့၏။ မုဆိုးကိုပိုက် ပစ်လိုက်ခြင်းဖြစ်သည်။ သိပ်ဝေးလှသည်တော့ဖြင့် မဟုတ်။ သည်တော့ စခန်းချညအိပ်မည့် အစီအစဉ်ကိုဖျက်လိုက်ကာ သေနတ်သံကြားရာသို့ အားတက်သရော လျှောက်ခဲ့ကြတော့သည်။ ထင်ထားသလိုပင် မြောင်နှစ်မြောင်ကို ဖြတ်လိုက်ပြီးသည်နှင့် တောင်ကြောစွယ်လေးတစ်ခုရောက်သည်တွင် အရွက်ဖားဖားပျဉ်းမရွက်ကြီးပင်တစ်ပင်အောက်တွင် သစ်ပင်ကျောမှီ အိပ်ပျော်နေသည့် ကိုပိုက်ကို တွေ့လိုက်ကြ၍ သူနှင့် မလှမ်းမကမ်းတွင်လည်း ဝံသေကောင်ကြီးတစ်ကောင် တွေ့လိုက်ရတော့၏။

လင်းမြင့်လှိုင်နှင့်သူ အားရဝမ်းသာ ဖြစ်သွားရသလို ကိုပိုက်သည်လည်း မမျှော်လင့်ဘဲ သူတို့နှင့် ပြန်ဆုံရခြင်းကြောင့် အတိုင်းမသိ ဝမ်းသာသွားပုံရချေ၏။

သည်နောက် သူတို့သည် အနီးရှိ ဝါးတဲဟောင်းတစ်ခုကို ပြုပြင်ကာ ညအိပ်စခန်းချလိုက်ကြတော့သည်။

သို့ဆိုရာ၌ မုဆိုးကြီးတာပုသည် ဝါးကြမ်းခင်းပေါ် ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားသည်ဆိုပေမင့် ခပ်စောစောပင် နိုးလာတော့၏။

ထင်းမီးပုံတွင် မီးမရှိလေသည်ကြောင့် ထင်းခြောက်

နှ



www.burmeseclassic.com

www.burmeseclassic.com



တုံးများ ထပ်ထည့်လိုက်သည်တွင် အလျှံညီးညီး မီးတောက်ကြီး ဖြစ်လာရပြန်၏။

မုဆိုးလင်းမြင့်လှိုင်နှင့် ကိုပိုက်သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေဆဲ ဖြစ်ကြ၏။ မုဆိုးကြီးတာပုသည် ပြန်အိပ်လို့လည်းမရသည်ကြောင့် မီးပုံနားတွင်ထိုင်၍ ဝံသာအောင်ကိုစားရင်း အဖန်ရည်ကိုသောက်ရင်း တုတ်တိုနှင့်ရန်လိုတို့အကြောင်းကို စဉ်းစားနေလိုက်တော့၏။

သို့ စဉ်းစားနေရင်းမှပင် အရုဏ်ဦးလင်းရောင်ခြည် ပေါ်ထွက်လာတော့၏။

တဲရှေ့ချောင်းကိုပင် ထင်းထင်းမြင်ရချေတော့၏။

'ဟင်'

အိပ်မက်လေခြင်းများလား ထင်မိသည်ကြောင့် မျက်လုံးအစုံကို အသေအချာ ပွတ်သပ်ကြည့်မိ၏။

တုတ်တိုနှင့်ရန်လို ရှေ့ချောင်းသောင်ပြင်ကနေ ရေးကြီးသုတ်ပျာဖြင့် ဖြတ်သွားကြသည်ပဲ။

ကိုပိုက်နှင့် လင်းမြင့်လှိုင်ကို လှည့်ကြည့်လိုက်၏။ အိပ်ပျော်နေကြဆဲ ဖြစ်သည်။

ထို့ကြောင့် သူသည် ကပျာကသီပင် တုတ်တိုနှင့် ရန်လိုတို့နောက် အပြေးကလေး လိုက်သွားတော့သည်။

သေချာပေပြီ၊ တစ်ချိန်လုံး လိုက်ရှာခဲ့တုန်းက မတွေ့၊



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ မထင်မှတ်လေဘဲ တွေ့ရပေပြီ။

သိပ်မှတ်မိတာပေါ့။

မုဆိုးကြီးတာပုသည် ရှေ့မှလူနှစ်ယောက်ကို အလွှတ် မပေးလိုသည့်ကြောင့် လုံးဝမျက်ခြည်ပြတ် မခံခဲ့ပါချေ။

သို့ဖြင့် အင်းပျက်ရယ်လို့ ထင်ရသည့် ကွင်းစပ်စပ် ဖုန်းဆိုးမြေရှိရာသို့ ရောက်လာတော့၏။

ရှေ့က တုတ်တိုနှင့်ရန်လိုတို့သည် သူ လိုက်ပါခဲ့မှန်း သိပုံမပေါ်ချေ။ ထိုဖုန်းဆိုးမြေသို့ ရောက်သည်တွင် သူတို့နှစ် ယောက်သည် သစ်တစ်ပင်အောက်တွင် ထိုင်နေကြတော့၏။

သူ ရှေ့ဆက်လိုက်၍ မဖြစ်။ ဘယ့်တွက်မူ ထိုလူ နှစ်ယောက် သူ့ကိုတွေ့သွားမည် ဖြစ်၍ပင်။ ကိစ္စမရှိချေပြီ။ သူတို့နှင့်သူ သေနတ်တကမ်းစာသာ ဝေးသည်ပဲ။ ဒါ အခွင့် အရေးပေပဲ၊ ဘယ် လက်လွှတ်ခံ၍ ဖြစ်ပါ့မလဲ၊ သို့ကြောင့် သူသည် လက်တွင်းရှိသေနတ်ဖြင့် လှမ်းပစ်လိုက်သည်။ တုတ်တိုဖြစ်ဖြစ် ရန်လိုဖြစ်ဖြစ် တစ်ယောက်ယောက်ကို အလျှင် အသေသတ်ရမည်။ ပြီးလေမှ ကျန်တစ်ယောက်ကို အရှင်ဖမ်း ပြီး ရွှေဆင်းတုတော်ကိစ္စ မေးရပေမည်။

သို့ဖြစ်၍ မုဆိုးကြီးတာပုသည် သေနတ်မောင်းထိန်း ခလုတ်ကို ဆွဲညှစ်လိုက်လေတော့သည်။

'ဟာ'



www.burmeseclassic.com

www.burmeseclassic.com



'ဒိန်း'

သူက သေနတ်မောင်းကို ဆွဲအညှစ်၊ သူ့ပစ်မှတ် မြင်ကွင်းရှေ့သို့ မထင်မှတ်လေဘဲ သားကောင်တစ်ကောင် ဖြတ်ဝင်လာခြင်းကြောင့် သူ့ပစ်မှတ်သည် လွဲသွားရတော့၏။

'တောက်'

သူ ဒေါကန်သွားသည်။ သို့ကြောင့် သူအား ခနှောင့် ယှက်ပြေးလွှားသွားသော တောဝက်ကောင်ကို လိုက်ပစ်လေ တော့၏။

'ဒိန်း'

'ဒိန်း'

ဒေါသထွက်၊ စိတ်မတည်ငြိမ် ဖြစ်လေခြင်းကြောင့် ဝက်ကောင်ကို လက်လွှတ်လိုက်ရသည့်အပြင် မနုဿသား ကောင် နှစ်ယောက်ကိုလည်း လက်လွှတ်ဆုံးရှုံးခံလိုက်ရတော့ ၏။

'တောက်'

သူသည် ပြင်းထန်စွာ တောက်တစ်ချက် ခေါက်လိုက် ပြီးနောက် စခန်းသို့ ပြန်ခဲ့လေတော့၏။

သူ့သေနတ်သံကို လင်းမြင့်လှိုင်နှင့် ကိုပိုက်တို့ ကြား ကြပေမည်။ 'သုံးချက်တောင်ဆိုတော့'....'သားကောင်လည်း မပါလာ'ဆိုတော့ သူ့ကို မေးလာကြမည်။ ဘာကြောင့် ကျည်



www.burmeseclassic.com

www.burmeseclassic.com


သုံးတောင့် ဖြုန်းရတာတုန်း။

သည်တော့ သူ့တို့ အမေးရှိလာပါလျှင် ဘယ်သို့ ပြန်ဖြေရမည်လို့ စဉ်းစားရင်း လျှောက်ပြန်ခဲ့တော့၏။

တုတ်တိုနှင့်ရန်လိုကိစ္စကိုတော့ဖြင့် ပြော၍မဖြစ်။ သို့ဆိုပါလျှင် သူ့အကြံအစည်တွေကို လက်ခံကြမည်မဟုတ်။ ဖျောင်းဖျကြပေမည်။ သို့ ကြုံလာပါက တုတ်တိုနှင့်ရန်လိုကို အလွတ်ပေးရမည့်သဘော ဖြစ်လာနိုင်၏။ တရားဥပဒေစကားတွေ ပြောလာကြတော့မည်။ ဒါကို သူ မလိုလား။ သူ့ဆရာဘုန်းတော်ကြီးအတွက် သွေးကြွေးလည်း ဆပ်ချင်သေး၏။

တခြားကိစ္စ လိမ်းလွဲပြောရပေမည်။ ပြီးတော့ လင်းမြင့်လှိုင်နှင့် ကိုပိုက်တို့နှင့် လမ်းခွဲထွက်မှဖြစ်ပေတော့မည်။ သို့မှ သူတစ်ယောက်တည်း တုတ်တိုနှင့်ရန်လိုကို ခြေရာခံလိုက်လုပ်ကြံရပေတော့မည်။

ခုတစ်ခါတည်း ထွက်ခဲ့၍တော့ဖြင့် မဖြစ်သေး။ အခြေအနေ အချိန်အခါကိုလိုက်၍ မီးစင်ကြည့် ကရပေတော့မည်။ သို့ဆိုသလို မုဆိုးကြီးတဲပုစခန်းသို့ ပြန်ရောက်လာသည်တွင် သေနတ်သံသုံးချက်နှင့်ပတ်သက်၍ သူ တောဆင်ရိုင်းအုပ်နှင့်တွေ့၍ ပစ်ခတ်ခြောက်လှန့် ပြန်ပြေးလာခဲ့သည်ဟု ပြောလိုက်၏။

ထိုသည်ကား တုတ်တိုနှင့်ရန်လို ရှိနိုင်သည့်ဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်နှင့် ကိုပိုက်ကို လုံးဝ မသိလို၍ဖြစ်၏။

တုတ်တိုနှင့်ရန်လိုကို တွေ့မြင်ပါက သူ ထွက်လုပ်ကြံဖို့ ခပ်ခက်ခက် ဖြစ်ပေမည်။

ဖြစ်နိုင်ချေမှာ တုတ်တိုနှင့်ရန်လိုကို သူ လုပ်ကြံခွင့်ရပေဦးတော့ လင်းမြင့်လှိုင်နှင့်ကိုပိုက် သူတို့ကို လုံးဝ မမြင်မတွေ့ဖူးကြတာ အကောင်းဆုံး ဖြစ်ပေမည်။

သို့ကြောင့် သို့နှယ်ပြောပြီး လင်းမြင့်လှိုင်တို့ကို အခြားတစ်နေရာသို့ လမ်းလွှဲခေါ်သွားပြီး အခြေအနေပေးသည်နှင့် သူ ဖုန်းဆိုးမြေသို့ ပြန်လာမည်။ တုတ်တိုနှင့်ရန်လိုကို ရှာမည်။ သူတို့ သည်တောထဲတွင်သာ ရှိနေနိုင်၏။

သူတို့ လှည့်ပတ်သွားရင်းသာ ဘဝကို ရင်ဆိုင်အဆုံးသတ်သွားမည့်သူများ ဖြစ်နိုင်၏။ ဘုန်းတော်ကြီးကို သတ်ခဲ့ကြသည်ကြောင့် မြို့သို့လည်း ပြန်သွားရဲကြမည် မဟုတ်။ သို့ပေမင့် သူထင်ထားသလို ဖြစ်မလာ။

တောဆင်အုပ်နဲ့တွေ့သည်ဟု ပြောခဲ့ခြင်းကို မုဆိုးလင်းမြင့်လှိုင်က ယုံကြည်ပုံမရ။

သူသည်လည်း လိမ်မည်ပြောရသည်ကြောင့် စိတ်သိပ်မလုံ။ ဖုန်းဆိုးမြေဘက် လာကြလျှင် တုတ်တိုနှင့်ရန်လိုတို့၏ ခြေရာကိုတွေ့မည်၊ သူ့သေနတ်သံးချက်လည်း ကြားရလေခြင်းကြောင့်လည်းကောင်း၊ သူ့အမူအရာပျက်နေသည်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း သိသွားကြလျှင် သူ့အပေါ် သက်ာမကင်း ဖြစ်ပေရော့မည်။

သို့ ဖြစ်လာပါကလည်း ဘာတတ်နိုင်ပါ့မလဲ။ တကယ်လည်း သို့ ဖြစ်လာချေတော့၏။

သို့ပေမင့် အထွေအထူးတော့ဖြင့် ရင်ဆိုင်ရခြင်းမရှိ။ သူ မူပျက်ရပြီကို တောဆင်အုပ်ကိုကြောက်လန့်နေ၍ ဖြစ်ရခြင်းလို့ လင်းမြင့်လှိုင်နှင့် ကိုပိုက်က သတ်မှတ်လိုက်ကြ၏။ ဟူး... တော်ပါသေးရဲ့။

သို့ဖြင့် ထိုနေရာလေးမှ ရွာပျက်တဲအိမ်လေးဘက် ပြန်လာကြတော့၏။ ဝါးတဲလေး ဆောက်လုပ်လိုက်ကြတော့၏။

သည်လိုဖြင့် သူတို့သည် ချုံနွယ်ထူထပ်သော နေရာလေး၏ ကုန်းကျကျနေရာလေးတွင် စခန်းချနေထိုင်နေလိုက်ကြတော့၏။ တကယ်ဆိုပါလျှင် သူသည် ထိုနေရာလေးတွင် စခန်းမချချင်။ ထိုနေရာသည် ရွာပျက်တစ်ခု ဖြစ်နိုင်၏။ ကိုပိုက်သည်ပင် သူ့အိပ်မက်တွင် ရောက်ခဲ့သည့် 'ပျားစွဲရာ'ဟု စိတ်စွဲ၍ ပြောနေ၏။

ရွာပျက်ဆိုလျှင် ဘယ်ကောင်းပါ့မလဲ။ သို့ပေမင့် သူတို့ စခန်းချတော့ သူသည်လည်း နေရတော့မည်ပေါ့။

အခြေအနေကြည့်ပြီး သူတို့နှင့်လမ်းခွဲဖို့ စောင့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရပေဦးတော့မည်။

မုဆိုးကိုပိုက်နှင့် လင်းမြင့်လှိုင်သည် သူ့ကို တဲတွင် အစောင့်အဖြစ် ထားခဲ့ကာ အမဲရှာထွက်သွားကြတော့သည်နှင့် သူသည်လည်း ဖုန်းဆိုးမြေဘက် ထွက်ခဲ့တော့၏။ သူ၏ ရည်ရွယ်ချက်မှာ တုတ်တိုနှင့်ရန်လိုတို့ကို ရသည့်အချိန်လေးတွင် ရှာရန်ဖြစ်ချေ၏။ ခြေရာသည် ထိုဖုန်းဆိုးမြေတစ်ဝိုက်တွင်သာ ရှိ၏။ အဝေးသို့ထွက်သွားပုံတော့ဖြင့် မရ။ တစ်နေရာရာတွင် ပုန်းခိုနေကြဟန် တူ၏။

သို့ပေမင့် သူသည် ဆက်မရှာလေတော့ဘဲ စခန်းသို့ သာလျှင် ပြန်ခဲ့ပေသည်။ ဖုန်းဆိုးမြေမှ မုဆိုးကြီးတာပု စခန်းသို့ပြန်လာခဲ့ပြီးမကြာခင်အချိန်လေးတွင် ထိုဖုန်းဆိုးမြေနေရာသို့ လူနှစ်ယောက် ရောက်လာကြတော့၏။

တစ်ယောက်သောသူသည် အရပ်ပုပု၊ တစ်ယောက်သောသူသည် အရပ်ရှည်ရှည်ဖြစ်သည်။

'ငါတို့ကိုသေနတ်နဲ့ ပစ်တာ ဒီကောင်မဟုတ်လား'

အရပ်ပုပုလူက ပြောလေ၏။

'အေးကွ၊ ငါတို့အပြေးမြန်ပေလို့၊ ဘာလို့များ သေနတ်နဲ့ လိုက်ပစ်တာပါလိမ့်'

အရပ်ရှည်ရှည်လူက ပြောပြန်သည်။

'အေးကွာ၊ ဒီကောင်လုပ်လို့ ငါတို့ပစ္စည်း ဒီနေ့တင်



www.burmeseclassic.com

www.burmeseclassic.com


စခန်းသို့ပြန်ရောက်သည်တွင် မုဆိုးလင်းမြင့်လှိုင်နှင့် ကိုပိုက် ပြန်ရောက်ပြီး ဖြစ်နေတော့၏။

တော်သေးရဲ့… သူ ငါးတွေဖမ်းခဲ့ပေလို့။

သို့ဖြင့် သူတို့သည် ညစာကို စားနေကြချိန်လောက် တွင် မမျှော်လင့်ဘဲ တုတ်တိုနှင့်ရန်လိုကို တွေ့လိုက်သည် ကြောင့် မုဆိုးကြီးတာပု အံ့ဩတကြီး ဖြစ်သွားတော့၏။ ဘယ် လိုကြောင့်ပါလိမ့်။ သူ ထင်ထားသည်မှာ ဖုန်းဆိုးမြေတစ် ဝိုက်၌သာ သူတို့ ရှိလိမ့်မည်။ သို့မဟုတ် ထိုဖုန်းဆိုးမြေမှ အခြားတစ်နေရာသို့ ထွက်သွားကြပေလိမ့်မည်။ ခုတော့ အဲလို မဟုတ်ပါကလား။ သူတို့ ရွာပျက်စခန်းနားကို ရောက်လာကြ သည်ပဲ။ သူ စဉ်းစားမရအောင် ဖြစ်မိ၏။

သူတို့နှစ်ယာက်ကို မုဆိုးကိုပိုက်နှင့် လင်းမြင့်လှိုင် သည်လည်း တွေ့သွားကြလေပြီ ဖြစ်သည်။

သို့ပေမင့် သူတို့နှစ်ယောက်သည် လုံးဝ သိကြပုံ မပေါ်ချေ။ သူတို့ကို သိလားရယ်လို့ သူ့ကို မေးလာကြနေသေး ၏။

'မသိဘူး' ရယ်လို့ ဖြေလိုက်မိ၏။

ထိုည မုဆိုးကိုပိုက်နှင့် လင်းမြင့်လှိုင် အိပ်ပျော်သွား ကြသော်လည်း သူ အိပ်မပျော်နိုင်သေးချေ။ တုတ်တိုနှင့်ရန်လို ကိုသာ မြင်ယောင်နေမိ၏။


www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုများ ပြန်လာရှာကြလေသလား။

မဖြစ်နိုင်ဘူးလေ၊ သူတို့ကမှ သူ့ကို သိချင်မှသိကြမှာ၊ တစ်ခုတော့ရှိသည်။ ဖုန်းဆိုးမြေတွင် သူတို့ကို သူကသေနတ်နှင့် လှမ်းပစ်ခဲ့၏။ ထိုကိစ္စကြောင့် သူ့ကို ပြန်လာချောင်းကြသည်များလား။ မည်သို့ပင်ဖြစ်စေ သတိတော့ ထားရမည်။ သို့ကြောင့် ချိုးချိုးချွတ်ချွတ် အသံကြားလေတိုင်း မျက်လုံးများကို အစွမ်းကုန် ဖွင့်၍ မှောင်ထဲ ကြည့်မိ၏။

သို့ရှိစဉ် မုဆိုးကိုပိုက်နှင့် လင်းမြင့်လှိုင်သည် နိုးလာကြသည်။ သူသည် တစောင်းလှဲ၍ အိပ်နေဟန်ဆောင်နေလိုက်၏။ မုဆိုးလင်းမြင့်လှိုင်နှင့် ကိုပိုက်သည် မီးပုံရှိရာသို့ ထသွားကြတော့သည်။ မုဆိုးကိုပိုက်နှင့် လင်းမြင့်လှိုင် သူ့နားမှ ထွက်သွားကြသည်တွင် မျက်လုံးအစုံကို ပြန်ဖွင့်လိုက်တော့၏။

တောသည် တော်လဲသံလိုလို၊ လေပြင်းတိုက်သံလိုလို အဝေးမှ ဆင်အုပ်အော်သံလိုလို အသံမျိုးစုံထွက်နေလေခြင်းကြောင့် တောခြောက်တာများလေလား ထင်မိ၏။

သို့ရှိစဉ်-

'ဟာ'

သူ့အမြင်မှားခြင်း မဖြစ်နိုင်။ မှောင်ထဲတွင် ကြည့်နေသည်မှာ ကြာပြီဖြစ်၍ ကျင့်သားရနေပြီပဲ။ လူလုံးတော့ဖြင်မြင်တတ်အောင် ကြည့်တတ်လေပြီပဲ။ တဲနောက်ဘက်ခပ်



www.burmeseclassic.com

www.burmeseclassic.com



လှမ်းလှမ်း မြက်ရိုင်းတွင်းမှ တုတ်တိုနှင့်ရန်လိုပါကလား။ သူ့ကို အိပ်နေသည်ထင်၍ စိုက်ကြည့်ရင်း နှစ်ယောက်သား နှစ်ကိုယ်ကြား ပြောဆိုနေကြ၏။ သူတို့လက်တွင်မလဲ ဝါးခုတ်ဓားကြီးကြီးတို့ ရှိနေလေ၏။ ဘုရားရေ… သူတို့ကြည့်ရသည်မှာ သူ့ကို ခုတ်ထစ်သတ်ဖြတ်လိုသည့်ပုံ၊ သူ ကျောချမ်းမိသေးတော့၏။

သူ လက်ဦးမှုရယူမှ ဖြစ်တော့မည်။ အစက သူ တွက်ထားသည်မှာ တုတ်တိုနှင့်ရန်လိုကို လူမသိသူမသိ သတ်လိုက်မည်။ ခုတော့ အခြေအနေကို ပြောင်းလဲလို့နေပြီပဲ။ ထို အခွင့်အရေးမျိုးကို စောင့်နေလို့ကတော့ လူဆိုးကို မသတ်နိုင်မီ လူဆိုးလက်ချက်ဖြင့် သူ သေရနိုင်ချေ၏။ မည်သို့ပင်ဖြစ်စေ သူ လက်ဦးမှုယူထားတာ အကောင်းဆုံးလို့ တွက်လိုက်ကာ လက်တွင်းရှိ သေနတ်ဖြင့် ကပျာကသီ ပစ်လိုက်တော့၏။

'ဒိုင်း'

လွဲချော်သွားသည်။ တုတ်တိုနှင့်ရန်လိုက နောက်ဘက်တောတန်းလေးအတွင်း ပြေးဝင်သွားကြတော့သည်။ လုံးဝ လွဲချော်သွားသည်တော့ဖြင့် မဖြစ်နိုင်။

တစ်ယောက်တော့ဖြင့် ဒဏ်ရာရသွားလောက်၏။

သို့မြင်ကွင်းကို မုဆိုးကိုပိုက်နှင့် လင်းမြင့်ပိုင်သည်လည်း မြင်သိသွားတော့၍ သည့်အတွက် ပြဿနာမဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



မတော့ချေ။ လူနှစ်ယောက် ဘယ်သူမှန်းမသိ၍ ဖစ်လိုက်သည်ပေါ့။

သည်လိုနှင့်တော့ မပြီးလောက်။

လင်းမြင့်လှိုင်နှင့်ကိုပိုက်တို့ ပြန်အိပ်ကြသည်တွင် သူသည် တုတ်တိုနှင့်ရန်လို ပြေးသွားရာနောက်သို့ လိုက်သွားခဲ့တော့သည်။

သို့ လိုက်ခဲ့ရာမှ ချုံနွယ်တောတိုးရင်း ဝသုန်းတောအစပ်သို့ ရောက်လာသည်တွင်-

'ဟား… ဟား… ဟား…၊ နောက်ဆုံးတော့ မင်းငါတို့နဲ့ ပက်ပင်းတိုးတာပါပဲ'

အလိုလေးဗျာ၊ သူ့ကို များခေါ်လာကြခြင်းပါကလား။ သူတို့လက်ထဲတွင်မတော့ မြည့်နေအောင်သွေးထားသည့် ဝါးခုတ်ဓားမကြီးများ ကိုယ်စီကိုင်လျက်ရှိ၏။ သူ့တွင် သေနတ်ရှိသော်လည်း အရံသင့်မောင်းတင်ထားခြင်း မရှိ။ သည်ကြောင့် စိုးရိမ်ပူပန်မှုဖြစ်မိသော်လည်း ဟန်ကိုယ့်ဖို့ဆိုသလို-

'ရယ်စရာကောင်းတာ မင်းတို့ကွ၊ ငါ့မယ် သေနတ်ရှိနေတယ်လေ၊ မင်းတို့ဓားတွေက ဘာလိတ်ဓားသာသာရယ်ပါကွာ၊ ဟင်း… ဟင်း… ဟင်း…'လို့ပြောလျက် မချိပြုံးလေးပြုံးကြည့်လိုက်၏။ သည်တွင် အရပ်ပုပုလူက အရပ်ရှည်ရှည်လူကို တံတောင်နှင့် ဖမ်းတွတ်လိုက်ပြီး-



www.burmeseclassic.com

www.burmeseclassic.com



'ရန်လို… သူ့ကို မေးစရာရှိတာ မေး၊ ခေတာင်းစရာရှိတာတောင်းလေ၊ အေးအေးသက်သာပေးလျှင် ဘာမှမလုပ်နဲ့၊ အဲလိုမှမဟုတ်လျှင် အသေခုတ်ကွာ၊ သူ့ကိုယ်ပေါ်မှာ တို့လိုချင်တဲ့ ပစ္စည်းရှိမှာပဲ၊ နို့မဟုတ်လျှင်ဖြင့် သူနဲ့ပါလာတဲ့ ဟိုမုဆိုးနှစ်ယောက်မယ် ရှိလိမ့်မယ်၊ သူ့လက်ထဲ သေနတ်ရှိလို့ ကြောက်စရာမလိုဘူး၊ ငါ သေနတ်ကိုင်ဖူး ပစ်ဖူးတယ်၊ သူ့သေနတ်က မောင်းမတင်ရသေးဘူး၊ ငါတို့ကိုပစ်ချင်ရင် မောင်းတင်ရဦးမယ်၊ အဲဒီအချိန်ကလေးမှာ ငါတို့က သူ့လည်ကုတ်ကိုဓားနဲ့ပိုင်းပြီးဖြစ်နေလောက်ပြီ'

အတော်ပါးနပ်လျှင်သည့် တုတ်တိုပါကလား။ မုဆိုးကြီးတာပုတစ်ယောက် အနည်းငယ်တော့ဖြင့် သွေးလန့်သွားမိ၏။ သို့ကြောင့် လက်ဦးမှုရယူဖို့ သူ ကြိုးစားရပါမည်။ သို့ သူ တွေးတောနေစဉ်-

'ငါတို့ ပြုတ်ကျကျန်ခဲ့တဲ့ ပစ္စည်းကို မင်း ကောက်ရသွားတယ်မဟုတ်လား၊ အဲဒါ ငါတို့ကိုပြန်ပေးပါ'

သို့ ရန်လိုကပြောလာသည်ကြောင့် သူ ကျိတ်၍ဝမ်းသာသွားမိ၏။ သို့ဆိုပါလျှင် ဆင်းတုတော် သူတို့ထံမရှိသည်မှာ သေချာပေပြီ။ သူတို့ပြောသလို ဖုန်းဆိုးမြေတွင်ပျောက်ကျန်ခဲ့သည်ပဲ။ သူတို့က သူ့ကို ကောက်ရထားသည်ထင်နေကြ၏။ သူလည်း ကောက်ရထားခြင်းမရှိ။ သို့ဆိုပါလျှင်



www.burmeseclassic.com

www.burmeseclassic.com



ဆင်းတုတော်သည် ဖုန်းဆိုးမြေတစ်ဝိုက်တွင်သာ ရှိနေနိုင်၏။ လတ်တလော သူလုပ်ရမည့်ကိစ္စကို စဉ်းစားလိုက်၏။

ရန်လိုတုတ်တိုတို့လက်မှလွတ်မြောက်ရန်နှင့် သူတို့ကို ဘုန်းတော်ကြီးအတွက် သွေးကြွေးဆပ်ရန်ဖြစ်၏။

သူတို့ ကြည့်ရသည်မှာ တကယ် သတ်ဖြတ်ကြမည့်ပုံ။ သူ့မပြောလေနှင့်၊ ဆွေမျိုးတော်စပ်သည့် ဘုန်းတော်ကြီးကိုပင် ထိုပစ္စည်းအတွက် သတ်လာကြသူများဖြစ်ကြ၏။ ဖြစ်နိုင်လျှင် အချိန်ဆွဲ၍တော့ စကားပြောနေရပေမည်။ သို့ပြောရင်း သူတို့အလစ်အငိုက်ကိုချောင်း၍ လွှပ်ရှားမှုများ စတင်ရပေမည်။ သို့ကြောင့် –

'နေပါဦး၊ ဘာပစ္စည်းကို ပြောတာလဲ'

သို့နှယ် မသိယောင်ဆောင်၍ မေးလိုက်၏။

'ဘာပစ္စည်းရမှာတုန်း၊ ရွှေသားအတိနဲ့ လုပ်ထားတဲ့ ဆင်းတုတော်လေ'

'ဗျာ'

သူ ခုမှသိရသလိုဟန်ဆောင်၍ အံ့သြဟန်ပြလိုက်၏။

'ရန်လို··· ရှည်ရှည်ဝေးဝေး ပြောမနေနဲ့တော့၊ တော်တော့ကွာ'

'အလိုလေးဗျာ၊ လူပုစိတ်တိုပါကလား'

လျှပ်တစ်ပြက်ဆိုသလို လူပုလေးတုတ်တိုက ခါးမ



www.burmeseclassic.com

www.burmeseclassic.com



ကြီးကိုမြှောက်ကိုင်၍ ပြေးဝင်လာတော့၏။ သို့ကြောင့် မုဆိုးကြီးတာပုသည် သူနှင့်အနီးစပ်ဆုံး ဖြစ်သည့် အရုပ်ရှည်ရှည်နှင့် 'ရန်လို' ဆိုသူ ခြေသလုံးသားဆီသို့ ရိုင်ဖယ်သေနတ်ဒင်ဖြင့် လွှဲရိုက်လိုက်ပြီး တစ်ပြိုင်နက်ဆိုသလို ထိုနေရာမှ ပြေးထွက်ခဲ့တော့၏။

တုတ်တိုသည် သူ့ရှေ့သို့ ငိုက်ကျလာသော ရန်လိုကို ရှောင်ရှားလိုက်သည်နှင့် မုဆိုးကြီးတာပုကို သေနတ်မောင်းတင်ခွင့်နှင့် ပေးလိုက်ရတော့၏။

'ချောက်'

မြန်လိုက်သည့် ဖြစ်ခြင်း။

'ဒိန်း'

တုတ်တို ကံကောင်းပြီး ရန်လို ကံဆိုးသွားတော့၏။ ရန်လို ရင်ဘတ်ဟောင်းလောင်းဖြစ်သွားချေပြီ။ တုတ်တိုသည် လူပုသလောက် အပြေးမြန်လိုက်လေခြင်း။

ဝါးသုန်းတောတွင်း တိုးဝင်ပျောက်ကွယ်သွားတော့၏။

မုဆိုးကြီးတာပု အထိုက်အလျောက် ကျေနပ်သွားတော့၏။ ဘုန်းတော်ကြီးကို သတ်ခဲ့သည့် လူဆိုးလူမိုက်တစ်ယောက်ကို သတ်လိုက်နိုင်ပေပြီ ဖြစ်၏။

သို့ဖြင့် သူ မကျေနပ်နိုင်သေး။ ဂျပုတုတ်တိုကို သတ်



www.burmeseclassic.com

www.burmeseclassic.com



ရပေဦးမည်။ ရွှေဆင်းတုရတာ၊ မရတာ တစ်ပိုင်း၊ ကလဲ့စား ချေရမှာတစ်ပိုင်း ဖြစ်သည်။ ဆင်းတုတော်ကို အချိန်မရွေး သွားရှာလို့ရသည်။ ပျောက်ကျခဲ့သည့်နေရာမှလွဲ၍ ဘယ်မှ ရောက်သွားနိုင်လိမ့်မည်မဟုတ်။ ဂျပုတုတ်တိုကတော့ဖြင့်မူ နောက်မှထပ်ကြပ်မကွာ မလိုက်လျှင် သူနှင့် တဖြည်းဖြည်း ဝေး၍ဝေး၍ ရောက်သွားပျောက်သွားပေရော့မည်။

သို့ကြောင့် မုဆိုးကြီးတာပုသည် ဝါးသုန်းတောတွင်း တိုးဝင်လိုက်တော့သည်။

လူပုတုတ်တိုကို မတွေ့ရသော်လည်း သူ ပြေးလွှား သွား၍ သစ်ပင်သစ်ကိုင်းသစ်ရွက်တို့ လှုပ်ခတ်သွားသည်ကို ကြည့်၍ အပြေးကလေးလိုက်ခဲ့ရာမှ ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် ဖုံးအုပ်နေသည့် ပျားစွဲရာပျက်နားတွင်ရှိသော ဒေတီပျက်ကြီး ထံ ရောက်လာတော့၏။

ထိုနေရာမှတင် လူပုတုတ်တိုကို မျက်ခြည်ပြတ်သွား သည်ကြောင့် လှမ်းကဲရှာကြည့်နေမိ၏။

ဟော... တွေ့ပြီ၊ အဆင်သင့်လိုက်လေ။ ခပ်လှမ်း လှမ်းရှိ မြောင်းထဲဝင်သွားသည်ပဲ။ မြောင်းဆိုတော့ တုတ်တို အတွက် လမ်းဆုံးဖြစ်ဖို့များသည်။

ဘယ့်တွက်မှု မြောင်းသည် တောင်ကြောမြင့်လှ၍ မြောင်းဖျားတွင် နံရံခံနေပေလိမ့်မည်။ မြောင်းလမ်းနံရံ မတ်



www.burmeseclassic.com

www.burmeseclassic.com



စောက်လျှင် တုတ်တို မြောင်ဝ ပြန်လာရပေမည်။

သူ ပြုံးလိုက်ပြီး စေတီပျက်ကြီးကို အသေအချာ ကြည့်ကာ လက်အုပ်ချီလိုက်လေပြီး-

'တပည့်တော် သွေးကျွေးပြန်ဆပ်ပြီးလျှင် ရွှေအုတ်ဆင်းတုတော်ကို သွားရှာပါမည် ဘုရား၊ ဥစ္စာရှင်မှန်၍ ပြန်ရပါလျှင် တပည့်တော်သည် စေတီကိုပြုပြင်၍ ရွှေအုတ်ဆင်းတုတော်အား ဌာပနာသွင်း၍ လူအများကိုးကွယ်ရန် ဆောင်ရွက်ပါမည် ဘုရား' ဟု ဆုတောင်းလိုက်လေပြီးမှ ထိုနေရာမှ ထွက်လာကာ တုတ်တို ဝင်သွားသော မြောင်အတွင်း လိုက်ဝင်သွားချေတော့၏။

'ဟင်'

သည်မြောင်ကိုမူ ကောင်းကောင်းမှတ်မိလေပြီပဲ။ ကျောက်ခုတင်နှစ်ဆင့်ရှိသော မြောင်ပါလား၊ သို့ဆိုပါလျှင် ဆင်းတုတော်ရခဲ့သော လေယာဉ်ပျက်ကြီးထံ ပြန်ရောက်ပေဦးမည်။

မည်သို့ပင်ဖြစ်စေ တုတ်တို ပြေးဝင်သွားချေလေပြီ။

တုတ်တိုသည် ဘယ်လိုပဲပြောပြော လေယာဉ်ပျက်ကြီးထံသို့ ရောက်သွားပေမည်။ ပုန်းကွယ်ရန် အကောင်းဆုံးနေရာဖြစ်ခြင်းကြောင့် တုတ်တိုတစ်ယောက် ထိုနေရာမှာပင် စတည်းချနိုင်၏။ သို့တည်းမဟုတ် လေယာဉ်ပျက်အနီးအနား



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာရာတွင် ပုန်းခိုပေလိမ့်မည်။

'တွေ့ပြီပေါ့ တုတ်တိုရယ်'

မုဆိုးကြီးတာပုတစ်ယောက် ပထမအဆင့် ကျောက်ခုတင်ကို ဖြတ်တက်ခဲ့တော့၏။ ထိုမှတစ်ဖန် ဒုတိယအဆင့် ကျောက်ခုတင်သို့ တွယ်ကာတက်ခဲ့ပြန်၏။ ထိုကျောက်ခုတင်ပေါ်မှနေ၍ လေယာဉ်ပျက်ရှိရာ တောင်ကြောပေါ်သို့ တွယ်တက်လိုက်ပြန်၏။

တောင်ကြောပေါ်ရောက်သွားသည်နှင့် ခြေပစ်လက်ပစ် နားလိုက်လေပြီး လေယာဉ်ပျက်ရှိရာသို့ လှမ်းကြည့်လိုက်သည်။

သူ့ လွန်မင်းစွာ ကျေနပ်သွားသည်။

တုတ်တို လေယာဉ်ပျက်ထံ ရောက်ခဲ့ချေပြီပဲ။ ဘယ့်ကြောင့် လေယာဉ်ပျက် ဖုံးအုပ်နေသည့် သစ်ပင်ချုံနွယ်တို့ မြေပြင်တွင် ပြတ်ကျနေခြင်းကြောင့် ဖြစ်ချေ၏။ ထိုသည်က တုတ်တို ခုတ်ဖြတ်ထား၍ ဖြစ်ပေ၏။ မုဆိုးကြီးတာပု အေးအေးဆေးဆေး နားရလေပြီ။ တုတ်တိုတစ်ယောက် ပြေးမလွတ်ချေတော့ပြီ။

လေယာဉ်ပျက်အတွင်း တုတ်တို ရှိနေနိုင်၏။ သို့ကြောင့် လေယာဉ်ပျက်အတွင်းမှ တုတ်တို ပြန်ထွက်အလာကို စောင့်၍ ပစ်ခတ်ရပေမည်။



www.burmeseclassic.com

www.burmeseclassic.com


သူ လဲလျောင်းသည့်နေရာနှင့် လေယာဉ်ပျက်သည့် သေနတ်တစ်ကမ်းစာပင် မရှိပါကလား။

မုဆိုးကြီးတာပုသည် ပိုသေချာစေရန် မဂ္ဂဇင်းဘောက်ကိုဖြုတ်၍ ကျည်တောင့်တို့ကို စစ်ဆေးလိုက်၏။

ကျည်ငါးတောင့် ရှိသေး၏။ သူ့တွက် လုံလောက်ပေပြီ။ တုတ်တိုအတွက် အလွန်ဆုံးသုံးရ ကျည်နှစ်တောင့်ပေါ့။

မုဆိုးကြီးတာပုသည် သေနတ်မောင်းကို တင်လိုက်တော့၏။

'ချောက်'

အချိန်နှင့်အတော်ကြာတွင် သူ၏ စိတ်ရှည်ရှည်စောင့်ဆိုင်းခြင်း၏အကျိုးကို ခံစားလိုက်ရတော့၏။

တုတ်တိုတစ်ယောက် သူ့နောက်လိုက်လာသည့်ရန်သူ မရှိလောက်ပြီဟု တွက်ဆထားပုံ ဖြစ်နေ၏။

တုတ်တိုတစ်ယောက် သူ့ထင်မြင်ချက် မှန်ကန်သည်ဟု ထင်လိုက်ချေ၏။ သူ့နောက်မှ လိုက်လာသော သေနတ်သမားသည် သူ့ကို မြောင်ထဲ ဝင်ပြေးလိမ့်မည်ဟု ထင်ထားပုံမရ။

သို့ဖြစ်၍လည်း သူ စွန့်စားလုပ်လိုက်ခြင်း ဖြစ်၏။

သူ မြောင်ထဲဝင်ပုန်းနေမည်။ နောက်တွင် မျက်ခြည်ပြတ်သွားသော သေနတ်သမားက မြောင်ထဲတော့ ဝင်ရှာလိမ့်

www.burmeseclassic.com



မည်မဟုတ်။

မြောင်းထဲဝင်လာပြန်တော့ သူ့တွက် ပိုအဆင်ပြေခဲ့ရ တော့၏။ မြောင်းထဲတွင် ကျောက်ခုတင်နှစ်ထပ်တောင်ရှိသည့် အပြင် မမျှော်လင့်ဘဲ လေယာဉ်ပျက်သို့ ရောက်လာခဲ့ရ၏။

သူ့တွက် လတ်တလော နားခိုရာရချေပြီ။ ရန်လို တော့ သေကျန်ရစ်ခဲ့သည့်အတွက် စိတ်မကောင်းဖြစ်မိပေမင့် ရွေဆင်းတုပြန်ရလျှင် တစ်ဝက်ခွဲပေးစရာလူမရှိသည်ကြောင့် ဝမ်းသာမိသည်တော့ အမှန်။

တုတ်တိုသည် လေယာဉ်ပျက်အတွင်း အချိန်ကြာကြာ ခိုအောင်းနေသည့်တိုင် နောက်မှ သေနတ်သမား လိုက်လာပုံ မတွေ့။ အကယ်၍ လိုက်လာဦးတော့၊ လေယာဉ်ပြတင်းတစ် ဖက်မှ ခုန်ချပြေးသွားနိုင်သေး၏။ သူ့တွက် ဂယ်ပေါက်ပေါ့။ အတန်ကြာသည့်တိုင် လိုက်လာခြင်း မရှိသည်ကြောင့် လေယာဉ်ပျက်တွင်းမှ ရဲရဲဝံ့ဝံ့ထွက်ခဲ့ချေတော့သည်။

သူ လေယာဉ်ကိုယ်ထည်ပျက်တွင်း သုံးလေးရက် တန်သည် ပုန်းခိုရဦးမည်။ အားမွေးမည်။ အကြံဉာဏ်ထုတ် မည်။ ပြီးလျှင် သေနတ်သမားကို ပြန်ရှာပြီး ချုံခိုတိုက်ခိုက် မည်။

တုတ်တိုသည် သူ့အတွေးနှင့်သူ ကျေနပ်ပီတိဖြစ်နေ မိ၏။ သူ ကျောက်ခုတင်ရှိရာသို့ ပြန်ဆင်းရန် တောင်ကြော



www.burmeseclassic.com

www.burmeseclassic.com



အစပ်သို့ စိတ်လွတ်ကိုယ်လွတ် လျှောက်ခဲ့ရာမှ-

'ခွပ်'

'အား'

'ငါ့ထင်တားတာ ကျည်နှစ်တောင့်လောက်တော့ ဖြုန်းရမယ်လို့၊ ခုတော့ တစ်တောင့်မှ ဖြုန်းစရာမလိုပါကလား'

မုဆိုးကြီးတာပုသည် မြေပြင်တွင် မှောက်ခုံကြီး လဲမှေ့မျောနေသော တုတ်တိုကိုကြည့်၍ ကျေနပ်ပီတိ ဖြစ်နေတော့၏။

သည့်နောက် တုတ်တိုကို တရွတ်တိုက်ဆွဲသွားလေ၏။ လေယာဉ်ပျက်ဆီသို့ မဟုတ်။ လေယာဉ်ပျက်အမြီးပိုင်းနှင့် ခပ်လှမ်းလှမ်းရှိ သစ်ပင်ချုံနွယ်တောဘက်သို့ ဖြစ်ချေ၏။

သူ စေတီပျက်နားရောက်နေသည့်အချိန် ဟိုသည်လှမ်းကြည့်လေသည်တွင် ခပ်လှမ်းလှမ်းတောင်ကြောပေါ်မှ မုဆိုးကိုပိုက်နှင့် လင်းမြင့်လှိုင်တို့ကို လှမ်းတွေ့လိုက်သည်ပဲ။ သူတို့ကလည်း သူ့ကိုမတွေ့ဟု ပြော၍မရ။ ခတွေ့ကောင်းတွေ့ပေမည်။ သည်နေရာကိုလည်း သူတို့ ရောက်ဖူးသည်။ သို့ကြောင့် သူ့ကို လှမ်းတွေ့ခဲ့ပါက လိုက်လာကြမှာ မလွဲဖြစ်သည်။

စေတီပျက်ထိရောက်ပြီဆိုမှဖြင့် သည်မြောင်းပဲ လိုက်ကြဦးမည်။ သည်တော့ လေယာဉ်ပျက်ထဲ ရောက်လာကောင်း



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာနိုင်သည်။ သို့ကြောင့် သူသည် တုတ်တိုကို ချုံနွယ်တောဘက် ဆွဲလာခြင်းဖြစ်၏။ တုတ်တိုကို စစ်မေးရမည်။ ပြီးလေမှ သတ်ပစ်ရမည်။

သို့ဖြင့် ချုံနွယ်တို့နောက် ရောက်သည်တွင် တုတ်တိုကို ပြန်လည်သတိရအောင် လုပ်လိုက်၏။

'ဟင်… ငါ့ကို ပစ္စည်းပြန်ပေးစရာမလိုပါဘူး၊ ငါ့ကိုတော့ မသတ်ပါနဲ့ကွာ'

တုတ်တိုတစ်ယောက် သတိရရချင်း ကြောက်ကြောက်လန့်လန့် သို့ပြောလာခြင်းကြောင့် မုဆိုးကြီးတာပု လွန်မင်းစွာ သဘောကျသွားရတော့၏။

'အေး… မင်းတို့ ရွာဖျားဘုန်းတော်ကြီးကို သတ်ခဲ့တုန်းကတော့ ခုလို ဝဋ်လည်လိမ့်မယ်ဆိုတာ မတွေးမိဘူးလားဟေ၊ ပြီးတော့ မင်းတို့ ဒီလောက်ပေးဆပ်တာနဲ့ မလုံလောက်သေးဘူးကွ၊ ငရဲမင်းကြီးက မင်းကိုစောင့်နေလိမ့်ဦးမယ်'

'ဟင်… နို့ဖြင့် ခင်ဗျား ကျုပ်ကို ငရဲမင်းကြီးဆီ ပို့မှာပေါ့'

တုန်ယင်သောလေသံဖြင့် မေးလာချေတော့၏။

'အေးလေ၊ ငါ့ကိုမှာထားတဲ့တာပဲ၊ မင်းဆီရောက်ရင်နဲ့ ငါ့ဆီ ပို့ပေးစမ်းပါကွာတဲ့၊ အေး… မင်း အဲလိုလုပ်ပေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် အကယ်၍များ မင်း ငါ့ဆီရောက်လာလျှင်ဖြင့် အတတ်နိုင်ဆုံး လျှော့လျှော့ပေါ့ပေါ့ နိုပ်စက်ပါ့မယ်ကွာတဲ့လေ၊ သည်တော့လည်း…'

'တောင်း… တောင်းပန်ပါတယ်ဗျာ၊ ပစ္စည်းကလည်း ကျွန်တော်တို့ဆီမယ် မရှိတော့ပါဘူးဗျ၊ ယုံစမ်းပါ'

သို့သာ တုတ်တို ပြောနိုင်တော့၏။

မုဆိုးကြီးတာပုသည် အသက်နှင့်ခန္ဓာကိုယ် ခွဲခွာသွားပြီဖြစ်သော တုတ်တိုကို အသေအချာ ကြည့်လိုက်၏။

'ဟာ…'

ခုမှ သတိထားမိသည်ပဲ၊ ကိုယ်လုံးကိုယ်ပေါက် အရုပ်အမောင်း သူနှင့် တစ်ထပ်တည်းလိုလိုပါကလား။ သူ့အပြစ်ကို သူ သိသည်။ မဖြစ်မနေ ပေးဆပ်ရမည်ကိုလည်း သူ သိသည်။ ရဲရဲဝံ့ဝံ့လည်း ပေးဆပ်ဝံ့သည်ဆိုပေမင့် တကယ်တမ်း နဖူးတွေ့ဒူးတွေ့ တွေ့ပါလေလျှင် သူ့တွင် သတ္တိတွေ ရှိနိုင်ပါ့မလား။ သည်ပြစ်မှုကြီးကို မပေးဆပ်ချင်လို့ကော ရပါ့မလား၊ ရှောင်ပြေးနေလို့ကော ရပါ့မလား။

ခက်သည်က မုဆိုးကိုပိုက်နှင့် လင်းမြင့်လှိုင်က သည်ပြစ်မှုကြီးကို မတွေ့မမြင်ပေမင့် တွက်ချက်တွေးမိပေလိမ့်မည်။ သူ ပြေးမလွတ်သာနိုင်ပြီ။

လင်းမြင့်လှိုင်နှင့် ကိုပိုက်ကို သတိရ မျက်ဝန်းတွင်



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်သည်နှင့်အတူ ကိုပိုက်ပြောသော စကားတစ်ခွန်းကို သူ တုတ်တိုကို စေ့စေ့ကြည့်နေရာမှ သတိရလိုက်၏။

သူ့အိပ်မက်တွင် လင်းမြင့်လှိုင်မျက်နှာနှင့်လူနှင့် သူ(တာပု)မျက်နှာနှင့်လူကို ကြုံရသည်ဆိုပဲ။ အိပ်မက်ထဲတွင် သူ့ကို(ကိုပိုက်) သူတို့က ပျားစွဲရွာပျက်သို့ခေါ်သွားကြသည်။ ထိုသည်ကို လင်းမြင့်လှိုင်နှင့် သူ့ကို ပြောပြခဲ့၏။ အိပ်မက်ထဲကအတိုင်း ပျားစွဲရွာပျက်ဆိုတာကို ရောက်ခဲ့ကြ၏။ စေတီပျက်ကိုလည်း တွေ့ခဲ့ကြရ၏။ သည်တွင် ကိုပိုက်သည် သူ့အိပ်မက်ကို သံသယဖြစ်နေ၏။ သည်ကြား အဝေးမှနေ၍ တုတ်တိုနှင့်ရန်လိုကို တွေ့သွား၏။ မျက်နှာကိုတော့ဖြင့် သေသေချာချာ မြင်လိုက်ကြပုံမပေါ်။ ဟုတ်ပြီ၊ သူ အကြံရလိုက်တော့၏။ ကြိုးစားကြည့်တာပေါ့။ သူ့ကို သူများသတ်သွားသည့်ပုံလုပ်ပြီး သည်ပြစ်မှုကြီးကို လွတ်ကင်းအောင် လုပ်ရမည်။ တုတ်တိုနှင့် သူ ခန္ဓာကိုယ်အဆက်အပေါက်ချင်း တူသည်ကြောင့် -

သို့ဆိုသလို မုဆိုးကြီးတာပုသည် တုတ်တိုကို သူ ရယ်လို့ထင်သွားရလေအောင် တုတ်တို၏မျက်နှာကို ဖျက်ဆီးပစ်လိုက်တော့၏။

မုဆိုးကြီးတာပု သေသွားရာသည်ပေါ့။ သူကတော့ သူ့မျက်နှာကို အခြားလူတစ်ယောက်ဖြစ်အောင် ဖျက်ဆီးလိုက်

www.burmeseclassic.com



တော့၏။ ထိုကိစ္စသည် သူ့တွက် ခက်ခဲခြင်းမရှိ။

သူ လူပျို ပေါက်ဘဝက မိတ်ကပ်ပညာရှင်နောက် တပည့်ခံကာ တစိုက်မတ်မတ် လေးငါးဆယ်နှစ်ခန့် လိုက်ဖူး၏။ သူ့ထံမှ ပညာတွေရခဲ့၏။ သည်တွင် သူသည် မုဆိုးကြီး တာပုဘဝကို ဇာတ်မြုပ်လို့ ရသွားချေတော့၏။

သို့ပေမင့် သူသည် မုဆိုးကိုပိုက်နှင့် လင်းမြင့်လှိုင် ကို ရုပ်သဏ္ဍာန်အရ လှည့်စားလို့ရခဲ့ပေမင့် အမူအကျင့်ကိုမူ ဖုံးကွယ်လို့ မရခဲ့ပါချေ။ အင်မတန်မှ စေ့စပ်သေချာသော လင်းမြင့်လှိုင်နှင့်ကိုပိုက်က သူ့မျက်နှာဖုံးကို ခွာချခဲ့ကြလေ တော့၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် မုဆိုးကြီးတာပု ပြော ပြလေသည့်ဇာတ်လမ်းကို အပြည့်အစုံ သိလိုက်ကြသည်ဆိုပေ မင့် -

'နေပါဦး တာပုရဲ့၊ ဟိုတောင်ကြောပေါ်က ကျွန်း ပင်ကြီးအောက်မှာသေတဲ့သူက ဘယ်သူလဲ၊ ဖထီတာပု သတ် လိုက်တာမဟုတ်လား၊ သူက ရွှေဆင်းတုကိစ္စနဲ့ ဘာပတ်သက် နေလို့လဲ'

သို့ဆိုသလို ကျွန်တော်က မှတ်မှတ်ရရ မေးလိုက်၏။

'အဲဒီလူက လဟာငယ်ရှာသား ထွန်းကြည်ဆိုတာ ပေါ့၊ သူနဲ့ငါက ဇာတ်အဖွဲ့တစ်ခုမှာ ဆုံဖူးတယ်လေ၊ သည်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ သူက ငါရဲ့ ရုပ်ဖျက်ပညာကို သိနေတယ်လေ'

'သူက ဘယ်လိုသိရတာလဲ'

'သိဆို သူလည်း ရုပ်ဖျက်အင်မတန်တော်တဲ့သူပဲ လေ၊ ဆရာတစ်ယောက်တည်းရဲ့ ပညာသင်တပည့်တွေပေါ့၊ နို့ကြောင့် သူက ငါ့ကို ဘာကြောင့်ရုပ်ဖျက်နေရတာလဲ မေးတယ်၊ သည်တော့ ငါကလည်း အဖြစ်မှန်ကို ပြောပြလိုက်မိတယ်ကွာ၊ မင်းကော ဒီမယ် ဘာလာလုပ်နေတာလဲ မေးလိုက်တော့ ခါးပြမှုတစ်ခုကြောင့် လာရှောင်နေတာလို့ ပြောတယ်'

'အင်းလေ၊ ပညာသင်ဖက် မိတ်ဆွေတွေ ဘာလို့များ သတ်ဖြတ်မိတဲ့ အခြေအနေ ရောက်သွားရတာတုန်း'

သို့ဆိုသလို လင်းမြင့်လှိုင်က စိတ်ဝင်တစား မေးလေတော့၏။

'သည်ကောင်က ငါနဲ့ ဖုန်းဆိုးမြေဘက်ကိုလိုက်ပြီး ဆင်းတုတော်ကို လိုက်ရှာမယ်၊ တွေ့လျှင် တစ်ဝက်ပေးရမယ် ပြောတယ်၊ ငါ ဘယ်ပေးနိုင်မလဲ၊ ငါက ဗျားစွဲရွာစေတီပျက်ကြီးကို ပြုပြင်ပြီး ဌာပနာထဲထည့်ဖို့ စဉ်းစားထားတာပဲကွ၊ ငါ သူ့ကို ဘယ်လိုမှ ပြောမရဘူး၊ သည်တော့ ငါ သူ့ကို မလုပ်ချင်ဘဲ လုပ်လိုက်ရတာပေါ့ကွာ'

'ဟင်'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သက်ပြင်းရှည်ကြီးတစ်ခုကို မှုလိုက်လေတော့၏။

သည်လိုဆိုတော့လည်း တာပု၏စိတ်ခေတ်ကို ချီးကျူးရမလိုပင်။

'နို့ . . . နေပါဦး၊ ထွန်းကြည်တဲကို ဘာလို့ပြန်လာရတာလဲ၊ တလက်စတည်းထွက်သွားလျှင် လွတ်နိုင်တာပဲကွာ'

သို့ဆိုသလို လင်းမြင့်လှိုင်က ပြောလိုက်သည်တွင် ဖထီးတာပုသည် ယဲ့ယဲ့လေးပြုံးလိုက်လေပြီး-

'သူ့မလဲ ရုပ်ဖျက်ရာမှာသုံးတဲ့ ပစ္စည်းတွေရှိနေနိုင်တယ်လေ၊ နို့ကြောင့် ငါတွက်လည်းလိုအပ်လို့ ပြန်လာထပ်ရှာတာပေါ့ကွာ'

သည်လိုဖြင့် ကျွန်တော်တို့သည် ရွှေဆင်းတုဇာတ်လမ်းကြီးကို သိလိုက်ကြတော့၏။

'ကဲ . . .' ဖထီး၊ ဖထီးရဲ့စီမံချက်ကို စွန့်လွှတ်လိုက်ပါတော့ဗျာ၊ ကျွန်တော်တို့နဲ့သာလိုက်ခဲ့ပြီး ထိုက်တန်တဲ့အပြစ်ကို ခံယူလိုက်ပါတော့'

သို့ လင်းမြင့်လှိုင် ပြောလိုက်သည်တွင် မျက်နှာညှိုးသွားလေပြီး-

'ငါ့ကိုတော့ ကူညီကြပါကွာ၊ ငါက သေလူဖြစ်နေပါပြီ၊ သည်တော့ ဖုန်းဆိုးမြေဘက်သွားပြီး ဆင်းတုတော်ကို



www.burmeseclassic.com

www.burmeseclassic.com



ရှာချင်တယ်၊ ရှာတွေ့လျှင်ဖြင့် ဆရာလေးတို့ကို အပ်ပါတယ်၊ ပျားစွဲရွာက စေတီပျက်ကြီးကိုပြုပြင်ပြီး ဌာပနာထည့်ပေးပါလို့ တောင်းပန် အကူအညီတောင်းချင်ပါတယ်'

သို့ ပြောလာသဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြပြီး-

'ကောင်းပြီလေ၊ ဖထီးအတွက် ဘဝကူးကောင်းအောင် မဖြစ်မနေ လုပ်ပေးပါ့မယ်၊ ဖုန်းဆိုးမြေဘက် သွားကြတာပေါ့' ဆိုလျက် ထိုနေရာလေးမှ ထွက်ခဲ့ကြတော့သည်။

သို့ဖြင့် ကျွန်တော်တို့သည် ဖုန်းဆိုးမြေသို့ ရောက်ခဲ့ကြတော့၏။ ထိုနေရာတစ်ဝိုက် လှူဖြန့်ရှာကြ၏။

ဘယ်လိုမှ ရှာမတွေ့၊ ဖြစ်ချေတော့၏။ သို့ကြောင့်-

'ဟိုနှစ်ယောက်ပြောသွားတာကော ဘာကယ်ဟုတ်ရဲ့လားဗျာ'

သို့ဆိုသလို ကျွန်တော်က မေးလိုက်သည်တွင်-

'သိပ်ဟုတ်တာပေါ့ ကိုပိုက်ရယ်၊ သူတို့နှစ်ယောက်ကလိမ်ညာပြောသွားတာတော့ မဟုတ်ပါဘူး၊ တကယ်ပဲ သည်မယ် ကျခဲ့တာလေ၊ ဟောဒီမယ်ကြည့်' ဆိုသည့်အသံကြောင့် တအံ့တဩ အသံလာရာသို့ လှည့်ကြည့်လိုက်သည်။

'ဟင်...'

လွန်မင်းစွာ အံ့ဩသွားရသည်မှာ ကျွန်တော်သာမျှင်



www.burmeseclassic.com

www.burmeseclassic.com



မပျောက်။ လင်းမြင့်လှိုင်နှင့် ဖထီတာပုသည်ပင် အံ့သြမှင်တက် မိသွားကြတော့၏။ ကျွန်တော်တို့၏မိတ်ဆွေကြီး ရသေ့ဓမ္မပါလ ပါကလား၊ ဘယ်အချိန်က အနားရောက်နေလေသည် မသိ။ ရွှေအတိဖြင့် ပြုလုပ်ထားသည့် ဥဏ်တော် တစ်မိုက်ခန့်ရှိ ဆင်းတုတော်ကို လက်ဖဝါးပေါ်တင်၍ ပြလာလေတော့၏။

'ဟင်… ရသေ့ကြီး၊ ဘယ်လိုရလာတာလဲ'

သို့ဆိုသလို ဖထီတာပုက အံ့သြတကြီး မေးလေ တော့၏။

'ဟော…ဟိုရှေ့နားက ညောင်ပတ်ကျွန်းပင်ကြီး အောက်ခြေက ရတာလေ၊ ဆင်းတုတော်ပိုင်ရှင် မေ့ကျန်ခဲ့တာ လား၊ ပျောက်ကျန်ခဲ့တာလားသိချင်လို့ သည်လမ်းကို လာလာ နေရတာ သုံးလေးရက်ရှိနေပြီ'

သို့ ရသေ့ဓမ္မပါလက ပြောလာသဖြင့် ကျွန်တော် သည် ဖထီတာပုကို ကြည့်လိုက်လေပြီး-

'ပိုင်ရှင်က သူ့ဟာပဲပြောရမှာပဲ' ဆိုလျက် ဖထီတာပု နှင့် တုတ်တိုရန်လိုတို့အကြောင်းကို အကျဉ်းချုံးပြောပြလိုက် သည်တွင် ရသေ့ဓမ္မပါလသည် တည်ကြည်သော အပြုံးဖြင့် ကျွန်တော်တို့ကို ကြည့်လေပြီး-

'ဒကာ ကရင်ကြီးရယ်၊ အတိတ်ဝဋ်ကြွေးကြောင့်လို့ ဆပ်ရ တယ်လို့သာ မှတ်ပါ၊ ဘာမှတွေးလို့မနေနဲ့ ဟုတ်လား၊ ဒကာ

www.burmeseclassic.com



ကြီးရဲ့ဆန္ဒကို ဖြစ်အောင်လုပ်ပေးမယ် ဟုတ်လား၊ စိတ်အေး လက်အေးသွားရမယ့် ခရီးကိုသာ ရဲရဲဝံ့ဝံ့ သွားလိုက်ပါ၊ အေး ရသေ့ လောလောဆယ်လုပ်ပေးနိုင်တာကတော့ သည်ဆင်းတု တော်ကို ရသေ့ကို လှူခဲ့ပါ၊ ရသေ့ စေတီပျက်ကြီးမယ် ကိုးရက် ကိုးလ ကိုးနာရီ ကိုးမိနစ် ကိုးစက္ကန့် ဝစီပိတ်အဓိဋ္ဌာန်ဝင်ပြီး သတ္တဝါတွေကို ကိုးနာရီတိတိ မေတ္တာပို့ပြီး စေတီကြီးကို ဖုံးလွှမ်းနေတဲ့ ချုံနွယ်တို့ကို ရှင်းလင်းပြီးလျှင်ဖြင့် ကိုလင်း၊ ကိုပိုက်တို့ရဲ့ အကူအညီယူပြီး စေတီကြီးကို ပြုပြင်မယ်၊ ဒကာကြီးလှူခဲ့တဲ့ သည်ဆင်းတုတော်ကို ဌာပနာထည့်လိုက် ပါ့မယ်'

'ကျေးဇူးတင်လိုက်တာ ရသေ့ကြီးရယ်'

'အေး… အေး… လာ… လာ… ဒကာကရင်ကြီး ကို ရသေ့ သရဏဂုံတင်ပေးလိုက်မယ်'

သို့ဆိုလျက် ရသေ့ဓမ္မပါလသည် ဖထီးတာပုကို သရဏဂုံတင်ပေးလိုက်လေပြီး လက်တွင်းရှိ ကြေးစည်လေး ကို နှောင်ဝေဝေရယ်လို့ မြည်အောင် ထုခတ်လိုက်ပြီးနောက် ပျားစွဲရွာဟောင်းရှိ စေတီပျက်ကြီးရှိရာသို့ ထွက်သွားလေတော့ သည်။

ကျွန်တော်တို့ သည်လို ရသေ့ကြီးဓမ္မပါလကို အမြင်မှ ပျောက်သွားသည်အထိ ကြည့်နေကြပြီး ထိုနေရာလေးမှ ထွက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြတော့သည်။

ဖထီတာပုတစ်ယောက် သူ ဖြစ်လိုသည့်ဆန္ဒ ပြည့်သွားလေသည့်ကြောင့် သူပြုခဲ့သော အပြစ်ဒဏ်ခံယူရန် ကျွန်တော်တို့နှင့်အတူ ရင်ကော့၍ လိုက်ပါခဲ့ချေတော့သည်။

ထိုစဉ်အချိန်မှစ၍ နှောင် ဆယ်နှစ်ခန့်အချိန်တွင် ပျားစွဲရွာကလေးနေရာတွင် ရွာတန်းလေးအသစ်တစ်ခု ဖြစ်လာချေတော့၏။ ထိုရွာလေးရှိ ပေါ်တော်မူဘုရားတွင် ဘုန်းတော်ကြီးတစ်ပါးသည် ကျောင်းထိုင်လျက်ရှိပြီး နိစ္စဓူဝဆိုသလို မနက်ကိုးခေါက်၊ ညကိုးခေါက် အရပ်ဆယ်မျက်နှာကို မေတ္တာပို့ပြီး နတ်ချစ်ဂါထာကိုလည်း ကိုးကြိမ်တိတိ ရွတ်ဖတ်လေ့ရှိချေတော့၏။

တစ်နှစ်တစ်ကြိမ်ဆိုသလို ဘုရားပွဲသည် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိချေ၏။

သို့ ဘုရားပွဲ ပြီးဆုံးသည့်ည သန်းခေါင်ယံအချိန်တွင် ထိုစေတီမှ ရသေ့ကြီးတစ်ပါးတည်း ကြေးစည်လေးကို နှောင်ဝေဝေရယ်လို့ ပြည်အောင်ထုရင်း နှုတ်မှလည်း ပရိတ်ကြီး ၁၁-သုတ်ကို ရွတ်ဖတ်ရင်း ရွာတန်းလေးကိုဖြတ်၍ လျှောက်သွားလေ့ရှိချေ၏။

ထိုသည်ကို ဘုန်းတော်ကြီးသည် ရသေ့ကြီးကို ငေးကြည့်ရင်း ကျန်ရစ်လေ့ရှိချေ၏။

www.burmeseclassic.com



နောက်တစ်နေ့နံနက်တွင် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည်လည်း ဘုန်းတော်ကြီး မိလိန္ဒာတစ်ဖြစ်လဲ မုဆိုးကြီးတာပုကို နှုတ်ဆက်၍ စေတီပရဂုဏ်မှ ထွက်ခဲ့ကြတော့သည်။

*စာဖတ်ပရိသတ်အားလေးစား ကြိုးစားလျက်...*

**ကိုပိုက်**

၁၀-၉-၂၀၀၅



www.burmeseclassic.com